www.burmeseclassic.com

THOESAUNG
Shwe Thamiee
Publishing House



BURMESE CLASSIC .com

# သိုးဆောင်း

# သူ . . . ဘယ်သူလဲ?

THE SANTS OF SUSPENSE

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ် တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


သားသား စီစဥ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၅၄၆၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၄၉၀၈၁၀

ထုတ်ဝေသူ
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ(မြဲ-၀၉၁၀)
အမှတ်၁၁၁၊ ၃၃လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃လမ်း၊ ကျောက်တံတား၊
ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၀ ခုနှစ် ၊ စက်တင်ဘာ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သိုးဆောင်း ၈၉၄.၈၃
(သူဘယ်သူလဲ) / သိုးဆောင်း။ ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၂၀၁၀
၁၉၃-စာ၊ ၁၂.၅ ၊ ၁၈.၅ စင်တီ။
(၁) သူဘယ်သူလဲ


www.burmeseclassic.com

www.burmeseclassic.com

သချာ်အသိဉာဏ်ကို ခေါင်းထဲသို့ရိုက်ထည့်ပေးသော
**ဆရာဒေါက်တာခင်မောင်ဝင်းအား ဦးညွှတ်အရိုအသေပြုပါသည်။**

# I

"ငါ့ကို နည်းနည်းလောက် ကူစဉ်းစားပေးပါဦးကွ။ ငါ ဒီမှာ ခေါင်းခြောက်နေလို့"

"ပြောလေ အစ်မ၊ ကျွန်တော်တတ်နိုင်သလောက် ကူညီပေးပါ့မယ်"

"ဒီလိုကွ . . . ငါတို့ခြံထဲမှာ သစ်ပင်ကြီးတစ်ပင်ရှိတယ်။ ကုက္ကိုပင်ကြီး။ သစ်ပင်ကြီးက ကြာလည်း ကြာပြီ။ အသက်လည်း တော်တော်ကြီးနေပြီကွ။ အခု အဲဒီသစ်ပင်ကြီးနဲ့ပတ်သက်ပြီး ငါ့တို့တစ်မိသားစုလုံး ခေါင်းခြောက်နေလို့"

"ဘာများ ဖြစ်လို့လဲ . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုကွ . . . သစ်ပင်ကြီးက ငါတို့သစ်[illegible] စည်တစ်ဝက်လောက်နဲ့ အကိုင်းအခက်တွေက ဟိုဘက်ခြံဘက်ရောက်နေတယ်။ အရင်တုန်းကတော့ ကိစ္စမရှိပေမယ့် အခု ဟိုဘက်ခြံကို လူစိမ်းတွေပြောင်းလာတယ်။ အဲဒီတော့ သစ်ပင်ကြီးနဲ့ပတ်သက်ပြီး စကားပြောရတာပေါ့ကွာ။ သစ်ပင်ဇရိယာ တော်တော်များများက သူတို့ခြံဘက်ဆောက်နေတာကိုး"

"အဲဒီတော့ . . . "

"ငါ့အဖေက အဲဒီသစ်ပင်ကြီးကို ခုတ်ပစ်ချင်နေတယ်"

"ဒါများ အစ်မရယ် ခုတ်လိုက်ပေါ့"

"အေး . . . အဲဒီခုတ်ဖို့ကို ခေါင်းစားနေတာ"

ကောင်လေး နည်းနည်းတွေဝေသွားလေသည်။ အတော်ကြာမှ . . .

"ဘာကို ခေါင်းစားနေလို့လဲ"

"ခေါင်းစားရတာပေါ့ကွ။ သစ်ပင်ကြီးက အကြီးကြီး။ တော်တော်လည်းမြင့်တယ်။ ခုတ်မယ်ဆိုရင် အစ်မတို့ခြံထဲကိုပဲ ခုတ်ချရမှာလေ။ ဟိုဘက်ခြံထဲကိုလည်း ကျလို့မဖြစ်ဘူး။ အိမ်ရှေ့လမ်းမပေါ်ကိုလည်းကျလို့ မဖြစ်ဘူး"

"အဲဒီတော့ . . ."

"အစ်မတို့အိမ်က သစ်ပင်ကြီးရှိတဲ့ဘက်ကိုခွာပြီး တစ်ဖက်ကိုကပ်ဆောက်ထားတာဆိုပေမဲ့ သစ်ပင်ကြီးကမြင့်တော့ ခုတ်လိုက်ရင် အိမ်နဲ့လွတ်မလွတ် စိုးရိမ်နေတယ်။ သစ်ပင်အမြင့်ကို တက်တိုင်းကြည့်ဖို့ကလည်း မဖြစ်နိုင်ဘူးလေ။ အဲဒါ အစ်မတို့ တစ်အိမ်သားလုံး အိမ်နဲ့မလွတ်ပဲ အိမ်ပေါ်ကျမှာစိုးရိမ်နေလို့။ မင်းကူညီလို့ရရင် ကူညီပေးပါဦး။ မင်းတို့ဆိုင်ကလူတွေက ဒါမျိုးဆို တွေးတတ်တယ်လေ"

သူမစကားကြောင့် ကောင်လေး အချိန်အတော်ကြာ စဉ်းစားသွားသည်။ အတော်ကြီးကြာတော့မှ . . . ၊



"ဒါဆို အစ်မ[illegible]လိုချင်တဲ့အချက်က သစ်ပင်ခုတ်ရင် အိမ်နဲ့လွတ်မလွတ်ဆိုတဲ့အချက်ကို သိချင်တာပေါ့"

"ဟုတ်တယ်"

"ဒါဆိုရင်တော့ အစ်မ အချက်နှစ်ချက်ကို သိမှဖြစ်လိမ့်မယ်။ သစ်ပင်ရဲ့အမြင့်နဲ့၊ သစ်ပင်နဲ့အိမ် အကွာအဝေး။ သစ်ပင်ရဲ့အမြင့်က သစ်ပင်နဲ့အိမ်အကွာအဝေးထက်ငယ်နေရင် အစ်မတို့ လွတ်လွတ်လပ်လပ်လှဲလို့ရပြီလေ"

"ဟုတ်ပြီ . . . အစ်မလည်း အဲဒါကိုတော့ စဉ်းစားမိတယ်။ ဒါပေမဲ့ သစ်ပင်နဲ့အိမ်အကွာအဝေးက တိုင်းလို့လွယ်ပေမဲ့ သစ်ပင်ရဲ့ အမြင့်က တိုင်းဖို့ခက်နေတယ်"

"အင်း . . . အဲဒါလည်း သိပ်မခက်ပါဘူး အစ်မ။ ကျွန်တော်တို့ဆိုင်စဆောက်တုန်းကလည်း အစ်မတို့လိုအဖြစ်မျိုး တစ်ခါကြုံဖူးတယ်။ သစ်ပင်အမြင့်ကိုတိုင်းဖို့က သိပ်မခက်ပါဘူး။ လွယ်လွယ်လေးပါ။ လွယ်လွန်လို့လည်း ကျွန်တော် ခုထိ မှတ်မိနေတာ"

"ဟုတ်လား . . . ပြောစမ်းပါဦး"

မိန်းကလေးဘက်မှ စိတ်ဝင်စားသံမှာ အထင်းသားပေါ်သွားသည်။

"ဒီလိုဗျ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ လောက်က ဂျီသြမေတြီပညာရှင် 'သေးလိ' ရဲ့ ပိရမစ်အမြင့်ရှာတဲ့ ပုံသေနည်းတစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်၏အရပ်နှင့် ကျွန်တော်၏အရိပ်တူညီသည့်အချိန်တွင် ပိရမစ်၏အရိပ်သည်လည်း ပိရမစ်၏အမြင့်နှင့် တူညီလိမ့်မည်တဲ့။ ဒါပေမဲ့ အဲလို အရိပ်နှစ်ခုတူညီဖို့အတွက်က နေရဲ့အမြင့်ဟာ ၄၅° တိမ်းစောင်းနေမှဖြစ်မှာ။ အဲဒီနည်းကို ကျွန်တော်တို့အသုံးပြုခဲ့တာ။ ဒါပေမဲ့ နေရဲ့အမြင့်ကို ၄၅° မြင့်အောင်ထိ မစောင့်နိုင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သစ်ပင်လှဲဖို့အချိန်ကို အတိအကျ ပေဒင်ဆရာဆီမေးခဲ့တာကိုး"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတော့ မင်းတို့ ဘယ်လိုဆက်လုပ်မလဲ"

"လွယ်လွယ်လေးလေ အစ်မရဲ့။ ကျွန်တော်တို့အရိပ်ဟာ ကျွန်တော်တို့အရပ်ထက် နှစ်ဆ (သို့) သုံးဆရှိနေရင် အဲဒီအချိန်မှာပဲ သစ်ပင်ရဲ့အရိပ်ဟာ သစ်ပင်ရဲ့အမြင့်ထက် နှစ်ဆ (သို့) သုံးဆရှိနေမှာပေါ့။ ကျွန်တော်တို့ အဲဒီနည်းနဲ့ သစ်ပင်ရဲ့အမြင့်ကိုရှာပြီး အချိန်မီခုတ်လှဲနိုင်ခဲ့တာ။ တကယ်တမ်းကျတော့ သစ်ပင်ရဲ့အမြင့်ဟာ ဆိုင်နဲ့သစ်ပင်အကွာအဝေးထက် ၅ ပေလောက်နိမ့်နေတယ်။ အစ်မလည်း အဲဒီနည်းကို သုံးကြည့်ပေါ့"

တစ်ဖက်မှအသံ တိတ်သွားလေသည်။ လက်ခံသွားတာလား စဉ်းစားသွားတာလားမသိ။ ဒါပေမဲ့ တစ်အောင့်ကြာတော့ . . .

"အေးကွာ . . . ကျေးဇူးပဲ။ အစ်မ အဲဒီနည်းကိုသုံးကြည့်လိုက်မယ်။ ဒါနဲ့ မင်းတို့သစ်ပင်ခုတ်တုန်းက ဒီနည်းကို ဘယ်သူအရင်စဉ်းစားမိတာလဲ"

သူမစကားကြောင့် တစ်ဖက်မှကောင်လေး ခပ်ဟဟရယ်သည်။ ပြီးတော့ . . .

"အစ်မကလည်း သိရဲ့သားနဲ့ ဘယ်သူရှိရမှာလဲ . . . အဟင်း . . . ဟင်း"

"ဩော် . . . "

စကားသံတို့ ပြတ်တောက်သွားလေသည်။

နောက် နှစ်ဖက်စလုံး ဖုန်းချသွားတော့သည်။



## II

နှင်းမှုန်ဖွေးဖွေးတို့က ဝေသီမှုန်ဝါးစွာ ခပ်ကျဲကျဲကျနေသည်။ ဆောင်းလေအေးအေး၏ ဆော့ကစားမှုကြောင့် နှင်းမှုန်တို့မှာ ယိမ်းထိုးလှုပ်ရှားနေကြသည်။

ဆောင်းမနက်ခင်းတစ်ခုနှင့်လျော်ညီစွာ လမ်းမပေါ်တွင် လမ်းလျှောက်သူ၊ ပြေးသူ၊ စက်ဘီးစီးသူများနှင့် စည်ကားနေသည်။

သူရပ်၍ လက်မှနာရီကို ကြည့်လိုက်၏။ စောနေသေးသည်။ ထို့ကြောင့် ဆယ့်ငါးမိနစ်လောက်ဆက်ပြေးကာ ပြန်လှည့်လာခဲ့လိုက်၏။ သူတို့၏လမ်းထိပ်ရောက်တော့ ရပ်ကာ အမောဖြေမိသည်။

မြို့ပြတစ်ခုနှင့်လျော်ညီစွာ ဒီအချိန် ဘယ်သူမျှအိပ်ရာမထသေး။ ထို့ကြောင့် သူတို့အိမ်ရာလမ်းထဲတွင် ရှင်းနေသည်။ ဒါပေမဲ့ ဝီရိယရှိရှိ နိုးကြားနေသော ပုဂ္ဂိုလ်အချို့ကိုတော့ တွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဟိုတစ်ကောင် ဒီတစ်ကောင်နှင့် သူပတ်ကြည့်မိတော့ လေး၊ ငါးကောင်လောက်တွေ့ရသည်။ ထိုစဉ်မှာပင် သတိတစ်ချက်ရလိုက်ကာ အနီးအနားမှ ခဲလုံးကိုကောက်၍ အနီးဆုံးတစ်ကောင်ကို ပစ်လိုက်သည်။

မထိ။ ဘေးချော်သွားသည်။ သို့သော် . . .

"ကိန် . . . ကိန် . . . "

ဟု မပီမသအော်ကာ ထွက်ပြေးသွားသည်။ သူမကျေနပ်။ ထို့ကြောင့် ခဲတစ်လုံးထပ်ကောက်ကာ ခပ်လှမ်းလှမ်းမှတစ်ကောင်ကို ပစ်လိုက်ပြန်၏။

ဒီတစ်ခါတွင်လည်း . . .

"ဝုတ် . . . ဝုတ် . . . ဝုတ်"

မထိပဲ အာပြုပြုနေသည်ကြောင့် နောက်တစ်လုံး ထပ်ပစ်ပေးလိုက်သည်။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ခပ်ဝေးဝေး ပြေးထွက်သွားသည်။

နောက်တစ်ခါ ခဲလုံးကုန်အကောက်မှာပင် . . .

"ဂီး . . . ဂီး . . . "

ကျန်ပုဂ္ဂိုလ်များက ဒေါ်နီးလာပေပြီ။ အကုန်လုံး အသင့်အနေအထားရပ်ရင်း မျက်လုံးပြူး၍ သူ့ကိုကြည့်ကာနေသည်။ သူ ဆက်မပေါက်ရဲတော့ လက်ထဲမှခဲကိုပစ်ချရင်း ခပ်မြန်မြန် လှည့်ထွက်ခဲ့လိုက်တော့သည်။ သူ၏စမ်းသပ်မှု မအောင်မြင်ခဲ့ပါ။

ဒါပေမဲ့ . . .

အိမ်နားအရောက်မှာပင် ဓာတ်တိုင်အောက်၌ ပျင်းကြောထုကာ ခွေနေသောခွေးတစ်ကောင်ကို ထပ်တွေ့ရသည်။ ဒီတစ်ခါတော့ သေချာပေပြီ။ မထိရန် အကြောင်းမရှိတော့။

ချက်ချင်းပင် လမ်းဘေးမှခဲတစ်လုံးကိုကောက်ကာ သေချာချိန်တွယ်၍ ပစ်ထည့်လိုက်တော့ . . .



"ဘုန်း"

"ဂိန် . . . ဂိန် . . . ဂိန်"

အရမ်းကာရော ထပြေးသွားလေတော့သည်။ ဘလိုင်းကြီး ညှင်းဆဲလိုက်ခြင်းအတွက် စိတ်မကောင်းတော့ဖြစ်မိသည်။ ဒါပေမဲ့ . . .

ခွင့်လွှတ်ပါကွယ်။

သူခေါင်းယမ်း၍ အိမ်ဆီပဲ လျှောက်လာခဲ့လိုက်တော့သည်။ ခြံရောက်တော့ ဈေးသွားဝိရိယကောင်းသောမေမေနှင့် တိုးသည်။

မေမေက သူ့ကို မသိမသာ အကဲခတ်ရင်း . . .

"တတိုက်ကလာတဲ့စာ ရောက်နေပြီ။ သတင်းစာနဲ့ရောပေးသွားတာ။ ဧည့်ခန်းထဲကစားပွဲမှာ တင်ထားတယ်"

မေမေ့စကားကြောင့် ရင်တစ်ချက်ခုန်သွားကာ နာရီပင့်ကြည့်မိတော့ . . . ဟုတ်ပေသားပဲ၊ ဒီနေ့ ငါ့မွေးရက် အင်္ဂါနေ့ရောက်ပြီပဲ။

သူ စိတ်လှုပ်ရှားစွာ အိမ်ထဲသို့ဝင်ခဲ့လိုက်သည်။ ပြီးတော့ စားပွဲပေါ်မှစာကို ရင်ခုန်စွာဖောက်ကြည့်ရင်း . . .

တစ်ခဏတာ ငြိမ်သက်တိတ်ဆိတ်သွားပါ၏။ ပြီး စာအိတ်လေးကို ရင်ဘတ်ပေါ် တယုတယတင်ထားမိသည်။

သူ့ရင်တွေခုန်နေသည်။ စိတ်တွေ မတရား သိမ့်မွေ့လှုပ်ရှားနေသည်။ စာအိတ်လေးကတော့ သူ့ရင်ခုန်သံကို အနီးကပ်နားထောင်နေသည် ထင်ပါ၏။

ပြီးတော့ သူ့စိတ်ထဲ စကားတချို့ပြောဖြစ်သည်။

"စာအိတ်လေးရေ . . . မင်းပိုင်ရှင်လည်းမင်းလို ငါ့ရင်ခုန်သံကို လာနားထောင်ပေးရင် သိပ်ကောင်းမှာပဲနော် . . .

တွေ့ရင်ပြောလိုက်ပါကွာ။ ငါ ရင်ခုန်နေပါပြီလို့ . . . "



www.burmeseclassic.com

www.burmeseclassic.com

ချစ်ကြိုက်၊ လွမ်းဆွေး၊ အပူ၊ အအေး
အကုန်ရသည့် ဆိုင်လေးတစ်ဆိုင်ရှိလေသည်။



ဆိုင်နာမည်လေးက "Thinking"
လွယ်လွယ်ခေါ်ရရင်တော့ အတွေးအခေါ် ဆိုင်လေးပေါ့။
အတွေးအခေါ်ဆိုင်ဆို၍ အတွေးအခေါ် ရောင်းစားသောဆိုင်ဟု
မထင်လိုက်ပါနှင့် . . .
သာမန် Cafe & Snacks Bar ဆိုင်လေးဖြစ်ပါသည်။
မြို့ပြကိုမှီ၍ မှိုလိုပေါက်လောက်အောင် ပေါ်များလှသော
အလားတူဆိုင်များထဲမှ ဆိုင်လေးတစ်ဆိုင်ပါ။
ဒါပေမဲ့ ထို "Thinking" ဆိုင်လေးက အများနှင့်မတူပဲ
တစ်မူထူးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပတ်ဝန်းကျင် အခြေအနေ

ဆိုင်နေရာ အခင်းအကျင်းလေးက လမ်းဆုံလမ်းခွကျသည်။ စီးပွားရေးလုပ်လို့ကောင်းသည်။

ညာဘက်ခပ်လှမ်းလှမ်းတွင် "Kiss"အမည်ရှိသော Mini Market တစ်ခုရှိ၍ ဘယ်ဘက်ခပ်လှမ်းလှမ်းတွင် 'ခွတ်ကြီးပဲ' အမည်ရှိသော တည်းခိုခန်းတစ်ခုရှိလေသည်။

ပြီးတော့ မျက်စောင်းထိုးတွင် 'ဘာလာလာဒါပဲ' အမည်ရှိ အမျိုးသားသီးသန့် "Beauty Saloon" တစ်ခုနှင့်

ရှေ့တည့်တည့်တွင်ကား "Triangle"အမည်ရှိသော အထူးကုဆေးခန်းတစ်ခု ရှိလေသည်။

ကဲ . . . ဘယ်လောက် စီးပွားရေးလုပ်လို့ကောင်းသနည်း။



## ဆွဲဆောင်မှု

ဆိုင်နေရာအခင်းအကျင်း ကောင်းရုံတင်မဟုတ်၊ ထိုဆိုင်မှ Customers ဆွဲဆောင်ပုံလေးက အများတကာထက်ထူးသည်။

အခြားဆိုင်တို့မှာများသောအားဖြင့် အစားအသောက် quality, ဝန်ဆောင်မှုကောင်းကောင်း၊ ဈေးနှုန်းချိုသာမှုတို့နှင့် Customers ကို ဆွဲဆောင်ကြသလောက် "Thinking" ဆိုသောဆိုင်ကလေးမှာတော့ ထိုအရာတို့အပြင် ရင်ခုန်စရာကောင်းသော နောက်ထပ်ဆွဲဆောင်မှုတစ်ခု ရှိသေးသည်။

အဲဒါက ဒီလိုပါ . . .

ဆိုင်တွင်းရှိခင်းကျင်းထားသော စားပွဲတိုင်းပေါ်တွင် လက်တစ်ဝါးသာသာရှိသော စာရွက်ဖြူတစ်ထပ်ထည့်ထားသော ခြင်းတစ်လုံး၊ ဆော့ပင် (သို့) ဘောပင်ထိုးစိုက်ထားသော ရှည်မျော်မျော်ပန်းအိုးလှလှလေးတစ်လုံးနှင့် အတော်အသင့်ကျယ်ဝန်း၍ လှပအောင် တန်ဆာဆင်ထားသော စာတိုက်ပုံး (သို့) မဲပုံးတစ်ခုဆီတို့ ရှိကြသည်။

အဲဒါက ထို "Thinking" ဆိုင်လေးကို လူဝင်များစေသော၊ ရောင်းကောင်းစေသော၊ ကောင်းသတင်းထွက်စေသော အဓိကအကြောင်းရင်းတစ်ချက်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြုလုပ်ပုံ အဆင့်ဆင့်

လာရောက်စားသောက် အပန်းဖြေသူအားလုံးတို့သည် ထိုဆိုင်နှင့်ပတ်သက်သော မကျေနပ်ချက်ကိုဖြစ်စေ၊ အကြံပေးချက်ကိုဖြစ်စေ၊ စားပွဲပေါ်တွင်ရှိသော စာရွက်ခြင်းထဲမှ စာရွက်ကိုနှိုက်၍ ပန်းအိုးထဲမှ ဆော့ပင် (သို့) ဘောပင်ကိုထုတ်ကာ ရေးသားနိုင်သည်။ ပြီးတော့ စာတိုက်ပုံးထဲသို့ တံဆိပ်ခေါင်းဖိုးပေးစရာမလိုပဲ ထည့်နိုင်သည်။ ဒါက တစ်ပိုင်း။

ဒါပေမဲ့ စားပွဲပေါ်တွင် စာရွက်၊ ဘောပင်နှင့် စာတိုက်ပုံး (သို့) မဲပုံးထားပေးခြင်းသည် အထက်ပါအကြောင်းအရာကို အဓိကရည်ညွှန်းလိုခြင်းမဟုတ်ပေ။ အဓိက ရည်ညွှန်းလိုသည်က . . .

မည်သည့်စားသုံးသူမဆို မိမိကိုယ်ပိုင်အတွေးအခေါ်၊ ဒဿန၊ တွေ့ရှိချက် (သို့) ရှိဖူး၊ ကျော်ကြားဖူးသော ကမ္ဘာကျော်အဆိုအမိန့်တစ်ခုခုကို မိမိ၏နာမည်လိပ်စာနှင့်တကွ စာရွက်တွင်ချရေးကာ မဲပုံးထဲသို့ ထည့်စေလိုခြင်းဖြစ်သည်။

ဆိုင်နာမည် "Thinking" ဆိုသော ဝေါဟာရသည် အထက်ပါအကြောင်းအရာကို ကိုယ်စားပြုထားခြင်းဖြစ်သည်။

* * *



## "Thinking" ၏ ဝန်ဆောင်မှု

ထိုအတွေးအခေါ် အဆိုအမိန့်စာရွက်များကို နံပါတ်စဉ်တပ်ကာ လတစ်လ၏ နောက်ဆုံးနေ့တိုင်း စာရွက်ပါလိပ်စာအတိုင်း ပိုင်ရှင်များကိုဖိတ်ကြား၍ မဲဖောက်ပေးသည်။

မဲပေါက်သောသူသည် ပထမလ၏ အတွေးအခေါ်ပိုင်ရှင်ဖြစ်ပြီး သူကိုယ်တိုင်ပင် မဲနှိုက်ကာ နောက်တစ်လ၏ အတွေးအခေါ်ပိုင်ရှင်ကို ရွေးထုတ်ပေးသည်။ (လွှဲပေးသည်)

မဲပေါက်သော အတွေးအခေါ်ကို ဆိုင်၏ အဓိကလူစိတ်ဝင်စားသောနေရာတွင် ရှိသည်။ Thinking boardမှာ တစ်လတိတိ (နောက်တစ်ကြိမ်မဲမဖောက်ခင်အချိန်ထိ) တင်ထားပေးသည်။ ထိုနေ့၌ပင် မဲပေါက်သော အတွေးအခေါ်ရှင်ကို ဆုပေးသည်။

ဆုပေးသည်ဆိုရာ၌လည်း ဆိုင်မှ တစ်လတာ Thinkingboard ပိုင်ရှင်ကို ဆုအဖြစ်ပေးသည့်လက်ဆောင်အား မူလ Thinkingboard ပိုင်ရှင်မှပင် ဆိုင်ကိုယ်စားပေးအပ်ရခြင်း ဖြစ်ပေသည်။

ထို Thinkingboard ပိုင်ရှင်များအားလုံးကို Thinking family ဝင်အဖြစ်သတ်မှတ်ကာ နှစ်ကုန်တိုင်းနှစ်ကုန်တိုင်း ဆိုင်မှ ဘုရားဖူး (သို့) အပန်းဖြေခရီး ပို့ဆောင်ပေးလေသည်။

ဒါက "Thinking" ၏ ဝန်ဆောင်မှု။

* * *



www.burmeseclassic.com

www.burmeseclassic.com

## Thinking's Owners

"Thinking" ဆိုင်လေးကို သူငယ်ချင်းယောကျ်ားလေးနှစ်ယောက်ပေါင်းစုကာ ဖွင့်ထားခြင်းဖြစ်ပေသည်။ စီးပွားရေးအရမဟုတ်၊ ဝါသနာသက်သက်သာ။

ဒါပေမဲ့ သူတို့နှစ်ယောက်ဆိုင်ကို တာဝန်ယူပုံလေးက ဆန်းသည်။ ဆိုင်ရှိ ဝန်ထမ်းအားလုံးသည် တစ်လလျှင်တစ်ယောက် ဆိုင်တာဝန်ခံရာထူးကိုယူ၍ အလှည့်ကျ ကောင်တာထိုင်ရမည်။

ဒါ သူတို့နှစ်ယောက်ထားသော စည်းကမ်း။

ထိုအပေါ်တွင်မှ သူတို့နှစ်ယောက်က ဆိုင်၏ စာရင်းဇယား၊ ငွေကြေးမှစလို့ ကိစ္စအဝဝအားလုံးတို့အား တစ်ယောက်တစ်လစီတာဝန်ယူသည်။ ယခု တာဝန်ယူထားသောတစ်ယောက်သည် လကုန်၍ မဲဖောက်ပေးရမည့်နေ့တွင်ပင် ဆိုင်နှင့်ပတ်သက်သော ကိစ္စအားလုံးကို နောက်တစ်ယောက်ထံ လွှဲပေးသည်။ ထိုအချိန်မှစ၍ ဆိုင်တာဝန်အားလုံးသည် ပထမတစ်ယောက်နှင့်မဆိုင်တော့ လွှဲယူသူ ဒုတိယတစ်ယောက်နှင့်သာ ဆိုင်သွားပေသည်။

ဒါက ဆိုင်ပိုင်ရှင် သူငယ်ချင်းနှစ်ယောက်၏ ခပ်ဆန်းဆန်းစိတ်ကူး။ သူတို့နှစ်ယောက်နာမည်က . . .

မိုး နှင့် ဆောင်း



## ( 11 : 00 ) A M

"Thinking" ဆိုသော ဆိုင်လေး၏ မလှမ်းမကမ်းနေရာတွင် ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ရည်းစားစကား လိုက်ပြောနေသည်။

ကောင်မလေးပုံစံက လန်းသည်။ ဆန်းသည်။ ရွှေအိုရောင်ဆံပင်ပျော့ပျော့နှင့် ဝင်းမွတ်သောမျက်နှာက ဥရောပဆန်ဆန် ကျက်သရေရှိနေသည်။ ကောင်လေးပုံစံက လုံးဝဂေါ်လီ။ ဂေါ်လီအကြီးစားတော့မဟုတ်။ ဝတ်ပုံစားပုံ၊ သွားပုံလာပုံ စတိုင်ကျသော ဂေါ်လီအသေးစား

မြင်သူတိုင်းကတော့ လိုက်ဖက်သောမြင်ကွင်းတစ်ခုဟု ယူဆကြပေမည်။ ဒါပေမဲ့ ကာယကံရှင်နှစ်ယောက်က ထင်သလိုမဟုတ်။ သူတို့နှစ်ယောက်ကြားမှာ မီးတောက်သေးသေးတစ်ခု လောင်မြိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးမျက်နှာမှာ ဒေါသကြောင့်လား၊ စိတ်ဆိုးမှုကြောင့်လားမသိ အနည်းငယ် တင်းစေ့ပြတ်သားနေသလောက် ကောင်လေးကတော့ အောက်ကျို့အသနားခံသည့်အရိပ်တွေ ပေါ်နေပါ၏။

လျှောက်လာကြရင်း မီးတောက်မှာ ကြီးလာသည့်သဘောရှိသည်။ သဘောထားမတူသောစကားသံတွေက ပုံမှန်ထက် ကျယ်ကာလာသည်။

ဒီလိုနှင့် "Thinking" ဆိုင်ရှေ့သို့အရောက်တွင် ကောင်လေးမှာ ဘာစိတ်ကူးပေါက်သွားသည်မသိ။ ဆိုင်ထဲသို့ တစ်ချက်ကြည့်ကာ ကောင်မလေးလက်အားဆွဲ၍ စကားပြောတော့သည်။ ဒီမှာတင် ဇာတ်လမ်းက စပါတော့၏။

• • •

“ငါ နင့်ကိုအရမ်းချစ်တယ် ‘ဆေတန်’ရာ။ ငါ့စကားကို ဒုတိယအကြိမ် ထပ်လက်ခံပေးပါ”

ကောင်လေး၏ အဆင့်ကျော်သွားသော အပြုအမူကြောင့် ကောင်မလေးကလက်ကို အတင်းဆောင့်ရုန်းသည်။ ကောင်လေးကလည်း မလွှတ်တမ်းကိုင်ထားသည်မို့ ရုန်းရင်းဆန်ခတ် အနည်းငယ်ဖြစ်သွားရာ ဆိုင်ထဲမှလူအများစုမှာ ခေါင်းတွေထောင်ကုန်ပါ၏။

ထိုစဉ်မှာပင် ကောင်မလေးက ရှက်ဒေါသသံကျယ်ကျယ်ဖြင့် ကောင်လေး လုံးဝမမျှော်လင့်မထားသောစကားကို ပြောချလိုက်လေသည်။

“နင် ဘောလုံးပွဲကြည့်ဖူးလား”

“ဟင် . . . အင် . . . ကြည့် . . . ကြည့်ဖူးပါတယ်”

“ဒါဆို လူကျွံသွားရင် ဒိုင်လူကြီးက ဘာလုပ်လဲ”

“ကျွံသွားတဲ့အသင်းကို အပြစ်ပေးတာပေါ့”

“အခု နင်က လူကျွံရုံတင်မကဘူး . . . စကားပါကျွံလာတယ်။ အဲဒီတော့ ဘာလုပ်သင့်လဲ”



“[illegible] . . . ဘာလုပ်ရမှာလဲ”

ကောင်လေး၏ တအံ့တသြအမေးကြောင့် ကောင်မလေးမှာ မထိတရိပြုံးပန်းပွင့်သွားလေသည်။ ပြီးတော့ . . .

“ဘာလုပ်ရမလဲဆိုတော့ အပြစ်ပေးရမှာပေါ့။ ဒါပေမဲ့ ဘောလုံးပွဲမှာလိုတော့ ငါခြေထောက်နဲ့ မကန်တတ်ဘူး။ လက်နဲ့ပဲ ကန်တတ်တယ်”

မကြာပါ။

‘ဖြန်း’ ဟူသောအသံမှာ အနီးအနားမှ ‘ဒို’ တွေ ထပျံပြေးသွားသည်အထိ အရှိန်အဟုန်ပြင်းသွားလေသည်။

နောက် ကောင်မလေးမှာ မည်သူ့ကိုမျှ တစ်ချက်လှည့်မကြည့်ပဲ သူမဦးတည်ရာသို့ ဆက်လက်လျှောက်လှမ်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

**15 minutes earlier**

**( 10 : 45 ) AM**

"Thinking" ဆိုင်ထဲတွင် ဖြစ်သည်။

စားပွဲဝိုင်းတစ်ဝိုင်း၌ ယောကျ်ားလေးနှစ်ယောက်နှင့် မိန်းကလေးနှစ်ယောက် ထိုင်နေကြသည်။

"ဟော့ကောင် . . . သေချာတယ်နော်"

"သေချာပါတယ်ကွာ . . . စိတ်ချ။ ဆေတန် ဒီလမ်းကလာမှာ။ သူဒီအချိန်ဆို ငါ့ဆိုင်ရှေ့က ဖြတ်သွားနေကျ"

ထိုစကားကြောင့် မေးသူကောင်လေးမှာ စိတ်လှုပ်ရှားပုံပေါက်သွားကာ လက်ဝါးချင်းပွတ်သည်။



"အဲဒါဆိုရင်တော့ ငါတစ်ခါတည်း အဖြေတောင်းတော့မယ်ကွာ။ ဆေတန် ငါ့ကို အရှုံးကွက်နင်းနေတာကြာပြီ။ ဒီနေ့တော့ ဖြစ်ချင်ရာဖြစ် လက်ဆွဲပြီးအဖြေတောင်းသင့်ရင်လည်း တောင်းရမယ်"

"ဟဲ့ . . . ဖြစ်ပါ့မလား"

ကောင်မလေးတစ်ယောက်က စိုးရိမ်သလို မေးသည်။

"ဖြစ်ပါတယ်ဟာ။ ဒီလောက်တော့ စွန့်စားရမှာပေါ့"

ထိုစကားကို မည်သူမျှ ဆက်မထောက်ပေးပါ။ သို့သော် တစ်ယောက်က . . .

"ဟော့ကောင် . . . ကြည့်လည်းလုပ်ဦးနော်။ ဒီနေ့ မင်း Thinkingboard လွှဲပေးရမှာ။ (၁၂) နာရီထိုးဆိုစပြီ။ အခုတောင် လူတွေတော်တော်ရောက်လာပြီ။ တော်ကြာ လူတွေအများကြီးရှေ့မှာ အရှက်ကွဲနေဦးမယ်"

စိုးရိမ်တကြီးပြောသော သူငယ်ချင်းယောကျ်ားလေး၏စကားကြောင့် သူပြုံးလိုက်ကာ လေသံအေးအေးဖြင့် . . .

"မိန်းကလေးတွေမှာ နှစ်မျိုးရှိတယ်ကွ။ အဲဒါ မင်းတို့သိလား"

သူ့စကားကြောင့် ယောကျ်ားလေးတစ်ယောက်မှာ ခေါင်းယမ်း၍ မိန်းကလေးနှစ်ယောက်မှာ စိတ်ဝင်စားဟန်ပြသည်။

"ပထမတစ်မျိုးက ရှေးကျပြီး ဒုတိယတစ်မျိုးက ခေတ်ဆန်တယ်။ ပထမမိန်းကလေးမျိုးက ခေတ်နဲ့ညီအောင် ပြောဆိုနေထိုင်တတ်ကြပေမဲ့ သူတို့ရဲ့အငုပ်စိတ်မှာ ရှေးအယူတွေမှီခိုတတ်တယ်။ ဆိုလိုတာက အရှက် အကြောက်ကြီးတယ်ပေါ့ကွာ။ သူတစ်ပါးကို မှီခိုတတ်တယ်။ လူများ တဲ့နေရာ၊ လူရှုပ်တဲ့နေရာမျိုးဆို မသွားရဲ၊ မလာရဲဘူး။ အဲလို နေရာမျိုးမှာ သူတို့က ဣန္ဒြေကို အတတ်နိုင်ဆုံးထိန်းတယ်။

ဒုတိယတစ်မျိုးကျတော့ အစစအရာရာ ပထမတစ်မျိုးနဲ့ ဆန့်ကျင်ဘက်ပေါ့ကွာ။ ပွင့်လင်းတယ်၊ ရဲတင်းတယ်၊ လူမကြောက်ဘူး။ အသွားသဖြင့် ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်းနိုင်တယ်။ အဲဒီတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com

တို့အမြင်မှာ ဆေတန်က ဘယ်လိုမိန်းကလေးမျိုး ဖြစ်မယ်ထင်လဲ”

သူ့စကားကို အကုန်လုံး ခေါင်းယမ်းကြသည်။ ပြီး တစ်ယောက်က . . .

“အပြင်အဆင် အနေအထိုင်တွေအားလုံးကတော့ ဒီဘက်ခေတ်ကလို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ သူ့ရဲ့စိတ်ကိုတော့ ငါမခန့်မှန်းတတ်ဘူး။ သူတို့ကို မေးကြည့် သူတို့က မိန်းကလေးချင်းဆိုတော့ ပိုသိမှာပေါ့”

ထိုစကားကြောင့် ကောင်မလေးနှစ်ယောက်မှာ ပျာပျာသလဲပင် ခေါင်းယမ်းကြရင်း . . .

“အာ . . . ငါတို့လည်း မခန့်မှန်းတတ်ဘူး။ ဆေတန်က ခန့်မှန်းရခက်တယ်ဆိုတာ နင်တို့လည်း သိသားနဲ့”

နောက် ကောင်မလေးတစ်ယောက်က . . .

“ဒါနဲ့နေပါဦး . . . နင်က အဲဒါတွေသိပြီး ဘာလုပ်ဖို့လဲ”

“ငါခုနပြောပြီးသားပဲဟာ။ ဒီလိုလူရှုပ်တဲ့ ဆိုင်ရှေ့တည့်တည့်မှာ လက်ဆွဲပြီးအဖြေတောင်းရင် ဘယ်လိုတုံ့ပြန်မလဲသိချင်လို့။ ဆိုလိုတာက ပထမ မိန်းကလေးလား၊ ဒုတိယ မိန်းကလေးလားပေါ့”

ထိုစကားကြောင့် အကုန်လုံး သက်ပြင်းချသံတွေကို ကြားရသည်။ တစ်အောင့်ကြာတော့ အဖြေတောင်းမည့်ကောင်လေးက . . .

“Thinkingboard မှာတင်ထားတဲ့ ငါ့ရဲ့ ဒုတိယ ဒဿနဖွင့်ဆိုချက်အတိုင်းတော့ မဖြစ်လောက်ပါဘူးနော်”

“ဘာလဲ . . . မုန်းရင်လည်း သူ့ကိုရိုက်တယ်ဆိုတဲ့စကားလား”

“အေး”

“ပထမဖွင့်ဆိုချက်အတိုင်းပဲ ဖြစ်ပါစေလို့ ဆုတောင်းပေါ့ကွာ”

ထို့နောက်မှာတော့ သူတို့တွေအားလုံး ဒုတိယမ္ဘ တိတ်ဆိတ်သွားကြလေတော့သည်။

သိပ်မကြာလိုက်ပါ။ ထိုင်နေသောမိန်းကလေးတစ်ယောက်က–



“. . . အဲဒါဆို ငါတို့သွားတော့မယ်။ ငါတို့ကို ဆေတန်တွေ့သွားရင်မကောင်းဘူး”

“ဟုတ်တယ် . . . ငါလည်း သွားတော့မယ်ကွာ”

နောက်ထိုင်နေသော စားပွဲဝိုင်းဆီမှ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ထထွက်သွားလေသည်။ စားပွဲဝိုင်းတွင်တော့ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်သာ ကျန်ခဲ့ပါ၏။

တစ်အောင့်ကြာတော့ . . .

“ဟိုမှာ ဆေတန်လာပြီ”

ကောင်မလေး၏စကားသံကြောင့် ထိုကောင်လေးမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ပြီးတော့ ညွှန်ပြရာဆီသို့ကြည့်သည်။ ကောင်လေးမျက်နှာမှာ ရင်ခုန်ရိပ်သို့ ကြီးစိုးသွားပြီးသည့်နောက် . . .

“ငါလစ်တော့မယ်ဟာ။ နင်လည်း အတွင်းဝိုင်းကိုရွှေ့တော့”

“အေး”

မကြာလောက်သော အချိန်တစ်ခုမှာပင် . . .

• • •

“ဆေတန် . . ငါပြောထားတဲ့စကားကို စဉ်းစားပြီးသွားပြီလား”

“. . . . .”

“ဆေတန် . . . ငါ နင့်ကို တကယ်ချစ်တာပါကွာ”

“. . . . .”

“ဆေတန် . . . ”

“ဆေတန် . . . ”

စိတ်မရှည်တော့၍ ထင်သည်။ ဆေတန်ဆိုသောကောင်မလေးက ကောင်လေးကို သေချာကြည့်သည်။ ပြီးတော့ တိကျပြတ်သားသောလေသံဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"နင့်ကိုငါ ဘယ်နှစ်ခါပြောရမလဲ။ ငါနင့်ကို သူငယ်ချင်းထက် မပိုနိုင်ပါဘူးလို့။ အခုလောက်သည်းခံနေတာတောင် ငယ်ငယ်ကတည်းက ခင်လာတဲ့သံယောဇဉ်ကြောင့်မို့လို့ဆိုတာ နင်နားလည်လား"

ကောင်မလေးစကားကြောင့် ကောင်လေးမှာ အနည်းငယ်အမ်းသွားသည်။ ဒါပေမဲ့ . . .

"ဆေတန် . . . နင်စကားကို ဖော့မပစ်နဲ့။ ငါ နင့်ကိုချစ်တယ်လို့ပြောတာ။ နင်ပြောရမဲ့အပိုင်းက ချစ်တယ် မချစ်ဘူးပဲ။ သူငယ်ချင်းထက်ပိုတာတွေ၊ မပိုတာတွေ ငါနဲ့မဆိုင်ဘူး။ ငါသိချင်တာ ချစ်တယ် မချစ်ဘူး . . . Yes or No."

ကောင်လေးစကားကြောင့် ကောင်မလေးမှာ နှုတ်ခမ်းကိုကိုက်ရင်း၊ ခြေကိုဆောင့်ကာ လျှောက်သွားသည်။ ကောင်လေးကလည်း ပျာပျာသလဲ နောက်ကလိုက်သည်။ ထိုအချိန်၌ပင် သူတို့နှစ်ယောက်မှာ Thinking ဆိုင်ရှေ့သို့ ရောက်သွားလေပြီ။

နောက်ကောင်လေးမှာ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်မျိုးဖြင့် ဆိုင်ထဲသို့ တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ ကောင်မလေးလက်ကို ကောက်ဆွဲလိုက်ကာ . . .

"ငါ နင့်ကို အရမ်းချစ်တယ် ဆေတန်ရာ။ ငါ့စကားကို ဒုတိယအကြိမ် ထပ်လက်ခံပေးပါ"

. . . . . . . . . . . . .

. . . . . . . . . . . . .

. . . . . . . . . . . . .

. . . . . . . . . . . . .

"ဘာလုပ်ရမလဲဆိုတော့ အပြစ်ပေးရမှာပေါ့။ ဒါပေမဲ့ ဘောလုံးပွဲမှာလိုတော့ ငါခြေထောက်နဲ့ မကန်တတ်ဘူး။ လက်နဲ့ပဲ ကန်တတ်တယ်"



နောက် (၃) စက္ကန့် ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com

# III

"ဖြန်း"

အနီးအနားမှ ခိုတစ်အုပ် ထပျံသွားသည်။ ကောင်မလေးမှာ မည်သူ့ကိုမျှ တစ်ချက်လှည့်မကြည့်ဘဲ သူမဦးတည်ရာကို ဆက်လက်လျှောက်လှမ်းသွားလေသည်။ ကောင်လေးမှာ မယုံကြည်နိုင်သောအကြည့်တွေဖြင့် ပါးကိုလက်ဝါးဖြင့်အုပ်ရင်း ကျန်ခဲ့ပါတော့သည်။

ချက်ချင်းပင် ဆိုင်ထဲမှ ခုန သူငယ်ချင်းကောင်မလေး ပြေးထွက်လာသည်။ သို့သော် သူမသည်လည်း အံ့သြမှုတို့ဖြင့် ကြောင်ငေးနေပါ၏။

"လာ . . . ငါတို့ဆိုင်ထဲပြန်ဝင်ရအောင်။ အချိန်နီးနေပြီ"

"ငါ မလိုက်တော့ဘူး။ ပြန်တော့မယ်ဟာ"



ကောင်မလေးက စိတ်မကောင်းစွာ ခေါင်းယမ်းရင်း . . .

"နင် ဒီနေ့ Thinkingboard လွှဲပေးရမှာလေ"

ထိုစကားကြောင့် အရိုက်ခံရသူကောင်လေးက ဆိုင်ထဲသို့ စူးစူးနစ်နစ်ကြည့်သည်။ သူ့အကြည့်တွေက သူကိုယ်တိုင်ရေးထိုးထားသည့် Thinkingboard မှ သူ၏ဒဿနဆီသို့ . . .

နောက် မျက်လုံးအကြည့်ကိုလွှဲရင်း နာနာကြည်းကြည်းပြုံးလိုက်ကာ . . .

"ငါဆိုင်ထဲ ပြန်မဝင်ချင်တော့ဘူး။ ငါ့အစား နင်ပဲနေခဲ့လိုက်တော့"

ပြောပြီးပြီးချင်း ကောင်လေးမှာ ဆိုင်ကိုကျောခိုင်း၍ (ဝါ) Thinkingboard မှ ဒဿနကိုကျောခိုင်း၍ တစ်လှမ်းချင်းထွက်သွားပါတော့သည်။

"ဟဲ့ . . . နေဦးလေ"

ကောင်မလေးက လှမ်းတားသည်။ သို့သော် . . .

နောက် ကောင်မလေးမှာလည်း တစ်ယောက်ထဲ ကြောင်တောင်တောင်နှင့် မကြာခင်မှာပင် သူမလည်းပဲ ဆိုင်ရှေ့မှ ထွက်သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ( 11 : 00 ) A M

“ဆောင်း . . . ဟိုမှာကြည့်စမ်း။ ဟိုနှစ်ယောက် တော်တော် လိုက်တယ်”

မိုး စကားကြောင့် ဘာရယ်မဟုတ်။ ဆောင်းအပြင်သို့ လှမ်းကြည့်လိုက်သည်။ ဟုတ်သည်။ သန့်ပြန့်ပေါ်လွင်သော အဆင်အပြင်တွေဖြင့် ကောင်လေးနှင့်ကောင်မလေးမှာ တော်တော်ကြည့်လို့ကောင်းပါ၏။

“ဟော့ကောင် . . . ငါ ဒီကောင်လေးကို မြင်ဘူးသလိုပဲ”

(ကောင်လေးဟုသုံးလိုက်သော်လည်း အမှန်က သူတို့နှင့် အသက်သိပ်ကွာဟန်မတူသေး။ ကောင်မလေးမှာလည်း ထိုအတိုင်း)



“မြင်ဖူးမှာပေါ့ကွ . . . အဲဒါ ဒီလရဲ့ ငါတို့ Thinkingboard ပိုင်ရှင် ခက်ဆစ်ဆိုတာလေကွာ”

ထိုအခါမှ ဆောင်း ရုပ်လုံးကွဲသွားသည်။

“ဟာ . . . ဟုတ်သားပဲ။ ငါ မျက်နှာကို သေချာမှတ်မထားလိုက်ဘူး။ မြင်ဖူးတယ်လို့တော့ ထင်နေတာ”

“ကောင်မလေးက တော်တော်မိုက်တယ်နော် . . . ဆောင်း”

မိုးစကားကြောင့် ဆောင်း ကောင်မလေးကို သေချာကြည့်လိုက်ကာ . . .

“အင်း . . . မဆိုးပါဘူး။ သူတို့နှစ်ယောက် လိုက်ပါတယ်”

ဆောင်း ပြောနေရင်းမှပင် ကောင်မလေးမှာ မျက်နှာထားတင်းတင်းနှင့် ခြေကိုဆောင့်ကာ လျှောက်လာသည်ကြောင့် . . .

“ကောင်မလေးစိတ်ဆိုးနေလို့ ခက်ဆစ်လိုက်ချော့နေတာနဲ့ တူတယ်ကွ”

သူတို့ကြည့်နေရင်းမှပင် နှစ်ဦးလုံးမှာ ဆိုင်ရှေ့သို့ရောက်လာပါ၏။ ထိုစဉ်မှာပင် ခက်ဆစ်က ချစ်သူတွေကြားမှာ မထူးဆန်းသောအရာတစ်ခုကို ပြုလုပ်လိုက်သည်။ အဲဒါက ကောင်မလေးလက်ကို လှမ်းကိုင်လိုက်ခြင်း။

သို့သော် ကောင်မလေး၏တုံ့ပြန်မှုကတော့ ခက်ဆစ်ပင်မဟုတ်၊ ဆိုင်အပေါ်ထပ် မှန်လုံခန်းအတွင်းမှ သူနှင့်မိုးကိုပါ အံ့အားသင့်သွားရသည်။

ဖြန်း’ဟူသောအသံကိုတော့ မှန်လုံခန်းအတွင်းမှာမို့ သူတို့မကြားလိုက်။ ဒါပေမဲ့ ပါးရိုက်လိုက်တယ်ဆိုတာတော့ သေချာသည်။ နောက် ကောင်မလေးက ဆက်လျှောက်သွားသည်။ ခက်ဆစ်က ရပ်ကျန်ခဲ့သည်။ ပြီး ဆိုင်ထဲက ခက်ဆစ်သူငယ်ချင်းဖြစ်ဟန်တူသူ ကောင်မလေးတစ်ယောက် ပြေးထွက်လာသည်ကို တွေ့ရပါ၏။

မကြာလိုက်သော အချိန်အတွင်းမှာပင် ခက်ဆစ်မှာ ဆိုင်ရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com

လှည့်ထွက်သွားတော့သည်။

"ဟော့ကောင် . . . မိုး၊ ခက်ဆစ်က ဒီနေ့ Thinkingboard လွှဲပေးရမှာမလား။ သူ့ပုံစံကြည့်ရတာ ပြန်သွားတဲ့ပုံပဲ"

သူ့စကားကြောင့် မိုး ကြည့်နေရာမှ ခေါင်းကိုယမ်းကာ . . .

"မသိဘူးကွာ။ ပြန်သွားတော့လည်း ဆိုင်မှာရှိတဲ့တစ်ယောက်အစားထိုးပြီး မဲနှိုက်ခိုင်းတာပေါ့။ ဘယ်တတ်နိုင်မလဲ။ အချိန်တောင် တော်တော်နီးနေပြီ"

မိုး အပြောကြောင့် ဆောင်း နာရီကို လှမ်းကြည့်လိုက်သည်။ ဟုတ်သည်။ အစီအစဉ်စပေတော့မည်။



## ( 11 : 03 ) A M

"Thinking" ဆိုင်ရှေ့မှဖြစ်ပျက်သွားသော ကိစ္စတစ်ခုကို မလှမ်းမကမ်း 'ဘာလာလာ ဒါပဲ' အမည်ရှိဆိုင်ထဲမှ တစ်စုံတစ်ယောက်က ကြည့်နေသည်။ ပြီးမှ မချင့်မရဲဖြင့် စိတ်မကောင်းစွာ စုတ်တစ်ချက်သပ်လိုက်တော့၏။

"ကျွတ်"

• • •

ထို့အတူ "Thinking" ဆိုင် ညာဘက်ခပ်လှမ်းလှမ်းမှ "Kiss" အမည်ရှိ Mini Market အတွင်းမှလည်း အဖြစ်အပျက်အားကြည့်၍ စိတ်မကောင်းသူမိန်းကလေးတစ်ဦး ရှိနေပေသည်။

သူမကတော့ မသက်မသာ ခေါင်းကိုယမ်းရင်း ခပ်တိုးတိုးညည်းသည်။

"စိတ်မကောင်းလိုက်တာ ခက်ဆစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

# IV

စာရင်းစာအုပ်ကြီးကိုင်ကာတက်လာသော သီဟာကို သူနှင့်မိုး လှမ်းကြည့်လိုက်သည်။

"ရော့ . . . အစ်ကို . . . ဒါ ဆိုင်ရဲ့တစ်လတာ စာရင်းချုပ်နဲ့ နောက်လအတွက် ပစ္စည်းဝယ်ရမဲ့ စာရင်းကြမ်း"

သီဟာထိုးပေးသော စာအုပ်ကိုလှမ်းယူရင်း . . .

"မင်းတို့ ဂျူတီချိန်းပြီးသွားပြီလား"

"ဟုတ်ကဲ့ . . . အစ်ကို၊ ချိန်းပြီးသွားပြီ"

"ဒါဆို အခု မင်းကောင်တာထိုင်ရမယ့် အလှည့်ပေါ့"

"ဟုတ်ကဲ့"



"[illegible] . . . မင်းပြီးရင် ဘယ်သူလဲ"

"ဇော်မင်းပါ"

ဆောင်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း စာရင်းစာအုပ်ကို လှန်လှောကြည့်မိသည်။ ထိုစဉ်မှာပင် . . .

"အစီအစဉ်စလို့ရပြီ အစ်ကို။ အောက်မှာ လူစုံနေပြီ"

ဒီလိုနှင့်ပဲ သူတို့သုံးယောက် အောက်ဆင်းခဲ့ကြပါသည်။ အောက်ရောက်တော့ သီဟာပြောသည့်အတိုင်းပင် လူတော်တော်စုံနေပြီဖြစ်သည်။ မကြာခင်မှာပင် အစီအစဉ်စပါ၏။

မဲနှိုက်တော့ ခက်ဆစ်မရှိတော့၍ သီဟာကပင် ခက်ဆစ်အစား နှိုက်ပေးသည်။

မဲလိပ်ပေါက်သည့် နံပါတ်က (၇)။

နာမည်က ကိုသန်းထိုက်။

ကိုသန်းထိုက်၏ အတွေးအခေါ်ဆန်ဆန်ဒဿနလေးက ဆန်းသည်။

'ယောကျ်ား၊ မိန်းမ၊ ယောက္ခမ၊ ယောက်ဖတို့၏ လျှို့ဝှက်ချက်'တဲ့။

မကြာခင်မှာပင် ပရိသတ်ထဲမှ ကိုသန်းထိုက်ဆိုသူထွက်လာပြီး သူ၏ ဒဿနကို ရှင်းတော့သည်။

"ယောကျ်ား၊ မိန်းမ၊ ယောက္ခမ၊ ယောက်ဖတို့၏ လျှို့ဝှက်ချက် ဆိုတာကို ကျွန်တော်မဖော်ထုတ်ခင် စကားနည်းနည်းပြောချင်ပါတယ်"

ဟု အစပြုကာ . . .

"ယောကျ်ားတစ်ယောက်ဟာ မိန်းမယူတော့မယ်ဆိုတာနဲ့ အရင်ဆုံးလေ့လာရမှာက ကိုယ်ယူမဲ့မိန်းကလေးကို မဟုတ်ပါဘူး။ အဲဒီမိန်းကလေးမှာ ကိုယ်တော်ရမဲ့ ယောက္ခမနဲ့ယောက်ဖ ရှိမရှိဆိုတဲ့ အချက်



www.burmeseclassic.com

www.burmeseclassic.com

ပဲ။ ယောက္ခမနဲ့ယောက်ဖ နှစ်မျိုးလုံးမရှိဘူးဆိုရ [illegible] ပါနဲ့။ ချက်ချင်းသာယူလိုက်ပါ။ အဲ . . . အဲလိုမှမဟုတ်ပဲ နှစ်မျိုးလုံးရှိမယ်ဆိုရင်တော့ စဉ်းစားရပါတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သာရှိနေရင် ကိုယ့်အိတ်က တစ်ကြိမ်မဟုတ်တစ်ကြိမ်တော့ လှုပ်တော့မှာမို့လို့ပါ"

ကိုသန်းထိုက်ပြောစကားကြောင့် နားထောင်နေသူအားလုံး စိတ်ဝင်စားသွားကြသည်။ ဘယ်လို အိတ်လှုပ်မှာလဲ?

"အားလုံးကထင်ထားကြတယ်ပေါ့ . . . ယောက္ခမဆိုတာ ကိုယ်ယူမဲ့မိန်းကလေးရဲ့ မိဘပဲလို့။ အဲဒါကိုမှ ယောက္ခမလို့ခေါ်တယ်လို့ပေါ့။ အမှန်က မဟုတ်ပါဘူး။ ယောက္ခမဆိုတဲ့စကားဟာ အရမ်း အစဉ်အလာကြီးပါတယ်။ ဘာဖြစ်လို့လဲ . . . ယောက္ခမဆိုတာ ကိုယ်ရောက်သွားတာနဲ့ သူ့ကို ခယယဆက်ဆံရပြီး စီးပွားရေးမကောင်းရင် ကိုယ့်အိတ်ထဲကစိုက်ပြီးပဲ မ,စနေရလို့ ယောက္ခမလို့ခေါ်တာပါ။ ခေါ်ချင်လို့ခေါ်နေတာ မဟုတ်ပါဘူး"

ထိုစကားကြောင့် နားထောင်နေသူအကုန်လုံးမျက်နှာတွေ ပြုံးကုန်ကြသည်။ ယောက္ခမနှင့်ပတ်သက်၍ တော်တော်ခံစားချက်ပြင်းထားပုံရပါ၏။

"ယောက်ဖဆိုတာလည်း ဒီအတိုင်းပါပဲ။ ဒါပေမဲ့ ယောက်ဖဆိုတာ စကားလုံးအမှန် မဟုတ်ပါဘူး။ အမှန်က ယောက်ဖားပါ။ အဓိပ္ပာယ်ကတော့ အားလုံးသိကြတဲ့အတိုင်း ရောက်တာနဲ့ဖားရလို့ ယောက်ဖားလို့ခေါ်တာဖြစ်ပါတယ်။ အဲဒီကနေမှ အချိန်တွေ၊ နှစ်တွေကြာလာတော့ ယောက်ဖားကနေ ယောက်ဖဆိုပြီး ဖြစ်လာတာပါပဲ။ အဲဒီတော့ ယောကျ်ားလေးတစ်ယောက် မိန်းမယူတော့မယ်ဆို ကိုယ်ယူမဲ့မိန်းကလေးကို အရင်မလေ့လာပဲ သူ့မှာ ကိုယ်တော်ရမယ့် ယောက္ခမနဲ့ယောက်ဖ ရှိမရှိသေချာလေ့လာပြီးမှယူပါ လို့ အကြံပေးချင်ပါတယ်။ ကျွန်တော်တို့အိတ်ကပ်တွေ မလှုပ်ရေး၊ မပါရေးပေါ့"



ကိုသန်းထိုက်အကြံပေးချက်က လက်ခံလောက်ပေသည်။ လက်ခံလောက်သည့် အောင်တစ်ခုဝင်နေသည် မဟုတ်ပါလား။

ထိုစဉ်မှာပင် ကိုသန်းထိုက်၏ ဒဿနရှင်းသံက ထပ်မံထွက်ပေါ်လာပါ၏။

"ယောက္ခမနဲ့ ယောက်ဖပြီးတော့ လက်ထပ်ပေါင်းသင်းရမယ့်ကာယကံရှင်နှစ်ယောက်အပိုင်းပဲ။ ယောကျ်ားလေးနဲ့မိန်းကလေး အပိုင်းပေါ့။

အားလုံးက လက်ခံထားကြတယ် လင်မယားဖြစ်ပြီဆိုတာနဲ့ ယောကျ်ားဖြစ်သူက မိန်းမဖြစ်သူကို လုပ်ကျွေးရမယ်လို့ပေါ့။ အဲဒီအယူအဆဟာ လုံးဝကို မှားယွင်းပါတယ်။ ဘာဖြစ်လို့လဲ . . . ဒီလိုပါကမ္ဘာဦးအစကတည်းက အခုချိန်ထိ မိန်းကလေးဆိုတာ အားနွဲ့တဲ့အမျိုးဆိုတဲ့ အယူအဆက လူတိုင်းရဲ့စိတ်မှာ သန္ဓေတည်နေလို့ပဲ ဖြစ်ပါတယ်။ ဘုရားသခင်က အာဒမ်လုပ်ကျွေးစေလို့ မိန့်ခဲ့တာလည်း မိန့်ခဲ့တာပေါ့။ ဒါပေမဲ့ သေချာနှိုင်းယှဉ်စဉ်းစားကြည့်ရင် ယောကျ်ားလေးနဲ့မိန်းကလေးက ဘာမျှမကွာပါဘူး။ အချို့နေရာတွေမှာဆို ယောကျ်ားလေးတွေထက်တောင် မိန်းကလေးတွေက စွမ်းဆောင်ရည်သာတာကို တွေ့ရပါတယ်။ ဥပမာပြောရရင်တော့ မိန်းကလေးတွေဟာ မွေးကတည်းက ယောကျ်ားလေးတွေထက်သာတဲ့ စွမ်းရည်တစ်မျိုးရှိပြီးသားပါ။ အဲဒါဘာလဲ။ ရှင်းရှင်းလေးပါ။

ဘယ်ယောကျ်ားလေးမှ ကလေးမမွေးနိုင်ပါဘူး။ လူတစ်ယောက်ကို ဖန်ဆင်းနိုင်ခြင်းသည် ယောကျ်ားလေးတွေ ဘယ်လိုမှလိုက်မမီတဲ့ မိန်းကလေးတွေရဲ့စွမ်းရည်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း မိန်းကလေးလို့ခေါ်ကြတာပေါ့။ (Main) ဆိုတာ အဓိကလေ။ (Main) ရဲ့နောက်မှာကလေးဆိုပြီးကပ်လိုက်တော့ မိန်းကလေးဆိုတာ 'ကလေးမွေးဖို့အဓိကာ' ဆိုပြီး ဖြစ်သွားပါတယ်။ ဒါဆို ယောကျ်ားလေးတွေဘက်က မေးစရာမေးခွန်းတွေ ရှိလာပါပြီ။ ဟုတ်ပါတယ်။ မြန်မာနိုင်ငံအတိုင်းအတာနဲ့



www.burmeseclassic.com

www.burmeseclassic.com

ယှဉ်ရင်တော့ ဘယ်မိန်းကလေးမှလည်း သူတို့ကိုယ်ပိုင်အစွမ်းနဲ့ လူသား တစ်ယောက်ကို မဖန်ဆင်းနိုင်ပါဘူး။ ဒီတော့ ကျွန်တော်ဆိုလိုချင်တာက ယောကျ်ားလေးနဲ့မိန်းမဟာ တန်းတူစွမ်းရည်ရှိပါတယ်။

ဒီသဘော၊ ဒီအယူအဆကိုနားလည်တဲ့ အခုခေတ်မိန်းကလေးတွေကတော့ ယောကျ်ားလုပ်စာ ထိုင်မစားကြတော့ပါဘူး။ သူတို့စွမ်းရည်ကို သူတို့ယုံကြည်ပြီး ယောကျ်ားလေးတွေနဲ့ တန်းတူအလုပ်လုပ်နေကြပါပြီ။

ဒီတော့ ကျွန်တော်ဆိုလိုချင်တာက မိန်းမယူတော့မယ်ဆို ကိုယ်ယူမဲ့မိန်းကလေးကို သိပ်လေ့လာစရာမလိုပါဘူး။ အဓိကက ယောက္ခမနဲ့ယောက်ဖ ရှိမရှိကိုပဲ ကြည့်ကြပါလို့ ကျွန်တော်ပြောချင်ပါတယ် ခင်ဗျ"

လက်ခုပ်သံတွေ သောသောညံသွားသည်။ ထို့နောက် ကိုသန်းထိုက်က Thinkingboard တွင် စာလေးကြောင်းကို ရေးချသည်။

| | | |
|---|---|---|
| ယောက္ခမ | – | ရောက်တာနဲ့ ခခယယ ဆက်ဆံပြီး မ,စရမည်။ |
| ယောက်ဖ | – | ရောက်တာနဲ့ ဖားရမည်။ |
| (Main) ကလေး | – | ကလေးမွေးဖို့ အဓိက ဖြစ်သည်။ |
| ယောကျ်ားလေး | – | လိုရာပန်းတိုင်ကို ရောက်အောင်သွားနိုင်သည့် ကျားတစ်ကောင်ဖြစ်သည်။ |

ထို့နောက် အစီအစဉ်အတိုင်း ကိုသန်းထိုက်ကို သူတို့ Thinking ဆိုင်မှ လက်ဆောင်ပေးသည်။ ပြီးတော့ Thinking family ဝင်တွေနှင့် ဖိတ်ကြားထားသည့်လူများ (ထိုလအတွက် မဲထည့်ထားသူများ) ကို အစားအသောက်နှင့်ဧည့်ခံ၍ အစီအစဉ်ကို နိဂုံးချုပ်လိုက်ပါသည်။

ဘာပဲပြောပြောပါ။ ဆိုင်ပိုင်ရှင် သူငယ်ချင်းနှစ်ဦး၏ Customer ဆွဲဆောင်စည်းရုံးပုံလေးက သစ်သည်ဟု ဆိုရပေမည်။



ရက် (၃၀)ကြာကြာ နေရာယူမည့် Thinkingboard မှ ဒဿနကတော့ ဝှံကြွားစွာ ရပ်တည်နေပါ၏။

ဒါပေမဲ့ ဆောင်း အပါအဝင် လူအနည်းငယ်၏ရင်ထဲမှာတော့ စိတ်မကောင်းဖြစ်စရာ ကိစ္စတစ်ခုက တငွေ့ငွေ့လောင်မြိုက်နေသည်။ အဲဒါကတော့ Thinkingboard ကို ကိုယ်တိုင်လွှဲပေးခွင့်မရလိုက်သော ခက်ဆစ်ဆိုသောကောင်လေး၏ အတွေးအခေါ်ဆန်ဆန်စိတ်ကူးလေးက ဆောင်း၏ရင်မှာ ကပ်ငြိခိုဝင်နေပါတော့သည်။

'ပါး' ဆိုတာ ဆန့်ကျင်ဘက် အဓိပ္ပာယ်နှစ်ခုပေါင်းစပ်ထားတဲ့ အဖြူသက်သက် အရည်ပြားကစ်ချပ်ပါ။

– ချစ်ရင်လည်း သူ့ကို နမ်းတယ်။

– မုန်းရင်လည်း သူ့ကို ရိုက်တယ်။

ခက်ဆစ်ဆိုသည့်ကောင်လေး အချစ်ခံပြီးသွားပြီလား၊

သူတို့မသိ၊

ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

# V

"ကောင်တာမှာထိုင်နေတဲ့လူနာမည်က 'မိုး' တဲ့ . . . ချောတယ်နော်"

ရွှေရုပ်စကားကြောင့် ဆေတန် ဈေးဝယ်စာရင်းလုပ်နေရာမှ လှည့်ကြည့်လိုက်သည်။

"အင်း . . . မဆိုးပါဘူး"

"နောက်တစ်ယောက်ရှိသေးတယ် 'ဆောင်း' တဲ့။ သူတို့နှစ်ယောက်လုံးက ဒီဆိုင်ပိုင်ရှင်တွေ"

"မိုး နဲ့ ဆောင်း၊ နာမည်လေးတွေက ဆန်းသားပဲ"

"နာမည်ဆန်းရုံတင်မကဘူး၊ သူတို့ဖွင့်ထားတဲ့ ဒီဆိုင်လေးကလည်း ဆန်းတယ်။ အဲဒါကိုပြောချင်လို့ နင့်ကို အချိန်မီ ဒီဆိုင်ခေါ်လာတာ"



"အချိန်မီ ခေါ်လာတာ"

ရွှေရုပ်စကားကြောင့် ဆေတန် သံယောင်လိုက်ရင်း မျက်မှောင်လေးပင်ကျုံ့သွားမိသည်။ ဘေးမှာချထားသော ဈေးဝယ်ပစ္စည်းတွေနှင့် ဈေးဝယ်စာရင်းလုပ်နေသည်ကိုပင် မေ့သွားရပါ၏။

"ဟုတ်တယ်၊ အဲဒါကြောင့် နင် "Kiss" ထဲမှာ ဈေးဝယ်နေတာကို မြန်မြန်ပြီးအောင် ငါနဲ့သွယ်သွယ် ဝိုင်းဝယ်ပေးတာပေါ့"

"နေပါဦး . . . အမြန်ပြီးအောင် ဝယ်ပေးတယ်လို့ဆိုရအောင် ဒီဆိုင်ကို အချိန်မီမရောက်ရင် ဘာတွေနောက်ကျသွားမှာမို့လဲ။ ဘာတွေများ ထူးထူးဆန်းဆန်းကိစ္စတွေရှိနေလို့လဲ"

"ထူးဆန်းတယ် . . . ဒီမှာလေ . . . "

ဟုဆိုကာ ရွှေရုပ်က စားပွဲပေါ်မှ စာရွက်ခြင်းဖန်ပုလင်းနှင့် စာတိုက်ပုံးတို့ကို မေးငေါ့ပြသည်။ ပြီးတော့ သူမတို့ ခပ်လှမ်းလှမ်းမှ Thinkingboard ဟု ခေါင်းစဉ်တပ်ထားသော အရာတစ်ခုဆီသို့လည်း မေးငေါ့ပြပါ၏။

ဆေတန်လည်း ဘာမှန်းမသိ။ ရွှေရုပ်မေးငေါ့ပြရာဆီသို့ ကြည့်မိပြီး ပထမတော့ သူမမျက်နှာ ပြုံးယောင်သန်းသွားသည်။ နောက် မထိတရိအပြုံးတစ်ခု မျက်နှာပေါ်တင်ရင်း ပြန်လှည့်လာကာ . . .

"ဘာထူးဆန်းလို့လဲဟာ။ ယောကျ်ားလေးတွေ ကိုယ်ရည်သွေးထားတာပါ။ ငါတို့ကျတော့ ကလေးမွေးဖို့အဓိကတဲ့ တော်တော်ရယ်စရာကောင်းတယ်"

ဆေတန့်စကားကြောင့် ရွှေရုပ် ခေါင်းယမ်းသည်။

"ငါပြောချင်တာ ဒီဘောကစာသားတွေကို ပြောချင်တာမဟုတ်ဘူး။ idea ကို ပြောချင်တာ"

"ဘာ idea လဲ"

ဆေတန်၏ နားမလည်သောအမေးကြောင့် . . .

"ငါပြောပြမယ်။ ဒီလိုဟာ . . . "



www.burmeseclassic.com

www.burmeseclassic.com

အခုလို ငါတို့စားသုံးသူတွေထဲက မည်သူမဆို ဒီခြင်းထဲက စာရွက်ကိုနှိုက်ပြီး ဖန်ပုလင်းထဲကဘောပင်နဲ့ ဆိုင်နဲ့ပတ်သက်ပြီး အကြံပေးချက်ကိုဖြစ်စေ၊ ဒါမှမဟုတ် ကိုယ်ပိုင်ဒဿနတွေ့ရှိချက် တစ်ခုခုကိုဖြစ်စေ ရေးချလို့ရတယ်။ ပြီးရင် ဒီစာတိုက်ပုံးထဲ ထည့်ပေးရုံပဲ။ လကုန်ရင် ဒီလိုစာတိုက်ပုံးတွေထဲက ဆိုင်အတွက် အကြံပေးစာကို သပ်သပ်ဖယ်ပြီး ဒဿန၊ အတွေးအခေါ်၊ ယူဆချက်တွေကိုကျတော့ နံပါတ်တပ်ပြီး မဲဖောက်ပေးတယ်။ မဲပေါက်တဲ့ဒဿနကို အခုလိုဘောမှာ တစ်လတိတိ တင်ပေးပြီး ပိုင်ရှင်ကိုဆုပေးတယ်ဟ။ idea လေးက လန်းတယ်နော်"

ဆေတန် သေချာနားထောင်နေရင်းမှ ခေါင်းညိတ်မိသည်။ မဆိုးပါ။ လက်ခံလို့ရပါသည်။

"နောက်ပြီး မဲပေါက်ဖူးတဲ့လူအားလုံးကို နှစ်ကုန်တိုင်း ဝန်ဆောင်မှု သပ်သပ်ပေးသေးတယ်။ ပေလီတို့၊ ချောင်းသာတို့ကို စရိတ်ငြိမ်းလိုက်ပို့ပေးတာမျိုးပေါ့"

"ဪ . . . "

ဆေတန်စိတ်ဝင်တစား အာမေဋိတ်သံပြုမိသည်။ အံ့ဩလို့မဟုတ်ပါ။ ထူးဆန်းနေသောကြောင့် ဖြစ်သည်။

"နောက်ပြီး တစ်ခုရှိသေးတယ်ဟ။ ဒီဆိုင်က လူတွေ အကုန်လုံး လိုလိုက သူများနဲ့မတူကြဘူး"

"ဟင် . . . ဘယ်လို . . . ဘယ်လိုမတူတာလဲ"

ဆေတန့်အမေးကြောင့် ရွှေရုပ်က ခေါင်းကိုသွက်သွက်ခါရင်း–

"ငါလည်းမသိဘူး။ ဒါပေမဲ့ သူများနဲ့မတူတာတော့ အမှန်ပဲ"

ရွှေရုပ်စကားကြောင့် ဆေတန်ဘေးဘီကို မျက်လုံးဝေ့ကြည့်မိသည်။ သူ့မအမြင်မှာတော့ ရွှေရုပ်မြင်သည့်အမြင်မျိုး မမြင်မိ။ ကောင်တာတွင်ထိုင်နေသူမှစလို့ ဝန်ထမ်းတွေအားလုံး သာမန်ထဲမှ သာမန်ဟုပဲမြင်မိသည်။ ဒါပေမဲ့ ရွှေရုပ်စကားကိုလည်း မကန့်ကွက်ပါ။ ပခုံးတစ်ချက်သာ တွန့်မိသည်။ နောက် . . .



"ဒါနဲ့ . . . ခုန နင်ပြောတဲ့အထဲမှာ အချိန်မီငါ့ကို ဒီဆိုင်ခေါ်လာတယ်လို့ပါတယ်နော်။ အဲဒါ ဘာကိုဆိုလိုတာလဲ"

"ဪ . . . ဒီနေ့ (၂၉)ရက်နေ့လေဟာ။ မနက်ဖြန်ဆို လကုန်ပြီ။ လကုန်တဲ့နေ့တိုင်း Thinkingboard လွှဲပွဲလုပ်တာဆိုတော့ နင်အချိန်မီ မဲထည့်လို့ရအောင် ခေါ်လာတာ"

ရွှေရုပ်စကားကြောင့် ဆေတန် ခေါင်းကိုခါယမ်းလိုက်ကာ . .

"ဟာ . . . မထည့်ချင်ပါဘူးဟာ။ ဒီမှာ ဈေးဝယ်စာရင်းလုပ်နေတာတောင် အဆင်မပြေလို့ စိတ်ညစ်နေရတဲ့ကြားထဲ။ နောက်ပြီး ဒီလိုဆိုင်မျိုးက သာမန်ထက် နည်းနည်းပိုတွေးနိုင်ရင် ဖွင့်လို့ရပါတယ်။ သိပ်အထူးဆန်းကြီးမဟုတ်ပါဘူး"

ရွှေရုပ်က သူမကို သေချာကြည့်သည်။

"ဒါဆို နင်လက်မခံဘူးပေါ့"

" idea လေးကတော့ လက်ခံလောက်ပါတယ်။ စိတ်ကမဝင်စားတာ"

သူမစကားကြောင့် ရွှေရုပ်က ပခုံးကို နောက်သို့မှီချလိုက်ရင်း–

"ဒါဆို နင်စိတ်ဝင်စားလောက်မဲ့ အကြောင်းတစ်ခုတစ်ရာ ရှိလာမယ်ဆိုရင်ရော . . . မဲထည့်မှာလား"

"အင်း . . . အဲဒါဆိုရင်တော့ စဉ်းစားမယ်လေ။ ဒါပေမဲ့ အခုလောလောဆယ် ငါ့ကိုတစ်ခုကူညီ"

"ဘာလဲ"

"နင် ဒီဆိုင်က လူတွေနဲ့ ရင်းနှီးလား"

"အေး"

"အဲဒါဆို ငါ့ကို Caculator လေးတစ်ခုလောက် ခဏငှားပေးပါလား။ ငါလုပ်ထားတဲ့စာရင်း မှားနေလားလို့"

ရွှေရုပ်က ပတ်ဝန်းကျင်ကို ခဏဝေ့ဝဲကြည့်သည်။ နောက် ဝန်ထမ်းကောင်လေးတစ်ယောက်ကို လှမ်းခေါ်လိုက်ပါ၏။ သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com

လက်လက်ဖြင့် ကောင်လေးတစ်ယောက်ရောက်လာသည်။ ရောက်ရောက်ချင်းပင် ထိုကောင်လေးက ရွှေရုပ်ကို . . .

"အစ်မ အဆင်ပြေလား"

"အေး . . . ပြေပါတယ်ကွာ။ အားလုံး အဆင်ပြေတယ်။ ကျေးဇူးပဲ"

ရွှေရုပ်နှင့် ထိုကောင်လေးမှာ တော်တော်ရင်းနှီးပုံရလေသည်။ ဘာတွေအဆင်ပြေနေမှန်းတော့မသိ။ နောက် ရွှေရုပ်က အအေးနှစ်ခွက်မှာ၍ သူမအတွက် Caculator ငှားပေးသည်။ ပထမ ကောင်လေးနား မလည်ဖြစ်သွား၏။ ထို့ကြောင့် ဆေတန်ကိုယ်တိုင်ပင် ရှေ့မှ သူမတွက်ထားသော ဈေးဝယ်စာရင်းကို လက်ညှိုးထိုးပြရင်း . . .

"ခဏလေးပါကွာ။ ဒီမှာ အစ်မစာရင်းတွက်တာ မှားနေလားလို့"

သူမအပြောကြောင့် ကောင်လေးက တွက်ထားသောစာရင်းစာရွက်ကို တစ်ချက်လှမ်းကြည့်သည်။ တစ်ချက်ကလေးဆိုမှ တကယ့်တစ်ချက်ကလေး။ ဒါပေမဲ့ . . .

" 822120 . . . မှန်ပါတယ် အစ်မရဲ့"

"ဟင်"

"ဘာ . . . "

ဆေတန် အံ့သြသွားသည်။ ရွှေရုပ်ကတော့ သိပ်အံ့သြဟန်မပြ။ ဒါပေမဲ့ အနည်းငယ်တော့ ထူးဆန်းသွားသလိုရှိသည်။

"မင်းက ခဏလေးလှမ်းကြည့်ပြီး ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော် စိတ်တွက် တွက်လိုက်တာလေ အစ်မ"

"ဘယ်လို . . . "

ထပ်ဆင့်အံ့သြသွားရပြန်ပါသည်။ သူမပင် စာရွက်တွင်ချတွက်၍ ဝေဝါးနေသော ကိန်းနှစ်ခုမြှောက်လဒ်ကို ဒီဝန်ထမ်းကောင်လေးက တစ်ခဏဥပင် အဖြေထုတ်နိုင်သည်ဆိုတော့ . . .



"မင်းအလွတ်ကျက်ထားတာတော့ မဟုတ်လောက်ပါဘူး"

"အာ . . . ဘယ်က အလွတ်ကျက်ရမှာလဲ အစ်မရယ်။ ကျွန်တော် အစ်မတွက်ထားတာကိုကြည့်ပြီး စိတ်နဲ့တွက်လိုက်တာ"

သူမ တော်တော်အံ့သြသွားလေသည်။ ရွှေရုပ်ကိုလှမ်းကြည့်မိတော့ အေးဆေးစွာပင် သူမကို ခေါင်းညိတ်ပြသည်။ ဒီလိုဖြစ်လာမယ်ဆိုတာ ကြိုသိနေသည့်သဘော။

"ဒီလောက်ခဏလေးနဲ့ အဖြေမှန်အောင် ဖြေနိုင်တယ်ဆိုတော့ မင်းမှာ အမြန်တွက်နည်းတစ်ခုခုများရှိလား"

ဝန်ထမ်းလေးက ပြုံးကာ ခေါင်းညိတ်ပြပါ၏။

"ရှိတာပေါ့ဗျ။ ရှိလို့ ကျွန်တော် အခုလို အဖြေမြန်မြန်ပြောနိုင်တာပေါ့"

ဆေတန်နှင့်ရွှေရုပ် တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။ ပြီးတော့ . . .

"အဲဒါဆို အစ်မတို့ကိုလည်း တွက်နည်းပေးပါလား။ အစ်မတို့လည်း ဝါသနာပါလို့"

သူမစကားကြောင့် ကောင်လေးက ကောင်တာကိုတစ်ချက်လှမ်းကြည့်သည်။ ကောင်တာတွင် မည်သူမျှမရှိ။ ထိုအခါမှ စိတ်အေးသွားဟန်တစ်ချက်ပြုရင်း အိတ်ထဲမှ ဘောပင်ကိုထုတ်ကာ ဆေတန့်ရှေ့စာရွက်ပေါ်မှာပင် . . .

"ဘယ်ကိန်းဂဏာန်းကိုပဲဖြစ်ဖြစ် (၁၃)နဲ့မြှောက်တော့မယ်ဆိုရင် လုပ်ရမယ့် သီအိုရီက ကိန်းအသီးသီးကို သုံးဆပြုပြီး အနီးကိန်းပေါင်းထည့်လိုက်ရုံပဲ။

အခု အစ်မ 63240ကို 13နဲ့ မြှောက်မှာမလား။ အဲဒါဆို ပထမဆုံးလုပ်ရမှာက 13 သည် ဆယ်ဂဏာန်းဖြစ်တဲ့အတွက် မြှောက်မဲ့ကိန်းရှေ့မှာ (0) တစ်လုံး အရင်ထည့်လိုက်။ ဒီလို . . .



www.burmeseclassic.com

www.burmeseclassic.com

063240 × 13 = 0
(သုည သုံးဆ သုည)

063240 × 13 = 20
(4 သုံးဆတွင် 0 ကိုပေါင်း 12၊
2 ရေး 1 တင်)

063240 × 13 = 120
(2 သုံးဆ 4 ပေါင်း ၊ 1 ပေါင်း– 11
1 ရေး 1 တင်)

063240 × 13 = 822120
(0 နှစ်ဆ ၊ 6 ပေါင်း ၊2 ပေါင်း ၊
8 ရ၏)

အဲဒါပဲ အစ်မ"

ကောင်လေးက စကားလည်းဆုံး၊ လက်မှရေးနေသည်ကိုလည်း အဆုံးသတ်ကာ သူမတို့နှစ်ယောက်ရှေ့ကို ထိုးပေးသည်။ ဆေတန်နှင့် ရွှေရုပ် ဝန်ထမ်းကောင်လေးရေးပေးသော အမြန်တွက်နည်းသီအိုရီကို ကြည့်၍ လေးစားသလိုပင် ဖြစ်သွားမိသည်။ ဆေတန် မနေနိုင်တော့စွာ ထိုကောင်လေးကို မေးမိပါ၏။

"ဒါ မင်းကိုယ်တိုင်ထွင်တားတဲ့ တွက်နည်းလား"

"ဟာ . . . မဟုတ်ပါဘူးဗျာ။ ကျွန်တော်လား ဒီလောက် brain ပြေးမှာ။ ဒါ ကျွန်တော်တို့ ဆိုင်ဝန်ထမ်းအားလုံးကို ကိုဆောင်း သင်ပေးထားတာ"

"ဆောင်း . . . "

"ဟုတ်တယ် . . . ဒီဆိုင်ပိုင်ရှင်လေ"

ဆေတန် ရွှေရုပ်ကိုကြည့်မိတော့ ရွှေရုပ်က ခေါင်းညိတ်ပြ၏။ ထိုစဉ်မှာပင် သူမတို့ခပ်လှမ်းလှမ်းစားပွဲဝိုင်းမှ 'ရှင်းမယ်'ဆိုသောအော်သံ



ကိုကြားလိုက်ရသည်။ သူမတို့သုံးယောက်လုံး ထိုဝိုင်းဆီသို့ အကြည့်ရောက်သွားပါ၏။

သူငယ်ချင်းများဖြစ်ဟန်တူသည့် မိန်းကလေးသုံးယောက်၊ ယောကျ်ားလေးနှစ်ယောက်။ ထိုစဉ်မှာပင် သူမတို့ဘေးမှ ဝန်ထမ်းကောင်လေး၏ စကားသံကြောင့် နှစ်ယောက်စလုံး ထပ်မံအံ့သြသွားသည်။

"အစ်ကိုတို့ဝိုင်းက နှစ်ထောင့်ရှစ်ရာ ငါးပွဲ . . . တစ်သောင်းလေးထောင်ပါ"

ပြောပြီး ထိုကောင်လေးက ပိုက်ဆံသွားသိမ်းမည်အလုပ်မှာ –

"ဒါကရော သီအိုရီရှိလား"

"ရှိတယ်။ (5)ကို နှစ်ဆတိုး (28)ကို တစ်ဝက်ဝက်ပြီး မြှောက်လိုက်တာ အဖြေအတူတူပဲ။ ဒါကိုလည်း ကိုဆောင်းပဲသင်ပေးထားတာလေ"

ဆေတန် စကားမဆိုမိတော့ပေ။ 'ဆောင်း' ဆိုသောနာမည်က ဘယ် အပေါက်ကမှန်းမသိ၊ သူမအသိဉာဏ်ထဲသို့ ဝင်ရောက်သွားပေပြီ။

ထိုစဉ်မှာပင် ဆိုင်ရှေ့သို့ ကားတစ်စီးဆိုက်လာပါ၏။ ဘာရယ်မဟုတ်။ သူမတို့လှမ်းကြည့်ဖြစ်သည်။ သူမတို့ကြည့်နေစဉ်မှာပင် ကားတံခါးတစ်ချပ် ပွင့်ဟလာသည်။ ပြီးတော့ ရှူးအဖြူတစ်ရန်နှင့် ထိခပ်နေသော ဂျင်းပင်တစ်ထည် တွဲထွက်လာပြီးသည့်နောက်မှာပင် . . .

သူမရင်ခွင်တစ်နေရာသည် လှုပ်ခတ်တုန်ရီ လှိုက်မောသွားပါတော့၏။

"ဆောင်း ဆိုတာ သူပဲ"

"ဟင် . . . သူက ဆောင်း"

ရွှေရုပ်စကားက သူမနှလုံးသားကို ထပ်မံလှုပ်ခတ်စေလိုက်ပါ၏။

"အေး . . . ဟုတ်တယ်။ နောက်လဆို သူ ဆိုင်ကိုဝန်ယူရ



www.burmeseclassic.com

www.burmeseclassic.com

မယ့် အလှည့်ပဲ"

ဆေတန် တစ်ချက်တွေဝေသွားသည်။

"နင်က သိလှချည်လား"

သူမစကားကြောင့် ရွှေရုပ်က မချိုမချဉ် တစ်ချက်ရယ်လိုက်ရင်း . . .

"ဒီလောက်ဖြောင့်တဲ့ ယောကျ်ားလေးနှစ်ယောက်ဖွင့်ထားတဲ့ဆိုင်ပဲဟာ ဒါလေးသိတာ မဆန်းပါဘူး"

ဆေတန် နှုတ်ခမ်းကို လှလှလေးမဲ့ကာ ခေါင်းတဆတ်ဆတ်ညိတ်မိသည်။ ပြီး ဆိုင်ရှေ့ကိုပြန်ကြည့်လိုက်တော့ 'ဆောင်း' ရှိမနေတော့ပါ။ ဘယ်အချိန် ဆိုင်ထဲဝင်သွားလိုက်မှန်းပင် မသိ။

ထိုအခိုက်မှာပင် ဆေတန်ကိုမမြင်ရသော သိစိတ်စွမ်းအားတစ်ခုက လှုပ်နှိုးလိုက်လေသည်။ သူမစိတ်တစ်စုံတစ်ရာသည် မနိုင်းစေရပါပဲနှင့် အလိုလို မောင်းနှင်သွားပါတော့သည်။

ချက်ချင်းပင် ခြင်းထဲမှ စာရွက်တစ်ရွက်ကိုဆွဲထုတ်ယူကာ ဖန်အိုးဆီ လက်လှမ်းလိုက်သောသူမကို ကြည့်၍ ရွှေရုပ်က . . .

"မယ်မင်းကြီးမ . . . ဘယ်လိုဖြစ်တာလဲ"

ဆေတန် ရှက်ရယ် တစ်ချက်ရယ်လိုက်ရင်း . . .

"အဟီး . . . တွေ့ရှိချက်တစ်ခုလောက်ရေးပြီး မဲထည့်မလို့"

"ခုနပြောတော့ စိတ်မဝင်စားဘူးဆို။ အပြောင်းအလဲကလည်း မြန်လိုက်တာ"

ဆေတန်စကားပြန်မဆိုမိတော့။ ရှက်မျက်နှာရဲရဲကို ဖုံးဖိရင်းပဲ စာတစ်ကြောင်းကို ရေးချလိုက်သည်။ နောက် နာမည်နှင့် ဖုန်းနံပါတ်ကို ရေး၍ . . .

"ရွှေရုပ် . . . နင်ရော မရေးဘူးလား"

"ဟင့်အင်း . . . နင်ဘာရေးတာလဲသိချင်လို့ စောင့်နေတာ။ ပြီးရင် ငါ့ကို ခဏပြ . . . "



ရွှေရုပ်စကားကြောင့် ဆေတန် စာရွက်ကို ကမန်းကတန်းဆွဲယူ၍ ခေါက်လိုက်ကာ . . .

"အံမယ် . . . မပြပါဘူး။ ဘာလို့ပြရမှာလဲ"

ပြောပြီး စာရွက်ကို မဲပုံးအတွင်းသို့ ထည့်လိုက်ပါတော့သည်။ ဆေတန်၏တွေ့ရှိချက်ကိုသိချင်၍ စောင့်နေသော ရွှေရုပ်မှာတော့ . . .

"အကျင့်ပုတ်မ . . . မဲမပေါက်ပါစေနဲ့"

ᨏ ᨏ ᨏ



www.burmeseclassic.com

www.burmeseclassic.com

## ညရောက်တော့ . . .

"တီ"

Message ဝင်လာသည်ကြောင့် ဆေတန်ဖွင့်ကြည့်လိုက်သည်။

"Thinking" မှ ဖိတ်ခေါ်ပါတယ်။

မနက်ဖြန်မနက် (11:00) Thinking သို့ ကြွခဲ့ပါ။

ဆေတန်တစ်ကိုယ်လုံး ဝဲဂယက်ကြီးတစ်ခုထဲသို့ ကျသွားသလို နိမ့်လိုက်မြင့်လိုက် ခံစားလိုက်ရသည်။

ရွှေရုပ်ပြောစကားအရဆိုလျှင်တော့ မနက်ဖြန်သည် နောက်လအတွက် Thinkingboard ပိုင်ရှင်ကို မဲဖောက်ပေးမည့်နေ့ပေပဲ။

သူမရင်တွေ ခုန်နေပါ၏။

မနက်ဖြန်သည် အရင်အတိုင်း လတ်ဆတ်နေပါဦးမလား။



## VI

ဆောင်းတစ်ယောက် ကားကို မြန်သထက်မြန်အောင် ကြိုးစား မောင်းနေသည်။ ဒါပေမဲ့ အရေးကြီးပြီဆို ဖြစ်နေကျအတိုင်း ယာဉ်ကျော ပိတ်ဆို့မှု၊ မီးပွိုင့်မိမှုတွေကြောင့် ထင်တိုင်းမပေါက်ခဲ့။

ဆောင်း လီဗာကိုဖိနင်းထားရင်းမှ နာရီကိုပင့်ကြည့်လိုက်သည်။ နာရီက နေ့တစ်ဝက်ကို နာရီဝက်နီးပါးလောက်သာသွားပြီဖြစ်ကြောင်း ဖော်ညွှန်းပြနေသည့်အချိန်မှာတော့ . . .

"သွားပြီ . . . ဘယ်လိုမှမမီတော့ဘူး"

စိတ်ကိုလျှော့ချလိုက်ရင်း ဖိနင်းထားသော လီဗာကိုပါ ပြန်လျှော့ ပစ်လိုက်သည်။ အရှိန်ပြင်းပြင်းသွားနေသောကားလေးမှာ ရုတ်ခြည်း တုံ့ဆိုင်းနှေးကွေးသွားပါ၏။ နောက် ပုံမှန်နှုန်းထိန်းမောင်းရင်းနှင့်သာ ဆိုင်ဆီသို့ ဦးတည်ခဲ့တော့သည်။

မိုးအပြစ်တင်လျှင်လည်း မတတ်နိုင်တော့။ ဒီနေ့ဆိုင်မှာ Thinkingboard လွှဲပွဲရှိတာ သူသိသည်။ ဒါပေမဲ့ အလုပ်ကိစ္စတစ်ခုကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သူမီအောင် မသွားခဲ့နိုင်တော့ချေ။ မိုးကိုတော့ သူကြိုတင်ဖုန်းဆက်ထားသည်။ စိတ်တော့ သိပ်မပူမိ။ သူမရှိလည်း ချောမွေ့စွာပြီးဆုံးသွားမည်ကို အလိုလိုကြိုသိနှင့်နေသည် မဟုတ်ပါလား။

ထိုစဉ်မှာပင် ရှေ့၌ လမ်းတွေပိတ်ကာ လူတွေ၊ ရဲတွေ ရှုပ်ထွေးနေသည်ကို တွေ့လိုက်ရသည်။ ဘာမှန်းတော့မသိ။ ဒါပေမဲ့ သူနားလည်လိုက်ပါသည်။ ဖြစ်နေကျ အစဉ်အလာအတိုင်း အဆီးအတားတစ်ခုပေပဲပေါ့။

သူတွေးလို့မှမဆုံးသေး ရဲတစ်ယောက် အနားရောက်လာကာ–

"ညီလေး . . . ရှေ့မှာယာဉ်တိုက်မှုဖြစ်လို့ လမ်းပိတ်ထားတယ်။ တခြားလမ်းကပတ်မောင်းလိုက်"

သူ ဘာတတ်နိုင်ဦးမည်နည်း။

'ဟုတ်ကဲ့' ဟုပြော၍သာ ကားကို ပြန်လှည့်ခဲ့ရတော့သည်။ အမှန်က ဆိုင်ကိုပင် လှမ်းမြင်နေရပါပြီ။ ဒါပေမဲ့ . . .

ထင်သည့်အတိုင်းပင် ဆိုင်ရောက်တော့ ဘယ်သူမျှရှိမနေတော့ပါ။ Thinkingboard လွှဲပွဲမှာ မိုးတစ်ယောက်တည်းနဲ့ဘင် ပြီးဆုံးသွားခဲ့ပါပြီ။ ဆိုင်ထဲဝင်ဝင်ချင်း မိုးက တန်းအပြစ်တင်သည်။ ဆောင်းလည်း ကိုယ့်အမှားကိုယ် ဝန်ခံသည့်သဘောလက်ကာပြရင်း Thinkingboard ဆီ အကြည့်ရောက်သွားစဉ်မှာတော့ . . .

"ဟင်"

မှင်တက်မှုဆိုသောအရာတစ်ခုက မထင်ရစွာ သူ့တစ်ကိုယ်လုံးကိုစီးနင်းသွားတော့သည်။ ဆတ်ခနဲတုန်သွားသော ဘယ်ဘက်ရပ်ဝန်းဆီမှ လှုပ်ရှားမှုတစ်ခုကို အမည်မတပ်နိုင်သေးခင်မှာပင် . . .

"ဟာ . . . ဒါ . . . ဒါက . . . "



ခဲနဲ့ပေါက်ခံရသော ခွေးတစ်ကောင်ဟာ လှိုဏ်လို့အော်ပြီး ရှုံးသွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com

## VII

Thinkingboard အားကြည့်နေရင်း တောင့်မတ်သွားသော ခန္ဓာကိုယ်ကို မိုးက သတိပြုမိစွာ လှမ်းခေါ်သည်။

"ဟော့ကောင် . . . ဘာဖြစ်သွားတာလဲ"

သူကြားသည်။ ဒါပေမဲ့ လှည့်မကြည့်နိုင်သေး။

"ဟော့ကောင်"

"ဆောင်း"

နှစ်ကြိမ်မြောက် ဟစ်ခေါ်သံဆုံးတော့မှ ဆွဲငင်သွားသောစာသား တစ်ကြောင်းကို ခဏဥပေက္ခာပြုလိုက်ရင်း . . .

"ဟေ . . . "

"မင်း ဘာဖြစ်သွားတာလဲ"



[illegible]မေးနှင့် အကြည့်ကြောင့် သူ ဣန္ဒြေကို ကပျာကယာ ထိန်းလိုက်ကာ . . .

"ဟင် . . . ဘာ . . . ဘာဖြစ်လို့လဲ"

သိပ်တော့ ပီပြင်မည်မထင်ပါ။ ဒါပေမဲ့ အတတ်နိုင်ဆုံး ဖုံးကွယ်လိုက်သည်။ သူပဲ ဟန်ဆောင်ကောင်းတာလား၊ မိုးကပဲ မရိပ်မိသည်လား မသိ။ သူ့ကို ခပ်တည်တည် သေချာကြည့်ရင်း . . .

"မင်း Thinkingboard ကိုကြည့်ပြီး မတ်တပ်မေ့သွားလားလို့"

"မဟုတ်ပါဘူး။ စာသားတွေက ထူးဆန်းနေလို့ပါ"

သူ့စကားကြောင့် မိုးက Thinkingboard ကို လှမ်းကြည့်သည်။

"ဒါနဲ့ ဒီစာသားက . . . "

"အဲဒါ ခုနမှမဲပေါက်သွားတဲ့ မဲလိပ်ထဲက စာသားလေ"

"သူ့ဟာက ဘာကြီးလဲကွ။ ဘာအဓိပ္ပာယ်လဲ။ ပိုင်ရှင်ကရော ဘယ်သူလဲ"

တရစပ်ထွက်သွားသော မေးခွန်းတို့ကြောင့် မိုးက မသိမသာ အကဲခတ်ရင်း ခေါင်းကိုယမ်းသည်။

"ငါလည်း မသိဘူး"

"ဟေ . . . "

"ဟုတ်တယ်၊ ပေါက်သွားတဲ့မဲလိပ်ပိုင်ရှင် ရောက်မလာဘူး။ ရော့ . . . ဒါသူ့ရဲ့နာမည်နဲ့ ဖုန်းနံပါတ်"

မိုးပေးသောစာရွက်ကို ဆောင်း ကပျာကရာ ဆွဲယူလိုက်သည်။ ပြီး ချက်ချင်းပင် နာမည်ကို ဖတ်လိုက်တော့ . . .

ဆေတန်

Ph . . . . . . . .

ဆောင်း၏စိတ်တွင် ဝေခွဲရခက်သောခံစားမှုတွေ တမုဟုတ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်လာရပါ၏။ ဆေတန်ဆိုတာ မည်သူနည်း၊ ယောကျ်ားလား၊ မိန်းမ လား။ နောက် . . .

ဆောင်းအတွေးကိုရပ်၍ ချက်ချင်းပင် မိုးဘက်လှည့်မေးလိုက်သည်။

"ဟေ့ကောင် . . . ဆေတန်ဆိုတာ ယောကျ်ားလား၊ မိန်းမလား"

မိုးက ကြောင်တောင်တောင်ဖြင့် သူ့ကိုပြန်ကြည့်ရင်း . . .

"သိမလားကွ။ ရောက်မလာပါဘူးဆိုနေမှ ငါက ဘယ်လိုလုပ်သိမှာပဲ"

"ဒီစာသားရဲ့ အဓိပ္ပာယ်ကိုရော မင်းသိလား"

မိုးက ခေါင်းယမ်းသည်။

"ဒါဆို ငါတို့ ဒီကဖုန်းနံပါတ်အတိုင်း ဖုန်းဆက်ကြည့်ရအောင်"

"ဘာလုပ်ဖို့လဲ"

"ဒီစာသားကို လာရှင်းခိုင်းရမယ်လေကွာ။ ငါတို့ဆိုင်အကြောင်းလည်း မင်းသိရဲ့သားနဲ့၊ မနက်ဖြန်ဆို ငါတာဝန်ယူရမယ့်အလှည့်ရောက်ပြီ။ ငါ့အလှည့်ရောက်မှ တစ်ခုခုလိုသွားတာမျိုး အဖြစ်မခံနိုင်ဘူး။ နောက်ပြီး လက်ဆောင်ပေးဖို့လည်း ကျန်နေသေးတယ် မဟုတ်လား"

မိုးက ခေါင်းညိတ်ပြသည်။ ဆောင်း တွေဝေမနေတော့ ချက်ချင်းပင် ဖုန်းနံပါတ်အချို့ကို ကောက်နှိပ်လိုက်သည်။

သို့သော် . . .

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်"

ဆောင်း ထပ်ခါထပ်ခါ ခေါ်သည်။ တစ်ဖက်မှ အမျိုးသမီးက လည်း အမြင်ကပ်ဖို့ကောင်းလောက်အောင် ထပ်ခါထပ်ခါ ပြန်ဘူးပါ၏။



ဒါပေမဲ့ သူလိုချင်သော အဖြေစကားမဟုတ်။

"ခေါ်လို့ရလား"

သူ့ပုံစံကိုကြည့်ရင်း မိုးကမေးသည်။ သူ ခေါင်းတစ်ချက်ယမ်းလိုက်ကာ . . .

"မရဘူး . . . စက်ပိတ်ထားတယ်"

"ဒါဆိုလည်း တစ်အောင့်လောက်နေမှ ပြန်ခေါ်ပေါ့ကွာ။ ခဏစောင့်လိုက်ပေါ့"

မိုးကပြောပြီး အပေါ်တက်သွားသည်။ ဒါပေမဲ့ မိုးပြောသလို သူမစောင့်နိုင်ပါ။ ရှင်းရှင်းပြောရလျှင် ဆေတန်ဆိုတာ ဘယ်သူလဲ။ သူ အရမ်းသိချင်နေသည်။

ဒါပေမဲ့ ညမိုးချုပ်တဲ့အထိ သူ၏သိလိုစိတ်ကို ဖြည့်ဆည်းမပေးနိုင်ခဲ့အကြောင်းကား . . .

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်"

• • •

နောက်တစ်နေ့မှာပင် သူတို့အတွက်ရင်ဆိုင်ရန် ခက်ခဲသော ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ရတော့သည်။ အဲဒါက Customers များ၏ နားမလည်ဟန် အကြည့်စူးစူးများ၊ ဘာကြောင့်နည်း။

Thinking ဆိုင်လာသူများသည် များသောအားဖြင့် ဆိုင်နှင့်ရင်းနှီးနေကျ ဖောက်သည်များပင်ဖြစ်ရာ သူတို့မသိစိတ်တွင် လွှမ်းမိုးနေတာ တစ်ခုရှိသည်။ အဲဒါက ဆိုင်ထဲဝင်သည်နှင့် Thinkingboard ကို အရင်ဆုံး ကြည့်တတ်ကြခြင်း၊

အရင်လများဆိုလျှင်တော့ တစ်ခါလှမ်းကြည့်ရုံဖြင့် နားလည်သွားကြမည်ဖြစ်သော်လည်း ယခုအခါမှာတော့ ဘယ်နှခါကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

အတွေးပေါက်ဟန်မတူ။ ဒါကို မိုးနှင့်ဆောင်း နှစ်ယောက်စလုံး သိသည်။

Customers များဆီက သူတို့နှစ်ဦးထံကြည့်သော အကြည့်တွေကိုလည်း နားလည်သည်။ ဒါပေမဲ့ သူ၏ကြိုးစားမှုမှာ အရာမထင်သေး။

“ဟော့ကောင် . . . ဆောင်း၊ Customers တွေ ငါတို့နှစ်ယောက်ကိုကြည့်တဲ့အကြည့်ကို မင်းဘာသာပြန်တတ်လား”

သူ ခေါင်းညိတ်ပြသည်။

“အေး . . . ပေါက်တယ်။ ငါလည်း ဖုန်းခေါ်နေတာပဲ။ ရမှမရတာ။ ညနေထိမှ ခေါ်လို့မရရင်တော့ မနက်ဖြန် သူ့အိမ်လိုက်သွားမယ်ကွာ”

“ဟင် . . . ဘယ်မှာလဲ လိပ်စာ”

“ဖုန်းနံပါတ်တစ်ခုလုံး ရှိနေတာပဲကွာ။ ဖုန်းနံပါတ်အတိုင်း ဖုန်းရုံးမှာ သွားစုံစမ်းလို့ရတာပဲ မခက်ပါဘူး”

“အေး . . . မရတဲ့အဆုံးတော့ အဲလိုပဲလုပ်ရမှာပဲ။ အခုလိုကြီးကျတော့ Customers တွေအပေါ် တာဝန်မကျေသလိုကြီးဖြစ်နေတယ်လို့ ငါထင်တယ်ကွ။ တစ်ခုခုလိုနေသလိုကြီး”

မိုးစကားကို သူခေါင်းညိတ် အတည်ပြုပေးလိုက်သည်။ ပြီးတော့ . . .

“အမှန်အတိုင်းပြောရရင် ငါက ပို feel ဖြစ်တာပေါ့ကွာ။ ငါ တာဝန်ယူတဲ့အလှည့်ရောက်မှ အခုလိုဖြစ်တာဆိုတော့ . . . ”

မိုးက သူ့ခံစားချက်ကို နားလည်ဟန် ခေါင်းညိတ်ပြရင်း . . .

“ဒါပေမဲ့ မင်းမနက်ဖြန် ဖုန်းရုံးသွားမယ်ဆိုရင်တောင် မဖြစ်နိုင်တော့ဘူး”

“ဘာဖြစ်လို့”

“မနက်ဖြန်၊ သန်ဘက်ခါက . . . စနေ၊ တနင်္ဂနွေလေ”



# VIII

“ဟော့ကောင် . . . လိပ်စာအတိုင်းဆိုရင်တော့ ဒီအိမ်နဲ့တူတယ်”

မိုးက ကားကိုအရှိန်လျှော့၍ ပြောသည်။

“အေး . . . ဟုတ်တယ်၊ ဒီအိမ်ပဲ”

ဖုန်းရုံးမှ စုံစမ်းလို့ရလျှင်ရချင်း သူတို့နှစ်ယောက် လိုက်လာခဲ့ခြင်းဖြစ်ပေသည်။ နောက် မိုးနှင့်သူ ကားပေါ်မှဆင်းလိုက်ကြကာ အိမ်ခြံတွင်ရပ်၍ အိမ်ထဲသို့ လှမ်းမျှော်ကြည့်သည်။ အိမ်ခြံတစ်ဝန်းလုံးသည် ထူးထူးခြားခြား တိတ်ဆိတ်နေပါ၏။ သာမန်အိမ်တစ်လုံးမျိုး၏ အငွေ့အသက်မျိုးမရှိ။ သိပ်ထူးဆန်းသော ကိစ္စတစ်ခုမဟုတ်သည့်အတွက် ဆေးဆေးစွာပင် လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာပါ။ အိမ်ထဲမှ အသက်ငယ်ငယ်ကောင်မလေးတစ်ယောက် ပြေးထွက်လာပြီးသည့်နောက် . . .

"ဒီအိမ်မှာ ဆေတန်ဆိုတာ ရှိလားမသိဘူး ညီမ"

"ရှင်"

သူ၏အမေးစကားကြောင့် ကောင်မလေးမှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် လွန်စွာ ထိတ်လန့်အံ့ဩဟန်တွေ ဖြစ်ပျက်သွားကာ . . .

"ဆေ . . . ဆေတန်"

"ဟုတ်တယ်လေ . . . ညီမ။ ဒီအိမ်မှာ ဆေတန်ဆိုတာရှိတယ်မလား"

ချက်ချင်းပင် ကောင်မလေးမှာ အိမ်ထဲသို့ လှည့်ပြေးသွားပါတော့သည်။

"ဘာလဲဟ"

"ဘာဖြစ်သွားတာလဲ"

သူနှင့်မိုး ဘာမှန်းညာမှန်းမသိ ကြောင်အသွားပါသည်။ ပြီးနားမလည်စွာ တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။ ထိုစဉ်မှာပင် ကောင်မလေး ပြန်ပြေးထွက်လာကာ အမောတကောဖြင့် . . .

"ကြီးမေက . . . မမဆေတန်ဆီလာတာဆိုရင် အိမ်ထဲဝင်ပါဦးတဲ့"

ပြောလည်းပြော၊ တံခါးကိုလည်း ဖွင့်ပေးနေသည်ကြောင့် သူနှင့် မိုး ငေးကြောင်စွာ ကြည့်နေမိသည်။ 'မမဆေတန်'ဟူသော စကားကြောင့် ဆေတန်ဆိုတာ မိန်းကလေးဟု သူတို့သိလိုက်ရ၏။ ဆောင်းရင်ထဲမှာတော့ အသေးစားမြေငလျင်တစ်ခု တဖြုတ်ဖြုတ် တုန်ခါသွားသည်။

ဒါပေမဲ့ သူ့စိတ်ထဲတွင် ဒီကောင်မလေး၏ အပြုအမူနှင့် ဟန်ပန်မှာ အနည်းငယ်ထူးဆန်းနေသည်ဟု ထင်မိသည်။ ဒီလိုနှင့် သူတို့နှစ်ဦး ဖွင့်ပေးသော တံခါးမှဝင်ကာ အိမ်ဆီသို့ ဦးတည်လျှောက်လာခဲ့သည်။



အိမ်ထဲသို့ဝင်ဝင်ချင်းမှာပင် ဆောင်းနှင့်မိုးတို့၏ခြေလှမ်းများ တိခနဲ နေအောင်ပင် ရပ်ကျသွားတော့၏။ အကြောင်းကား . . .

"ဟာ . . . "

"ဟင် . . . "

ဆောင်းတစ်ကိုယ်လုံးရှိအင်အားများ ချည့်နဲ့သွားသလို ခံစားလိုက်ရသည်။

"ဒီ . . . ဒီပုံက . . . "

ဟုတ်သည်။ အိမ်ဝင်ပေါက်နှင့် မျက်နှာချင်းဆိုင်တည့်တည့်မှ ချိတ်ဆွဲထားသော ဓာတ်ပုံကြီးကား . . .

ဒီဓာတ်ပုံထဲမှ မိန်းကလေးကို သူတို့ကောင်းကောင်းသိနေသည်။ သူတို့မှတ်ဉာဏ်ကောင်းဦးမည်ဆိုလျှင် လွန်ခဲ့သော တစ်လကျော်က ဆိုင်ရှေ့တွင် လက်စွမ်းပြသွားခဲ့သော . . .

ခက်ဆစ်ဆိုသော ကောင်လေး၏ . . .

"သားတို့ အထဲဝင်လေ"

ဖိတ်ခေါ်သံချိုတိုးတိုးကြောင့် သူနှင့် မိုး အသံလာရာဆီ လှမ်းကြည့်လိုက်တော့ အသက်ငါးဆယ်ဝန်းကျင်လောက် ကျက်သရေရှိရှိ အန်တီတစ်ယောက် . . .

မျက်နှာနှင့်ဟန်ပန်က လွန်စွာ အေးချမ်းတည်ငြိမ်နေသည်။

"သားတို့က သမီးရဲ့သူငယ်ချင်းတွေလား"

နှစ်ဦးစလုံး ဘာပြန်ဖြေလို့ ဖြေရမှန်းမသိ။ ကြောင်တောင်တောင်ဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိရင်း သူကပင် . . .

"မ . . . မဟုတ်ပါဘူး ခင်ဗျ။ ဒီလိုပါ . . . "

ဟု အစပြု၍ အဖြစ်အပျက်အားလုံးကို အတိုချုံး၍ ရှင်းပြလိုက်သည်။

သူ၏စကားလည်းဆုံးရော ထိုအန်တီမှ မျက်ရည်တွေ တစ်ပေါက်ပြီးတစ်ပေါက် ကျလာပါ၏။ မိုးနှင့်ဆောင်း ကြောင်အမ်းသွားကာ



www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားသည်။

သူတို့ ဘာများမှားသွားခဲ့လို့လဲ။ ဘာတစ်ခုမှ မမှားဟုတော့ ထင်သည်။ ဒါပေမဲ့ ထိုအန်တီမှာ တစ်စုံတစ်ခုကို သတိရလွှမ်းဆွတ်သွားသလို တရှုံ့ရှုံ့ငိုနေရင်းက ငိုသံတစ်ဝက်နှင့်ပင် . . .

"သားတို့လာတဲ့ကိစ္စကို သမီး ဖြေရှင်းပေးနိုင်မှာ မဟုတ်တော့ဘူးကွဲ့။ သူ . . . သူ . . . "

စကားမှာ ရှိုက်သံတို့နှင့်ရောစွာ ရပ်သွားသည်။ ထိုအခါမှ နီမို့နေသောမျက်ခွံတွေကို သူတို့ သတိပြုမိသွား၏။ သူတို့နှင့်မတွေ့ခင် ခဏကပင် အသည်းအသန်ရှိုက်ငိုထားပုံရသည်။ မျက်ရည်ကို လက်ခုံဖြင့် တစ်ချက်ပင့်သုတ်ရင်း ထိုအန်တီက . . .

"သမီး . . . သမီး . . . မရှိတော့ဘူးကွဲ့။ ဆုံးသွားပြီ"

"ဗျာ . . . "

"ဟင် . . . "

အာမေဋိတ်သံတွေ ပြိုင်တူပွင့်ထွက်သွားပြီးသည့်နောက် . . .

"ဟုတ်တယ် . . . သမီးမရှိတော့ဘူး။ လွန်ခဲ့တဲ့ (၄)ရက်ကတင် ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးသွားတာ"

"ဗျာ . . . "

ဒုတိယမွှိအာမေဋိတ်သံနှင့်အတူ ဝုန်းခနဲ ကြွေကျသွားသည် ကြယ်တစ်စင်းလို သူ့ရင်က ဟင်းလင်းပွင့်သွားသည်။ ချက်ချင်းပင် ချိတ်ဆွဲထားသော ဓာတ်ပုံဆီသို့ လှမ်းကြည့်လိုက်ရင်း . . .

"ဆေတန်ဆိုတာ . . . သူ့ကိုပြောတာလား"

ငိုရှိုက်နေသည့်ကြားမှပင် မပီမပီတဝါး ခေါင်းညိတ်ပြပါ၏။ ထိုအခိုက် ဆောင်းတစ်ယောက်၏ အသိစိတ်တွေအကုန်လုံးမှာလည်း ဘာမှန်းမသိမျှော်လင့်ချက်တွေနှင့်အတူ . . .

ဖြုတ်ခနဲ၊

ဖုတ်ခနဲ၊



ကြေငြင်း ပျောက်ရှ မြေခ ကုန်တော့၏။

လိမ်ညာပြောနေခြင်းတော့ မဖြစ်နိုင်။ မိခင်တစ်ယောက်၏ မျက်ရည်စစ်ဟု အကြွင်းမဲ့ ယုံကြည်လိုက်ရလျှင်တော့ . . .

ဆောင်း၏ရင်ထဲမှ ရှင်သန်နေသော သစ်ပင်တစ်ပင်မှာ အရွယ်မရောက်မီ သေဆုံးသွားပေပြီ။ ထိုစဉ်မှာပင် . . .

"သားတို့ဆိုင်က ဘယ်နားမှာလဲ"

မျက်ရည်ကိုသုတ်ကာ ရှိုက်သံနှောစွာ မေးလိုက်သော အမေးကြောင့် မိုးက တရိုတသေ ပြန်ဖြေလိုက်သည်။ မိုး၏အဖြေစကားသံဆုံးသွားတော့ . . .

"သြော် . . . သမီး ကားအက်စီးဒင့်ဖြစ်သွားတဲ့ နေရာနားမှာကိုး"

"ဗျာ . . . "

နှစ်ဦးလုံး၏ခေါင်းတွေ ဆတ်ခနဲမော့သွားစဉ် . . .

"ပြီးခဲ့တဲ့လကုန်ရက် နေ့လယ် (၁၂)နာရီမထိုးခင်လောက်က အဲဒီနားမှာပဲ ဖြစ်သွားတာ"

"ဘုရားရေ . . . "

"ဟာ . . . "

သူ့စိတ်ထဲမှ ရေရွတ်မိသွားခြင်းပါ။ ဒါ . . . ဒါဆိုရင်တော့ သေချာသွားပေပြီ။ ပြီးခဲ့တဲ့ Thinkingboard လွှဲပွဲနေ့ သူနောက်ကျ၍ ကားကို အမြန်မောင်းလာစဉ်အချိန် . . .

ပိတ်ထားသောလမ်း၊ လူတွေ၊ ရဲတွေ ရှုပ်ယှက်ခတ်နေသော မြင်ကွင်း။ ပြီးတော့ . . .

"ညီလေး . . . ရှေ့မှာ ယာဉ်တိုက်မှုဖြစ်လို့ လမ်းပိတ်ထားတယ်။ တခြားလမ်းက ပတ်မောင်းလိုက်"

ဟူသော ရဲသားတစ်ယောက်၏စကား။

လိမ်ပြောခြင်း မဖြစ်နိုင်သလို၊ ဟန်ဆောင်နေခြင်းလည်း မဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်တော့။ ဆေးတန်မှာ တကယ်ကိုသေဆုံးသွားခြင်း ဖြစ်ပေမည်။ ပြီးတော့ ထပ်တွေးလို့ရသည်ကား ဆေးတန်သူတို့ဆိုင်သို့လာရင်းနှင့် ဖြစ်သွားခြင်းလား။

ယခုမှပင် သူတို့နှစ်ဦးလုံး တရားခံလို ခံစားရတော့သည်။ အေးစက်သယောင်ဖြစ်နေသော မိခင်တစ်ယောက်၏ဝေဒနာကို သူတို့ အသစ်ဖြစ်စေခဲ့ပါပြီ။

ပြီးတော့ . . .

ဆောင်းတစ်ယောက် သက်ပြင်းကိုသာ အကြိမ်ကြိမ်ချမိရင်း တစ်စုံတစ်ယောက်ကို သတိရမိလိုက်သည်။ အဲဒါက ခက်ဆစ်။

ခက်ဆစ်ရော ဘယ်လောက်ကြေကွဲနေမည်လဲ။ သူမသိ။

ဒါဆို သူကိုယ်တိုင်ကရော . . .

ဆောင်း ဆက်မတွေးချင်တော့ . . .။

ဒါပေမဲ့ စိတ်မကောင်းဖြစ်သွားရတာတော့ သေချာသည်။ ဒီလိုနှင့် အချိန်အတော်ကြာ တိတ်ဆိတ်သွားကြရင်း တစ်အောင့်ကြာတော့-

"အန်တီ . . . ကျွန်တော်တို့ အန်တီ့ကို နောက်တစ်ကြိမ်ဝမ်းနည်းအောင် လုပ်မိသလိုဖြစ်သွားရင် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

ဒီလိုနှင့် နှုတ်ဆက်ပြီး ပြန်ရန်ပြင်တော့ ထိုအန်တီက အိမ်ဝလိုက်ပို့ရင်း . . .

"တစ်ရက်နေ့ သတင်းစာထဲမှာတော့ အန်တီ နာရေးကြော်ငြာထည့်ထားတယ်ကွယ့်။ သားတို့မဖတ်မိလို့ ဒီအထိလိုက်လာဖြစ်ကြတာပါ"

သူ လေးပင်စွာ ခေါင်းညိတ်ပြမိသည်။ နောက် သူတို့ကားပေါ်တက်ခါနီးတွင် ထိုအန်တီက ကြေကွဲဆို့နင့်စွာ တစ်ခွန်းပြောလေ၏။

"သမီးရဲ့သူငယ်ချင်းတွေ မဟုတ်ဘူးဆိုပေမဲ့ အန်တီတစ်ခုလောက်ပြောချင်တယ်။ သန်ဘက်ခါဆို သမီးဆုံးတာ (၇)ရက်ပြည့်ပြီ။



ရက်လည်ပြီပေါ့။ အခုတော့ သမီးရဲ့နောက်ဆုံးနေ့ကို သားတို့ဖြစ်နိုင်ရင် လာခဲ့ကြပါလား။ အန်တီ့သမီးကို စည်စည်ကားကားလေးနဲ့ နှုတ်ဆက်ချင်လို့ပါ"

သူတို့ ဘာပြောနိုင်ဦးမည်နည်း။ မိခင်တစ်ယောက်၏ အဲ့မခန်းဆုံးရှုံးမှုကို သူတို့ ကူညီပေးသင့်သည်လေ။

အပြန်လမ်းတစ်လျှောက်သည် အသက်မဲ့နေပါ၏။ မြင်မြင်သမျှအရာဝတ္ထုတို့သည်လည်း နှလုံးခုန်သံတို့ပျောက်နေသည်။

ကားမှန်တံခါးမှတိုးဝင်လာသော လေတွေ၌ပင် ရှိုက်သံတို့ရောနှောနေသည်ဟု ထင်မိပါ၏။ နေကို ဝိုင်းကြီးပတ်ပတ်ကစားနေသောဂြိုဟ်ကိုးလုံးအနက် သတ္တမမြောက်ဂြိုဟ် ဆေးတန်မှာတော့ လောကကြီးကို ထာဝရနှုတ်ဆက်ကာ ကိုယ့်အိမ်ကို ပြန်သွားပေပြီ။

သူတို့သည်ရော . . . လောကလူသားအားလုံးသည်ရော . . . ကိုယ့်အိမ်ကိုယ် . . .

ပြန်နိုင်ကြပြီလား . . .၊

ပြန်တတ်ကြပြီလား . . .၊

ပြန်ရပြီလား . . .၊



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ နောက်တစ်နေ့ ညနေမှာပင် Thinking သို့

လွန်စွာဆန်းပြား ထွေပြားသော

လက်ခံရန် ခက်ခဲသော

ကြိုတင်စီစဉ်မှုလိုလို၊ အမှတ်မထင်လိုလို

တမလွန် ဖြစ်ရပ်ဆန်းလိုလို ခပ်ဆန်းဆန်းကိစ္စတစ်ခုမှာ

မဖိတ်ခေါ်ပါပဲ ရောက်ရှိလာပါတော့သည်၊



## ညနေ ဆိုင်သိမ်းပြီးချိန်

ထုံးစံအတိုင်း Thinking မဲပုံးဖောက်၍ မဲရွက်များကို အမှတ်ခြစ်တပ်နေစဉ်မှာပင် . . .

"ဟာ . . . ဒါ . . . ဒါ ဘာစာကြီးလဲ"

မိုး၏ မျက်လုံးပြူး၊ မျက်ဆံပြူး တအံ့တသြအသံကြောင့် ဆောင်းကြောင်အသွားသည်။ ပြီး ချက်ချင်းပင် မိုးလက်ထဲမှ စာရွက်ကိုယူကြည့်လိုက်တော့ . . .

"ဟင်"

ဆောင်း အသက်ရှူပင် ရပ်တန့်သွားလားမသိ။ နှလုံးခုန်သံနှင့် သွေးလည်ပတ်မှုတွေကတော့ တုံ့ဆိုင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ . . . ဒါက . . . "

စကားကို ဆက်မပြောနိုင်ပဲ သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။ နှစ်ယောက်လုံး၏ မျက်လုံးတွေမှာ အံ့ဩစိုးရွံ့မှုတွေ အပြည့်။ နားမလည်စွာ လက်ထဲမှစာရွက်ကို သေချာပြန်ကြည့်မိတော့-

သေချာသည်။

ဒီစာသားက သူတို့နှစ်ယောက်လုံး အဖြေရခက်နေသော စာသား။ ပြီးတော့ ပိုင်ရှင်မဲ့သွားသောစကား။

နောက်ပြီး နေ့စဉ်လိုလို စားသုံးသူတွေအပေါ် တာဝန်မကျေ ဖြစ်နေရသည့် . . .

ဟုတ်သည်။ ယခု ဆောင်းလက်ထဲမှစာရွက်သည်ကား Thinkingboardမှ စကားလုံးတွေနှင့် တစ်ထပ်တည်းကျအောင် ချယ်မှုန်းထားသော ဆေတန်ဆိုသည့်မိန်းကလေး၏ . . .

"ခဲနဲ့ပေါက်ခံရသော ခွေးတစ်ကောင်ဟာ လိုဗ္ဗီလို့အော်ပြီး ရူးသွားတယ်"

သူနှင့်မိုး နှစ်ယောက်စလုံး ငုတ်တုတ်မျောသွားလေတော့သည်။ ခေါင်းထဲတွင်လည်း မေးခွန်းပေါင်းစုံ၊ အတွေးပေါင်းစုံက ထောင့်ပေါင်းစုံမှ ဝင်ကာလာနေသည်။

ဘာသဘောနည်း၊ ဘယ်သူ့လက်ချက်နည်း၊ ဆေတန်ဆိုတာ သေသွားပြီပဲ။ ဆေတန်ကိုယ်တိုင် မဲလာထည့်ခြင်းတော့ မဖြစ်တန်ရာ။ ဒါမှမဟုတ် ဆေတန်မဟုတ်သော နောက်တစ်ယောက်လား။ အတွေးတို့ ချာလပတ်ရမ်းသွားစဉ်မှာပင် . . .

"ဆောင်း . . . မင်း ဘယ်လိုသဘောရလဲ"

မိုးက သူ့လက်ထဲမှ စာရွက်ကိုဆွဲယူရင်း တည်ငြိမ်စွာမေးသည်။



အဖြေမရှိ။ ဒါပေမဲ့ တစ်အောင့်ကြာတော့ တွေဝေငေး မောသွားရင်းမှ . . .

"မိုး . . . မင်း သေဆုံးခြင်းနဲ့ တမလွန်ဆိုတာကို ယုံလား"

မိုးက ချက်ချင်းမဖြေ။ သူ့ကို သေချာကြည့်သည်။ ပြီးမှ . . .

"သေဆုံးခြင်းနဲ့ တမလွန်ဆိုတာ တစ်ဆက်တည်းရှိတဲ့ မျဉ်းတစ်ကြောင်းပေါ်က အမှတ်တစ်ခုလိုပါပဲ။ လူတစ်ယောက်ဟာ မွေးကတည်းက သေဆုံးခြင်းဆိုတဲ့အမှတ်တစ်ခုစီ ရောက်အောင်သွားရတယ်။ အဲဒီအမှတ်ကို ရောက်သွားပြီဆိုရင် ဟိုဘက်ခြမ်းက တမလွန်ပဲ။ ငါ လက်ခံပါတယ်"

"ငါလည်း လက်ခံတယ် မိုး။ ဒါဆိုအခုကိစ္စက မင်းစကား အတိုင်းပြောရရင် အမှတ်ဟိုဘက်က ကိစ္စတစ်ခု မဟုတ်လောက်ပါဘူး"

မိုး ခေါင်းညိတ်လိုက်သည်။

"ဆေတန်က သေသွားပြီပဲ။ တစ်ယောက်ယောက် လက်ဆော့ သွားတာပဲဖြစ်မှာပါ။ အဓိပ္ပာယ်သိနေတဲ့ တစ်ယောက်ယောက်ကများ မဲ ထည့်သွားတာဆိုရင်ရော . . ."

သူ ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး။ ဒီစာရွက်မှာ စာတစ်ကြောင်းပဲ ပါတယ်။ မဲထည့် တာဆိုရင် နာမည်နဲ့လိပ်စာ ပါရမှာပေါ့"

နှစ်ယောက်စလုံး စကားသံတွေတိတ်သွားသည်။ ဘယ်သူလဲ ဆိုသည့်မေးခွန်းကို အဖြေမထုတ်နိုင်ကြသော်လည်း ရှေ့ဘာတွေဆက် ဖြစ်လာမည်ဆိုတာကိုတော့ ရေးရေးလေး မြင်နေသလိုရှိသည်။

နောက်တော့ ထိုကိစ္စကို လက်ဆော့မှုတစ်ခုဟုသာ ခေါင်းငြိ တပ်လိုက်ရင်းဖြင့် . . .

ဟုတ်ပါတယ်။ လက်ဆော့မှုတစ်ခုပဲ ဖြစ်မှာပါ။

ခေါင်းထဲသို့ အထပ်ထပ်ရိုက်ထည့်ခဲ့ကြသော်လည်း ... ခု၊ အတွေးတစ်စက ပျောက်မသွား။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ချိန်တိုင်အောင် နှစ်ဦးစလုံး၏ နှလုံးသားနှင့်ဦးနှောက်က မေးခွန်းတစ်ခုစီ၏ ဖမ်းစားခြင်းကို ခံလိုက်ရလေတော့သည်။

အဲဒါက . . .

"သူ . . . ဘယ်သူလဲ?

ᚗ ᚗ ᚗ



တစ်ရက်ခြားပြီး နောက်တစ်နေ့ ညနေခင်းမှာပင် ဒုတိယမြောက် လက်ဆော့မှုတစ်ခုကို သူတို့ ထပ်ကြုံရပြန်သည်။

ဒီတစ်ခါတွင်လည်း Thinkingboard ကို ပုံတူကူး၍ နာမည်၊ လိပ်စာ ပါမလာခဲ့။ ယခုတစ်ခါတော့ သူတို့ပေါ့လျော့မနေတော့ပါ။ စဉ်းစားဆင်ခြင်စပြုလာပါပြီ။

ပိုင်ရှင် ဘယ်သူလဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့ အခုလို မဲထည့်တာလဲ။ အဓိပ္ပာယ်ကို သိနေတဲ့လူတစ်ယောက်ယောက်လား။ ဒါမှမဟုတ် သာမန်လက်ဆော့သူတစ်ယောက်လား။

အတွေးတို့ဖြင့် ဖြန့်ကျက်မိသော်လည်း ပထမအကြိမ်အတိုင်းပင် အဖြေထွက်မလာခဲ့။

မဟုတ်မှန်းသိသော်လည်း တိုက်ဆိုင်မှုတစ်ခုဟုသာ သူတို့ နှုတ်မိတ်ခဲ့သည်။ ဒါပေမဲ့ စိတ်ထဲတွင်တော့ သေခြင်းတရားကို မသက်သာစပြုလာပါပြီ။

သိပ်မကြာပါ။ နောက်တစ်နေ့ . . .

ᚗ ᚗ ᚗ



www.burmeseclassic.com

www.burmeseclassic.com

ပထမ အကြိမ်ဆိုရင် ဆုံဆည်းခြင်း

ဒုတိယ အကြိမ်ဆိုရင် တိုက်ဆိုင်ခြင်း

တတိယ အကြိမ်ဆိုရင် . . .



## IX

"ဒီတစ်ခါတော့ သေချာပြီ . . . ဟောကောင်။ တိုက်ဆိုင်တာ လုံးဝမဟုတ်တော့ဘူး"

သုံးရွက်မြောက်စာသားတစ်ကြောင်းကို ကြည့်၍ မိုးက ပြောသည်။ ဟုတ်ပေသည်။ သုံးကြိမ်မြောက်လက်ဆောင်မှုသည် တိုက်ဆိုင်မှု ဟု ပြော၍မရတော့ပါ။ ဆောင်း အတွေးတစ်ချက်ရလိုက်ကာ ချက်ချင်း ဆိုင်အပေါ်ထပ် ပြေးတက်သွားလိုက်၏။ မကြာပါ . . . လက်ထဲမှာ သတင်းစာတစ်စောင်ကိုကိုင်၍ ပြန်ဆင်းလာပြီး . . .

"ငါတို့တော့ ခလိုက်ရပြီနဲ့တူတယ် မိုး"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

လှေကားမှဆင်းလာရင်း ပြောလိုက်သော သူ့စကားကြောင့် မိုးက နားမလည်စွာမော့ကြည့်ရင်း . . .

"ဆေတန်ဆိုတဲ့မိန်းကလေး တကယ်သေတာမှ ဟုတ်ရဲ့လား"

"ဘာ . . . "

မိုး မျက်လုံးပြူးသွားလေသည်။ လက်ထဲမှသတင်းစာကို မိုးထံ ပစ်ပေးလိုက်ရင်း . . .

"ဒါ (၁)ရက်နေ့ သတင်းစာ။ ဆေတန့်အမေပြောတဲ့ထဲမှာ နာရေးကြော်ငြာကို (၁)ရက်နေ့သတင်းစာထဲမှာ ထည့်ထားတယ်လို့ပါ တယ်နော်။ ငါ ကြည့်ပြီးသွားပြီ။ ဒီထဲမှာ ဆေတန်ဆိုတဲ့နာမည် မတွေ့ဘူး"

သူ့စကားကြောင့် မိုး ချက်ချင်းပင် သတင်းစာနောက်ပိုင်းကို လှန်ကြည့်သည်။ မကြာလိုက်ပါ။ ခေါင်းပြန်မော့လာပြီး . . .

"အေး . . . ငါတို့ အလိမ်ခံရပြီနဲ့တူတယ်။ ဆေတန်ဆိုတဲ့ နာမည် မပါဘူး"

ဆောင်း ခေါင်းပေါ်ဆတ်ဆတ်ညိတ်ရင်း စဉ်းစားဖြစ်သည်။ မိုးကပင်ဆက်၍ . . .

"မင်းဆိုလိုချင်တာက ဆေတန်ဆိုတဲ့မိန်းကလေးက မသေပဲနဲ့ ငါတို့မသိအောင် အခုလို မဲလာထည့်ပြီး ငါတို့ကိုလာစားနေတယ်လို့ ဆိုချင်တာလား"

သူပြန်မဖြေဖြစ်။ ဒါပေမဲ့ အတွေးတစ်ခုကိုတော့ ထုတ်ပြလိုက်သည်။

"အဲလိုလည်း ဖြစ်နိုင်တယ်။ နောက်ပြီး ဖြစ်လည်း မဖြစ်နိုင်ဘူး"

မိုးကြောင်သွားကာ မျက်မှောင်ကျုံ့ရင်း မေးသည်။

"ဘာလဲကွ . . . မင်းစကားက။ ငါနားလည်ဘူး"

"ဆိုလိုတာက ဆေတန်မသေပဲ ငါတို့အလိမ်ခံရတာလည်း ဖြစ်နိုင်သလို၊ ဆေတန် တကယ်သေသွားတာလည်း ဖြစ်နိုင်တယ်။ ဘာဖြစ်



ဆိုလိုတော့ ဆေတန်ဆိုတာ နာမည်အရင်း ဟုတ်၊မဟုတ် မင်းရော ငါရော မသိလို့ပဲ"

မိုး စဉ်းစားသွားသည်။

"အေးကွ . . . သတင်းစာထဲမှာထည့်မယ်ဆို နာမည်အရင်းကို ပဲ ထည့်မှာပေါ့။ အေး . . . ဆေတန်ဆိုတာ နာမည်အရင်းဟုတ်မဟုတ် ငါတို့မှ မသိတာ"

ဒီကိစ္စကို သူတို့ လျော့လို့မရတော့ပါ။ သုံးကြိမ်သုံးခါဆိုတာ တိုက်ဆိုင်မှုထက် အဆင့်ကျော်သွားပြီမဟုတ်ပါလား။

ဒါဆိုရင် ဆေတန့်အမေဆိုသူ၏ ဝမ်းနည်းလွမ်းဆွတ်မှုတွေ၊ ခံစားမှုတွေ၊ ငိုကြွေးမှုတွေ၊ မျက်ရည်တွေအားလုံးက အတုတွေလား။

သူတို့ မဝေခွဲတတ်။

စဉ်းစားတွေးခေါ်ရခြင်းကို ကြိုက်နှစ်သက်၍ သူတို့ Thinking ဆိုင်ဖွင့်ခဲ့သည်။ ယခု သူတို့ကို ဆေတန်ဆိုသောမိန်းကလေးက Thinking လုပ်နိုင်းနေပါပြီ။

သူတို့ ငြင်းပယ်ရမည်လား၊ လက်ခံကြည်ဖြူရမည်လား။

အခုလောလောဆယ်တော့ သူတို့မှာ လုပ်စရာတစ်ခုပဲရှိသည်။

အဲဒါက . . .

"မနက်ဖြန် ဆေတန့်အိမ်ကို တစ်ခါထပ်သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com

# X

လူခေါ်ဘဲလ်တီးနေတာ ကြာပေပြီ။ အခုထက်ထိ တစ်ယောက်မှထွက်မလာသေး။ ခြံထဲကိုကျော်ကြည့်လိုက်၊ လူခေါ်ဘဲလ်ကိုနှိပ်လိုက်ဖြင့် မိုး နှင့် ဆောင်း နှစ်ယောက် အလုပ်ရှုပ်နေသည်။

နှစ်ဦးလုံး၏စိတ်ထဲမှာလည်း ခေါင်းစဉ်တပ်မရသည့် ခံစားမှုမျိုးကို ခံစားနေကြရ၏။ ယခုတစ်ခေါက်လာခြင်းသည် ပထမတစ်ခေါက်တုန်းကနှင့် ခံစားမှုမတူတော့။

ယခုတစ်ကြိမ်တွင်ရော ဧည့်ခန်းထဲမှဓာတ်ပုံက အရင်လို အပြုံးဖြင့် ဆီးကြိုနေမည်လော၊ ဆေတန့်အမေဆိုသူကရော အရင်လို ဝမ်းနည်းပက်လက်ငိုပြဦးမည်လော။ သူတို့ အမြန်ဆုံး သိချင်နေသည်။



အကြောင်းကား . . .

Thinkingboard နှင့်ပတ်သက်၍ စိတ်ဝင်တစားမေးမြန်းသူတစ်နေ့တခြား များများလာသလို၊ အမည်မပါသော မဲလိပ်သုံးခုကလည်း သူတို့အတွေးအခေါ်ကို နှိုးဆွနေသည်။

ဒါ ဘယ်သူလက်ချက်ဖြစ်မည်နည်း။

"ဟောကောင် . . . လူမရှိဘူးနဲ့တူတယ်ကွ ဘဲလ်တီးတာ ဆယ်ခါကျော်နေပြီပြီ။ အခုထက်ထိ လူရိပ်လူယောင် မမြင်ဘူး"

မိုးစကားကြောင့် သူ ခြံတံခါးကိုကျော်၍ အိမ်ဆီသို့လှမ်းကြည့်လိုက်သည်။ အိမ်တံခါးပိတ်ထားသည်ကိုတော့ မြင်ရပါ၏။ ဒါပေမဲ့ လူတော့ ရှိဟန်တူသည်။

နောက် သူကိုယ်တိုင် ဘဲလ်ကိုထပ်တီးသည်။ သို့သော် . . .

ထိုစဉ်မှာပင် ကပ်လျက်ခြံမှခြံတံခါးပွင့်လာပြီး ထိပ်ပြောင်လူကြီးတစ်ယောက်ထွက်လာသည်။ ပြီး သူတို့နှစ်ယောက်ကို သေချာကြည့်၍—

"မောင်ရင်တို့ လူခေါ်နေတာနဲ့တူတယ်။ ခေါ်လို့ရလား"

"ဟင့်အင်း"

ကြောင်တောင်တောင်ဖြင့် သူတို့ ခေါင်းယမ်းပြမိသည်။ ထိုလူကြီးက လျှို့ဝှက်သည်းဖိုဆန်ဆန် အပြုံးတစ်ခုကိုပြုံးလိုက်ရင်း . . .

"ဘယ်ရမလဲကွ။ အိမ်ထဲမှာ လူမှမရှိတာ"

"ဘယ်လို . . . "

"ဟုတ်တယ်ကွ။ မင်းတို့ထပ်ခေါ်နေလည်း အပိုပဲ။ အထဲမှာ ဘယ်သူမှမရှိဘူး။ တစ်အိမ်သားလုံး ပြောင်းသွားပြီ"

"ဗျာ . . . "

တအံ့တသြ သူတို့ 'ဗျာ' မိပါသည်။ မျှော်လင့်ထားသော အတွေးတွေလည်း ပြုတ်ကျသွားပါ၏။ နောက် မယုံသင်္ကာဖြင့် အိမ်ကိုတစ်လှည့်၊ ထိပ်ပြောင်လူကြီးကိုတစ်လှည့် ကြည့်မိသော်လည်း သူတို့အထင်မှားနေကြောင်း ယုံကြည်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကား . . . အခါနှစ်[illegible] အိပ်ပုတ်ကြီးနေသောအိမ်က သက်သေခံနေသည့်အပြင် . . .

သူတို့မမြင်မိသော ခြံတံခါးအပေါ်ဘက်မှ ခပ်ဆန်းဆန်းဆိုင်းဘုတ်တစ်ခု။ (ထိုဆိုင်းဘုတ်ကိုလည်း ထိပ်ပြောင်လူကြီးပြမှ မြင်မိခြင်းဖြစ်ပါသည်။)

အဖြူရောင် Whihteboard ပေါ်တွင် မင်ပြာဖြင့် ရေးထားသည်ကား . . .

## အိမ်ရောင်းမည်

**ဝယ်ယူလိုက ဆက်သွယ်ရန်ဖုန်းနံပါတ် ရေးခဲ့ပါ။**

ဆန်းတော့ဆန်းပေသည်။ ဝယ်ယူလိုက စုံစမ်းရန်ဖုန်းနံပါတ် ဘာဘာညာညာမဟုတ်ဘဲ ဖုန်းနံပါတ်ရေးခဲ့ပါဆိုတာက သူများနှင့်မတူတာတော့ အမှန်။ ဆောင်း နှင့် မိုး တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။ အမြင်ဆန်းနေသော်လည်း တစ်စုံတစ်ရာသော ဖုန်းနံပါတ်တစ်ခုကတော့ ထိုခပ်ဆန်းဆန်းဆိုင်းဘုတ်ပေါ်မှာ ဦးစွာ နေရာယူထားပါ၏။

ဟုတ်သည်။

ဆိုင်းဘုတ်ပေါ်တွင် ဝယ်ယူရန် စိတ်ဝင်စားသူဟုထင်ရသော ဖုန်းနံပါတ်တစ်ခုကို တွေ့ရသည်။

ဆောင်း တစ်ချက်စဉ်းစားလိုက်သည်။ နောက် Whiteboard အောက်ခြေမှာထိုးထားသော ဆော့ပင်ကိုထုတ်ယူရင်း ခြေဖျားထောက်ကာ ရှိနှင့်ပြီးသားဖုန်းနံပါတ်အောက်မှ သူ့ဖုန်းနံပါတ်ကို စာလုံးကြီးဖြင့် ရေးလိုက်လေသည်။ သူ့အပြုအမူကြောင့် မိုးက . . .

"ဟော့ကောင် . . . မင်းဒီအိမ်ကို ဝယ်မလို့လား"

ဆောင်း ပြန်မဖြေ။ ကားပေါ်ရောက်တော့ မိုးက ထပ်မေးသည်။



ထိုအခါမှ ဆောင်း သက်ပြင်းကိုချရင်း . . .

"ဆေတန် သေမသေကိုသိဖို့က ဒီတစ်နည်းပဲရှိတော့တယ်လေ"

ထိုမျှသာပြော၍ ကားကို မောင်းထွက်ခဲ့တော့သည်။ လမ်းတစ်လျှောက်လုံးတွင်လည်း နှစ်ယောက်လုံး စကားမဆိုမိ။ ကိုယ်စီကိုယ်စီ အတွေးတွေဖြင့် မျောလွင့်ကာ ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေတော့သည်။

ဒါပေမဲ့ ဆောင်း၏အတွေးကို ဝင်ရောက်နှောင့်ယှက်စိုးမိုးနေသည့် အကြောင်းအရာတစ်ခုက ရှိနေသည်။

အဲဒါက . . .

ဆောင်း ဖုန်းကိုဖွင့်ကာ နံပါတ်တစ်ခုကို ရှာကြည့်လိုက်သည်။ သူရှာနေသောဖုန်းနံပါတ်က ပေါ်လာပါ၏။ ဆောင်း တစ်ချက်ကြည့်ရင်း ခေါင်းယမ်းလိုက်သည်။

ဖုန်းနံပါတ်ချင်း မတူပါ။

ဒါဆို 'အိမ်ရောင်းမည်' ဆိုင်းဘုတ်ပေါ်မှ ဖုန်းနံပါတ်က သာမန်အိမ်ဝယ်ဖို့စိတ်ဝင်စားသည့် ဖုန်းနံပါတ်ပဲလား။ ဒါမှမဟုတ် . . .

ဆောင်း သက်ပြင်းတစ်ချက်ကို ခပ်လေးလေးပင် ချမိသည်။

"သူကရော . . . ဘယ်သူလဲ?



www.burmeseclassic.com

www.burmeseclassic.com

# XI

ဆိုင်ပြန်ရောက်ရောက်ချင်းမှာပင် ဆောင်းနှင့်မိုး ထိပ်သီးအစည်းအဝေးပွဲတစ်ရပ်ကို စတင်ရတော့သည်။

"ငါကတော့ လုံး၀ လက်မခံနိုင်တော့ဘူး ဆောင်း။ ဒါ ငါတို့ကို သက်သက်ကျောတာကွ"

မိုး စကားကြောင့် သူ နားမလည်စွာ ပြန်မေးလိုက်သည်။

"မင်း ဘာကိုဆိုလိုချင်တာလဲ မိုး"

"ဘာကို ဆိုလိုရမှာလဲကွ။ မဲပုံးတွေထဲ ရောက်ရောက်လာတဲ့ ဟိုစာရွက်တွေကိုပေါ့။ အဲဒါ ငါတို့ကို တမင်ရိတာ"

"ဘယ်လို"



"[illegible] . . . Thinking ဆိုင်ဖွင့်ထားတဲ့ ငါတို့နှစ်ယောက်ကို အတွေးအခေါ်နဲ့ပတ်သက်ပြီး ပညာစမ်းတာ။ ဒါမျိုး ရရိုးလားကွာ။ ကျောင်းမှာကတည်းက ဖလော်နဲ့ပတ်သက်ရင် 'ဇ' ရှိထားတဲ့ကောင်တွေ။ ငါကတော့ လက်ပိုက်ကြည့်မနေနိုင်တော့ဘူး"

"မင်းက ဘာလုပ်ချင်လို့လဲ"

"မဲလာထည့်တဲ့လူကို ရအောင်ဖမ်းမယ်ကွာ"

ဆောင်း သဘောပေါက်လိုက်သည်။ ဆေတန်ဆိုသော မိန်းကလေး လှလှပပ ပညာပြသွားသည်ဟူသောသဘောဖြင့် မိုး ပေါက်ကွဲနေခြင်းဖြစ်သည်။ မိုး ပေါက်ကွဲမှုပြင်းအား အရှိန်ကိုကြည့်၍ ဆောင်း ကျေနပ်သွားသည်။

"မင်း စဉ်းစားကြည့်။ ငါတို့ ပထမတစ်ခါသွားတုန်းက ဆေတန်သေပြီဆိုပြီး ရက်လည်တောင်ဖိတ်လိုက်သေးတယ်။ ပြီးတော့ နောက်နေ့ကစပြီး ငါတို့ဆီကို Thinkingboard မှာ တင်ပြီးသားစာသုံးစောင် ထပ်ရောက်လာတယ်။ အခုတစ်ခါသွားတော့ အိမ်ပြောင်းသွားပြီတဲ့။ အဲဒါ ဘာ သဘောလဲ"

ဆောင်း ပြန်မဖြေ။ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေသည်။ မိုး ပြောပုံအရဆိုရင်တော့ သူတို့ကို လှလှပပ အနိုင်ယူသွားခြင်း ဖြစ်သည်။ ဒါပေမဲ့ မဲပုံးထဲမှရသော စာသုံးစောင်က ဆေတန်ကိုယ်တိုင် လာထည့်ခြင်းမဟုတ်ဆိုတာကိုတော့ ပြော၍ရသည်။ သူတို့ ဆေတန်ဆိုသော မိန်းကလေးကို မြင်ဘူးထားသည်။ ဒါဆို မည်သူထည့်တာနည်း။

ထိုစဉ်မှာပင် မိုး၏ ပေါက်ကွဲသံက ထပ်ထွက်လာသည်။

"ဆောင်း . . . မင်းဒီအတိုင်း ငြိမ်နေမှာလား။ ငါတို့ နေ့တိုင်း ရင်ဆိုင်ဖြေရှင်းနေရတဲ့ အကြောင်းအရာတွေကို မင်းသိတယ်နော်။ (Thinkingboard မှစာသားကို Customers တွေနားမလည်သဖြင့် သူတို့တာဝန်မကျေဖြစ်နေရခြင်းကို ဆိုလိုခြင်းဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး အခုအလှည့်က မင်းအလှည့်ကွ။ မင်းအလှည့်ရောက်မှ Thinkingboard ကစားတွေ ဘာမှန်းမသိတာ ကောင်းလား"

မိုးကတော့ ရေရေလည်လည်ကို နှိပ်ကွပ်နေပါပြီ။ ဒါပေမဲ့ ဆောင်းကတော့ သူ၏စတိုင်အတိုင်း သွေးအေးလျက်ရှိနေပါ၏။ ပြီးစီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိဖွာရှိုက်လိုက်သည်။ ဆေးလိပ်ငွေ့တွေကို အကွင်းလေးတွေပေါ်အောင်ပင် နှုတ်ခမ်းနှစ်လွှာဖြင့် ထိန်းညှိလွှတ်တင်လိုက်ရင်း . . .

"မဲပုံးထဲ ဘယ်သူလာထည့်တယ်ဆိုတာကို မိအောင်ဖမ်းနိုင်ရုံနဲ့ Thinkingboard ပြဿနာကိုဖြေရှင်းနိုင်မယ်လို့ မင်းထင်သလား မိုး"

"ထင်တယ်"

မိုးက ယတိပြတ်ပြောသည်။

"ငါကတော့ မထင်ဘူး။ ဒါပေမဲ့ အခုလောလောဆယ် ဆက်လုပ်စရာက ဒီတစ်နည်းပဲရှိတာဆိုတော့ ငါတို့ မိအောင်ဖမ်းကြတာပေါ့"

ပြီးနောက် သူတို့နှစ်ဦး အတန်ကြာ တိတ်ဆိတ်သွားလေသည်။ ကုန်သွားသောဆေးလိပ်ကို ပြာခွက်ထဲသို့ ဖွဲ့ခြေနှိမ့်ချလိုက်ရင်း ဆောင်းက တစ်ခွန်းချင်းပြောလိုက်၏။

"မနက်ဖြန်မှာ စတွေ့ပြီ"



## XII

နောက်တစ်နေ့မနက်မှာပင် Thinking ဆိုင်လေးမှာ ရှင်သန်မှု System ပြောင်းသွားလေတော့သည်။ အဲဒါက စားပွဲခုံတွေကို သုံးဝိုင်းတစ်ခုစီပြောင်းစီသည်။

စားပွဲသုံးဝိုင်းကို စားပွဲထိုးတစ်ယောက်နှုန်း တာဝန်ယူနိုင်းသည်။ တာဝန်ယူရသော စားပွဲထိုးက ထိုသုံးဝိုင်းမှလွဲ၍ ဘယ်မျှမသွားရ။ ကောင်တာနှင့် ငွေသွင်း၊ ငွေရှင်းသာရှိရမည်။ အစားအသောက် အသိမ်းအချ တာဝန်ကို စားပွဲထိုးသက်သက်ထားသည်။

စားပွဲသုံးဝိုင်းကို တာဝန်ယူရသောစားပွဲထိုးသည် မိမိတာဝန်ယူရသောဝိုင်းမှ တစ်နေ့တာ မဲထည့်သူဦးရေကို မှတ်ထားရမည်။ (ဖြစ်နိုင်လျှင် မည်သူမည်ဝါဆိုသည်ကို သိအောင် စုံစမ်းရမည်။)



www.burmeseclassic.com

www.burmeseclassic.com

ကောင်တာတွင်တော့ ထုံးစံအတိုင်း [illegible] ယောက်အလှည့်ကျစနစ် ပြောင်းထိုင်ရမည်။ သူတို့ဆိုင်တွင် မန်နေဂျာမရှိ။ မိမိတာဝန်ကျကောင်တာတွင် ထိုင်ရသူသည်သာ ဆိုင်၏တာဝန်ခံ။ ဖုန်းကိုလည်း ထိုသူသာ အသုံးပြုကိုင်တွယ်ရမည်။ ကိုယ့်သဘောနှင့်ကိုယ် ဖုန်းခေါ်ခြင်း၊ စကားပြောခြင်း မပြုလုပ်ရတော့။

ရုတ်ခြည်းပြောင်းလဲသွားသော လည်ပတ်မှုပုံစံကြောင့် ဝန်ထမ်းများ အခက်တွေ့နိုင်သည်ဟုတော့ သူတို့တွေးမိသည်။ ဒါကြောင့်လည်း အမြန်ဆုံးဖမ်းမိရန် အားခဲထားပါ၏။ ဝန်ထမ်းအားလုံးကိုလည်း ပွင့်ပွင့်လင်းလင်း ပြောထားသည်။

ဒါပေမဲ့ သိပ်မခက်လှပါ။ နေ့တစ်ဝက်သာသာမှာပင် ဝန်ထမ်းအားလုံး သူ့နေရာနှင့်သူ ပုံစံကျသွားလေသည်။

ကဲ . . . သူတို့ဘက်ကတော့ အားလုံးအဆင်သင့် ဖြစ်နေပေပြီ။

မည်သူ မဲလာထည့်မည်နည်း?

• • •

သူတို့၏ အကြံအစည်က ယနေ့တစ်နေ့တာ မဲထည့်သူတွေကို မှတ်သားထားမည်။ ပြီး ညနေကျလျှင် လိုချင်သောစာရွက်ပါမပါ ဖောက်ကြည့်မည်။

ပါလာလျှင် မဲပုံးပါစားပွဲနံပါတ်နှင့် တာဝန်ယူရသော ဝန်ထမ်းထဲမှ မှတ်သားထားသောစာရင်းနှင့် ချိန်ထိုးကြည့်မည်။

ဥပမာ – စားပွဲနံပါတ် (၅)တွင် လိုချင်သောစာရွက်တွေ့မည်ဆိုပါစို့။ ယနေ့တွင် စားပွဲနံပါတ် (၅)၌ နှစ်ဦးသာထိုင်သည်။ ထိုသူနှစ်ဦးလုံး မဲထည့်သည်ဆိုလျှင်တော့ နောက်နေ့မှစ၍ တစ်ဆိုင်လုံးမှ အာရုံ



သည် ထိုသူနှစ်ဦးထံတွင်သာ ရှိနေရမည်။ ထိုနှစ်ယောက်ထဲမှ တစ်ယောက်သည် ဧကန်မုချ တရားခံဖြစ်ရပေမည်။

အာရုံထားနေသည့်အချိန်တွင်မှ နှစ်ယောက်လုံး မဲထည့်သည်ဖြစ်စေ၊ တစ်ယောက်ပဲ ထည့်သည်ဖြစ်စေ ထည့်တာနှင့် ဝင်ဖမ်းမည်။

သုံးယောက်ဆိုလျှင်လည်း ဤအတိုင်း။

ဒါပေမဲ့ နှစ်ယောက်တော့ ထိုင်သည်။ သို့သော် ထိုင်သည့်အချိန်မတူကြ။ ဒါမျိုးဆိုလျှင်တော့ အချိန်တစ်ရက် ထပ်ပေးရမည်။ တစ်ယောက်ပြန်သွားသည်နှင့် မဲပုံးတစ်ခါဖွင့်ကြည့်မည်။ တွေ့သည့်လူကို နောက်နေ့တွင် ဖမ်းမည်။

ရှင်းရှင်းလေး။

ဟုတ်တော့ ဟုတ်နေပါပြီ။

ကဲ . . . ဘယ်သူဖြစ်မလဲ?



www.burmeseclassic.com

www.burmeseclassic.com

## XIII

"ဟေ့ကောင် . . . မိုး"

"ဘာလဲ"

"အခု ငါတို့လုပ်တဲ့ အစီအစဉ်လေးကို 'ခိုစာမျှော်ရန်'လို့ နာမည်ပေးရအောင်"

"ဘာဖြစ်လို့လဲ"

"ဟို . . . ရှင်ဘုရင်တွေလက်ထက်တုန်းက တစ်နိုင်ငံနဲ့တစ်နိုင်ငံ တစ်ဦးနဲ့တစ်ဦး အဆက်အသွယ်လုပ်ချင်ရင် ခိုတွေကိုအသုံးပြုကြတယ်လေကွာ။ ခိုလေးတွေဟာ သူတို့ခြေထောက်မှာ ချည်ပေးလိုက်တဲ့စာရဲ့အဓိပ္ပာယ်ကို နားမလည်ပဲနဲ့ ခိုင်းစေလိုက်တဲ့နေရာရောက်အောင် အခက်အခဲတွေ ဘယ်လောက်များများကျော်ဖြတ်ပြီး ရောက်အောင်သွားပေးကြတယ်။ အဲဒီခိုလေးတွေ သယ်သွားတဲ့စာကို 'ခိုစာ' လို့ခေါ်တယ်။



အခုလည်း ငါတို့အဖြစ်က အဲဒီလိုပဲ။ စာရဲ့အဓိပ္ပာယ်ကို နားမလည်ဘူး။ ဒါပေမဲ့ ခိုလေးတွေရောက်လာမယ့်အချိန်ကို မျှော်နေရတာနဲ့တူလို့ ခိုစာမျှော်ရန်လို့ နာမည်ပေးတာ"

"ကောင်းသားပဲ"

သူတို့တွက်ကိန်း မှန်သွားခဲ့ပါသည်။ သူတို့မျှော်နေသော 'ခိုစာ' မှာ တကယ်ပင် ရောက်လာခဲ့ပါ၏။

• • •

ဆိုင်သိမ်းပြီး မဲပုံးတို့ကို ဖောက်စစ်သောအချိန်တွင် ဖြစ်သည်။

"ဟာ . . . ဒီမှာ ပါလာတယ်"

ဝန်ထမ်းကောင်လေးတစ်ယောက်၏ ဝမ်းသာအားရအော်လိုက်သံကြောင့် အကုန်လုံးခေါင်းတွေ ထောင်သွားသည်။

မိုးနှင့်ဆောင်းမှာတော့ ရင်တွေ ဒိန်းခနဲပင် ခုန်သွားရကာ အလှုင်စလို ဆွဲယူကြည့်လိုက်တော့ . . .

ဟုတ်သည်။ ခိုစာမှ ခိုစာအစစ်။ သူနှင့်မိုးအကြည့်ချင်း ဆုံသွားပါ၏။ ထိုအကြည့်တွင် အဓိပ္ပာယ်တွေ များစွာပါဝင်သွားလေသည်။

ဒီလိုဆိုတော့လည်း သူတို့အလုပ်က သိပ်မခက်တော့ပါ။ ကြိုတင်စီစဉ်ထားသည့်အတိုင်းပင် ခိုစာပါလာသည့် မဲပုံးနံပါတ်ကို ကောက်ကြည့်လိုက်သည်။ ပြီးတော့ တာဝန်ယူရသည့် ဝန်ထမ်းကိုခေါ်သည်။

မကြာလိုက်သော အချိန်အတွင်းမှာပင် သူတို့လိုချင်သော အချက်အလက်တွေ၊ လျှို့ဝှက်ချက်တွေ တစ်ထွေးကြီးကို ရရှိလေ၏။ ထို အချက်အလက်တွေရမှပင် သူတို့ 'ခိုစာမျှော်ရန်' အစီအစဉ်မှာ လုံးခကို လှပသွားလေသည်။ မထင်မှတ်လောက်အောင်ကို ရှုပ်ထွေးသွားပြီး စိတ်ဝင်စားဖွယ်အတိ ဖြစ်လာတော့၏။



www.burmeseclassic.com

အကြောင်းကား . . .

www.burmeseclassic.com

မဲပုံးနံပါတ်ပါ စားပွဲဝိုင်းကို တာဝန်ယူသည့် ဝန်ထမ်းလေး၏ ရေးမှတ်ထားသော အချက်အလက်ပါစာရွက်က အစပြုလိုက်သည်။

စားပွဲနံပါတ် (၁)

လူသုံးယောက် အတူတူလာထိုင်သည်။ သုံးယောက်လုံး မဲထည့်သည်။

ပထမတစ်ယောက် . . .

'ဘာလာလာ ဒါပဲ' အမျိုးသား Beauty Saloon မှ ကိုရာဇာ။

ဒုတိယတစ်ယောက် . . .

"Triangle" အထူးကုဆေးခန်းမှ ဒေါက်တာ စည်သူ။

တတိယတစ်ယောက် . . .

"Kiss" Mini Market မှ မန်နေဂျာ မသွယ်ဖြူ။

စာရွက်ကိုကြည့်၍ မိုးနှင့်ဆောင်း နှစ်ယောက်လုံး၏ ရင်ဝကို အလုံးကြီးတစ်လုံးက လာဆောင့်သည်။ ဦးနှောက်တွေက တကျိုကျို အော်မြည်ကုန်၏။ ကြည့်နေသောမျက်လုံးတွေက ဝတ်ရည်ခန်းခြောက်သော ပန်းတစ်ပွင့်လို ရနံ့မဲ့သွားသည်။

သူတို့ လုံးဝထင်မှတ်မထား။ တကယ်ပင် လုံးဝကို ထင်မထားခဲ့။ သို့သော် . . .

"ကျွန်တော်လည်း ဒီပြင်လူဆို အခုလို အတိအကျသိမှာ မဟုတ်ဘူး။ အခုဟာက ဆိုင်နီးနားချင်းတွေဖြစ်နေပြီး ဒီလူတွေကလည်း ကျွန်



[illegible]နေတော့ . . ."

သူ ခေါင်းညိတ်ပြလိုက်သည်။ ကောင်လေးပြောသည့်အတိုင်းပင် သူလည်း အကုန်လုံးကို သိပါ၏။

ရင်းတော့ မရင်းနှီး။ ဆိုင်နီးနားချင်း ဖြစ်သည့်အတွက် မျက်မှန်းတန်းမိယုံတော့ ရှိသည်။ သုံးယောက်လုံး Thinking သို့ ပုံမှန်လာမလာ ဆိုသည်ကတော့ ဝန်ထမ်းတွေလောက် သူတို့မသိ။ သူတို့က အပေါ် သီးသန့်ခန်းမှာပဲ အနေများသည်ကိုး။

ဒါဆို သုံးယောက်ထဲမှာ တရားခံ မည်သူဖြစ်မည်နည်း။ ဘာကို ရည်ရွယ်၍ အခုလို Thinking မဲထည့်ရသနည်း။ ဒီလိုဆို သူတို့သံသယဖြစ်နေသော ဆေတန်နှင့် ယခုကိစ္စက မဆိုင်တော့ဘူးလား။ ဒါမှမဟုတ် ထိုထဲကတစ်ယောက်များ ဆေတန်နှင့် ပတ်သက်နေသလား။

တွေးမည်ဆိုလျှင်တော့ တွေးလို့ကိုဆုံးမှာမဟုတ်။ ဒါပေမဲ့ ဘာပဲပြောပြောပါ၊ ထိုသုံးယောက်ထဲမှာတော့ သူတို့လိုချင်သောအဖြေ ရှိကိုရှိရပေမည်။

ဒီတော့ မနက်ဖြန်မှစ၍ တစ်ဆိုင်လုံး၏ ပစ်မှတ်သည် ဆိုင်နီးနားချင်းသုံးယောက်ပင် ဖြစ်သွားပါတော့၏။

အားလုံးမှာလည်း မနက်ဖြန်စမည့် စစ်ဆင်ရေးအတွက် ရင်တွေ တဒိုင်းဒိုင်း ခုန်နေကြသည်။ စုံထောက်ဆန်ဆန်၊ လျှို့ဝှက်သည်းဖိုဆန်ဆန် စိတ္တဇဆန်ဆန် အကြောင်းအရာတစ်ရပ်ကတော့ အားလုံး၏စိတ်နှလုံးကို ဆွဲခေါ်နေပါသည်။

မနက်ဖြန်ဆိုလျှင်တော့ သူတို့အားလုံး ဆားပုလင်းနှင့်မောင်းလုပ်ရပြီပေါ့။

တရားခံဟု ရင့်ရင့်သီးသီး သုံးလိုက်လျှင် တရားခံ မည်သူဖြစ်၍၊ မည်သူ့ကို ဖမ်းရမည်နည်း?။



www.burmeseclassic.com

www.burmeseclassic.com

ဝက်ပါလို့သမုတ်တဲ့ လုပ်ဇာတ်ကြီးတစ်ခုကို
တစ်ခေါက်ပြန်မရောက်ချင်တော့ဘူး။
အပြာရောင်ငှက်တွေလိုပဲ တောင်ပံကို
အားပြုရင်း ပျံသန်းလိုက်ချင်ရဲ့
ဒါမှ မင်းကျော့ကွင်းကို အပေါ်စီးက
ကြည့်နိုင်မယ်လေ။
မင်းဘယ်သူလဲ၊ ဘယ်မှာလဲ၊ ဘာလုပ်လဲ
Lola(လိုလာ) လို့ ရေရွတ်ရင်း
အာရုံပြုကြည့်လိုက်မိတော့ . . .
ဩော် . . . မင်းက သက်တံ့ပေါ်မှာ
ကဗျာလွတ် ကနေတာကိုး . . . ။



BURMESE CLASSIC .com

## First Day

မထူးဆန်းသော နေ့သစ်တစ်ခုက မဖိတ်ခေါ်ရပါပဲနှင့် သက်ဆင်းလာသည်။ မြို့ပြအငွေ့အသက်တွေ ဝိန်းပိတ်နေသော မနက်ခင်းက နှင်းမှုန်တို့ဖြင့် ခပ်ဝါးဝါး ပန်းသင့်နေပါ၏။

မကြာခင်အချိန်အတွင်းမှာပင် လောကယန္တရားကြီးက လောင်စာဆီဖြည့်ပြီး လည်ပတ်ပေတော့မည်။ ဘုရားရှိခိုးသံ၊ ထမင်းချိုင့်သံ၊ စာအုပ်ထည့်သံ၊ လွယ်အိတ်လွယ်သံ၊ မုန့်ဖိုးတောင်းသံများနှင့် ဘတ်(စ်)ကားသံများ။

ကားစပယ်ယာတွေ၏ အော်ဟစ်ခေါ်ကြန်းသံ၊ အသက်ရှူသံ၊ ချွေးနံ့။ ပြီးတော့ . . .

'ဟူး' . . . သက်ပြင်းချသံ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအသံမျိုးစုံဖြင့် ငြိမ်းငွေ့ဖွယ်နေ့သ[illegible] ရောက်ရှိလာပြီ။

ဆောင်းနှင့်မိုး ဆိုင်သို့ဝင်ဝင်ချင်းမှာပင် ပထမဆုံး သတိရသည်က ဒီနေ့တရားခံကို မိအောင်ဖမ်းရမည်ဟူသော အသိ၊ ဝန်ထမ်းများအားလုံးကလည်း နှိုးဆော်ဖို့မလိုအောင် အလိုလို တက်ကြွနေကြသည်။

ဆောင်း ဆုံးဖြတ်ချက်တစ်ခုကိုချရင်း Thinkingboard ကို ကြည့်လိုက်သည်။ Thinkingboard စာသားကတော့ နည်းနည်းလေးမှ မပြောင်းလဲပဲ သူ့ကို လှောင်ပြုံး ပြုံးပြနေပါ၏။ နောက် ဒီတစ်လ၏ ဆိုင်တာဝန်ခံဖြစ်သော 'ဖော်မင်း'ဆိုသူကို မှာစရာရှိတာမှာ၊ ညွှန်ကြားစရာရှိတာ ညွှန်ကြားရင်း အချိန်ဟူသောလည်ပတ်မှုကို ဆောင်းတစ်ယောက် စတင်စိန်ခေါ်လိုက်တော့သည်။

"ကဲ . . . လောကကြီးရေ၊ မင်းပြုံဆင်းလာမယ့်အချိန်ကို ငါလက်ပိုက်ပြီး စောင့်နေတယ်။ ကောင်းကင်လို တည်ငြိမ်မှုမျိုးနဲ့ပေါ့"

• • •

အချိန်တွေက တစ်စထက်တစ်စ နွေးကွေးလေးလံလာသည်။ နေမင်း၏ကြိုးစားမှုကို ဆိုင်တွင်းမှ Air-Con က သိပ်ကြာကြာ အန်မတုနိုင်။ သို့ပေမယ့် မြေဆီမနိုင်သော ရှင်သန်မှုမျိုးနှင့်တော့ တနုံ့နုံ့ရှုံ့မဲ့စွာ ကျော်ဖြတ်နေရသည်။

"ငါတို့ဆိုင်မှာ Air-Con ထပ်တပ်ရင် ကောင်းမယ်နဲ့တူတယ်"

မိုးက ပြောသည်။

"အခုအတိုင်းလည်း အဆင်ပြေပါတယ်ကွာ။ လောကကြီးကို သာမန်လောက်ပဲတုံ့ပြန်တာ ကောင်းပါတယ်။ ပိုသွားရင် Abnormal ဖြစ်သွားလိမ့်မယ်"

"ဘာလဲကွ Abnormal"



"[illegible]ကဲသွားတာကို ပြောတာ"

သူ့စကားကြောင့် မိုးက သိပ်မဆိုင်ဘူးဟူသည့်သဘော မျက်မှောင်ကျုံ့ကာ ကြည့်သည်။

"ဆိုင်ရှေ့ကို လှမ်းကြည့်လိုက်"

မေးငေါ့ရင်းပြောလိုက်သော သူ့စကားကြောင့် မိုးအကြည့်တွေ ဆိုင်ရှေ့ရောက်သွား၏။

ချွေးစေးတွေငိုချနေသော နေပူကျဲကျဲတွင် ချွေးအထပ်ထပ်စွဲနေသော အင်္ကျီထပ်ပေါင်းများစွာဖြင့် ဂျစ်ပစီအဘိုးအိုတစ်ယောက်၊ အပေါ်ဆုံးမှ လောင်းကုတ်ထူပိန်းပိန်း အင်္ကျီရှည်ကြီးကို အဆုံးသတ်ဝတ်ထားသည့်အပြင် ခေါင်းပေါ်၌ သက္ကလတ်ဦးထုပ်ဟောင်းတစ်လုံးကို အုပ်မိုးထားသေးပါ၏။ မြင်ရရုံနှင့်တင် ငရဲမီးတမျှ စိတ်အိုက်လှသည်။

"သူ့ကို မင်း ဘယ်လိုမြင်လဲ"

မိုးက စိတ်မသက်မသာ ခေါင်းယမ်းရင်း . . .

"စိတ်သိပ်မမှန်ဘူးနဲ့ တူတယ်"

"အေး . . . အဲဒါ Abnormal ပဲ။ ဒီလောက် အပူရှိန်တွေအောက်မှာ သူရဲ့တုံ့ပြန်မှုက တအားကြီး လွန်ကဲနေတယ်လေ။ တုံ့ပြန်မှုလွန်ကဲလို့ Abnormal ဖြစ်သွားတာလား၊ Abnormal ဖြစ်လို့ တုံ့ပြန်မှုလွန်ကဲသွားတာလား သေချာပြောလို့မရပေမဲ့ ဘယ်ထောင့်ချိုးကကြည့်ကြည့် Normal တစ်ယောက် မဟုတ်ဘူးဆိုတာ ပြောလို့ရတယ်"

"ဒါဆို Normal ဆိုတာ ဘာကိုပြောတာလဲ"

ဆောင်း ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ မျက်စိကစားသည်ဆိုသော်လည်း သူတို့နှစ်ယောက်မှာ အပေါ်ထပ်တွင် ရှိနေကြခြင်းဖြစ်သည့်အတွက် မျက်နှာစာတွင်ကာထားသော မှန်ထဲမှသာ ထိုးဖောက်ကြည့်ရှုခြင်းဖြစ်သည်။

"ဟို သစ်ပင်ပေါ်က ငှက်ကလေးကို လှမ်းကြည့်လိုက်"

သူညွှန်ပြရာဆီသို့ မိုး ကြည့်လိုက်သည်။ ခပ်အုပ်အုပ်သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

မရှည်မပုလေး၏ အနေတော်ကိုင်းတစ်ကိုင်းပေါ်[illegible] က သက်သောင့်သက်သာ အနားယူနေသည်။ အမြင်ဝေးလှသည့်အတွက် ဘာငှက်မှန်းတော့မသိ။ ဒါပေမဲ့ အဖြူအညိုရောယှက်ထားသော အမွေးပွ ငှက်လေးတစ်ကောင်ဖြစ်သည်ကိုတော့ ခန့်မှန်းလို့ရသည်။

"အဲဒီငှက်လေးမှာ အပေါ်အကျႌတွေလည်း ဝတ်မထားဘူး၊ ဦးထုပ်လည်း ဆောင်းမထားဘူး။ သူ့သေားနားမှာလည်း Air-Conဖွင့်မထားဘူးကွ။ လောကကြီးကို သူ့ရဲ့ မွေးရာပါအစိတ်အပိုင်း၊ အမွေးအတောင်တွေနဲ့ပဲ ရိုးရိုးလေး တုံ့ပြန်တာ။ ဒါကြောင့် သူ့ရဲ့တုံ့ပြန်မှုဟာ ဘယ်တော့မှ မလွန်ကဲဘူး . . . သာမန်ပဲ။ ခုနစကားအတိုင်းပြောရရင်တော့ Normalပေါ့ကွာ"

သူ့စကားကို မိုးက သိပ်လက်မခံချင်။ ထို့ကြောင့် . . .

"ဒါဆို မင်းဆိုလိုတာက တိရစ္ဆာန်တွေကမှ Normal ဖြစ်ပြီး လူတွေက Abnormalဖြစ်တယ်လို့ ဆိုချင်တာလား"

"အဲဒီသဘော မဟုတ်ပါဘူး။ ဒါပေမဲ့ ခပ်ဆင်ဆင်တော့ တူတယ်။ မိုး . . . လူဆိုတဲ့သတ္တဝါကို မင်းသုံးပိုင်းပိုင်းကြည့်လိုက်။ အဲဒီသုံးပိုင်းမှာ နှစ်ပိုင်းလောက်က Abnormalဖြစ်နေတာကို မင်းတွေ့ရလိမ့်မယ်။ တကယ်တော့ လောကကြီးကို ရိုတာလေးနဲ့ အကောင်းဆုံးတုံ့ပြန်တာ အမှန်ဆုံးပါပဲ။ ဟိုသစ်ပင်ပေါ်က ငှက်ကလေးလိုပေါ့"

သူ့စကားဆုံးတော့ မိုးက သက်ပြင်းဌွေ့ဌွေ့ချသည်။ သိပ်လက်ခံချင်ပုံမရပေမဲ့ ဘာမျှတော့မပြော။ သစ်ပင်ပေါ်မှ ငှက်ကလေးကတော့ သူ့အကြောင်းပြောနေသည်ကို မရိပ်မိပဲ အတောင်လေးပြန့်ပြန့်ချကာ အနားယူနေပေါ့၏။

ထိုစဉ်မှာပင် ထူးခြားသွားသော အခြေအနေတစ်ခုကို သူတို့နှစ်ယောက် သတိပြုမိလိုက်သည်။ အဲဒါက ဆိုင်အောက်ထပ်မှာ မသိမသာ လှုပ်ရှားသွားသော ဝန်ထမ်းများ။

ပြောင်းလဲသွားသော အခြေအနေတစ်ရပ်ကို ဆောင်း ချက်ချင်း



[illegible]လိုက်သည်။ အောက်ထပ်တွင် ခိုစာထည့်ဖို့ ခိုတစ်ကောင် ကောင်တော့ ရောက်နေလောက်ပြီ။ ထင်သည့်အတိုင်းပင် အောက်ထပ်သို့မြင်ရသော မှန်တံခါးမှတစ်ဆင့် ကြည့်ရှုရှာဖွေလိုက်တော့ . . .

စားပွဲနံပါတ် (11)တွင် တစ်ဦးတည်းထိုင်နေသော ဒေါက်တာစည်သူ။ သူ့ရင်တွေ တဒိတ်ဒိတ်ခုန်လာပါ၏။ ဘေးမှကြည့်နေသော မိုးသည်လည်း သူ့လိုဖြစ်နေမည်ဆိုတာ ပြောလို့ရသည်။

No. 11စားပွဲကို တာဝန်ယူရသော ဝန်ထမ်းမှာ လုံးဝကို တည်ငြိမ်သွားလေသည်။ ကြိုတင်မှာကြားထားသည့်အတိုင်း ပစ်မှတ်ကိုထွက်ပေါက်ပေးကာ အရှုးကွက်နင်းထားခြင်း ဖြစ်သည်။ အားလုံးသော ဝန်ထမ်း တွေမှာလည်း ထိုအတိုင်း။ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေကြသော်လည်း အာရုံက ထိုတစ်ယောက်အပေါ်တွင်သာ စုပုံထားသည်။

သိပ်တော့ တရားမျှတလိမ့်မည်မဟုတ်မှန်း တွေးမိသည်။ တစ်ယောက်နှင့်တစ်ဆိုင်လုံး အားပြိုင်နေကြသည်ကိုး။ ဒါပေမဲ့ မတတ်နိုင်။ ပုစ္ဆာအဆုံး၌ အဖြေတွေ့သွားဖို့ပင် မဟုတ်ပါလား။ တွက်နည်းကို သိပ်စဉ်းစားမနေတော့။

အဖြေမှန်ဖို့သာ အရေးကြီးသည်လေ။

ဒေါက်တာစည်သူကတော့ ဘာမျှမသိလင့်ကစား ကော်ဖီတစ်ခွက်ကိုမှာသောက်ကာ အေးအေးလူလူ ဖြစ်နေသည်။ သူ့ပုံစံကြည့်ရသည်မှာ တေးဆိုနေသောငှက်တစ်ကောင်နှင့်ပင် တူနေသေးတော့၏။ ဘာအာရုံဖိအားမျှ သက်ရောက်မခံထားရသည့် ပုံစံမျိုး။

မအေးဆေးနိုင်သည်ကား ဆောင်း။ သူ့စိတ်တွေ တော်တော်လှုပ်ရှားနေသည်။ တရားခံ ဘယ်သူဆိုတာထက် Thinkingboard အဓိပ္ပာယ်ကို သိချင်လွန်းနေသည် မဟုတ်ပါလား။

အချိန်စက်ဝိုင်းကတော့ အနည်းငယ် ရွှေ့စောင်းသွားသည်။ အေးစိမ့်သော Air-Conနယ်ပယ်ထဲမှာပင် လေပူတစ်ချက် ဝင်ရောက်လိုက်သော်သွားသလို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com

အခုအချိန်အထိ မသင်္ကာဖွယ်ရာ တ[illegible] နှင့်မိုးလည်း ရင်တထိတ်ထိတ်ဖြင့် ကြည့်ရှုနေသလို ဆိုင်ဝန်ထမ်းတွေလည်း ဒေါက်တာစည်သူနှင့် သူ့ရှေ့မှမဲပုံးကို စိတ်ဝင်စားနေကြသည်။

သူတို့ပဲ သတိမထားမိသည်လား၊ နာရီလက်တံတွေကပဲ သွက်လွန်းနေသည်လားမသိ၊ အချိန်တွေက မတွေးတတ်အောင်ပင် ကဆုန်ပေါက်နေ၏။

နာရီဝက်နီးပါးပင် ကြာသွားပေပြီ။ အခုအချိန်အထိ သူတို့ကစားပွဲက မစတင်ရသေး။

ထိုစဉ်မှာပင် ဒေါက်တာစည်သူက ရှေ့မှကော်ဖီခွက်ကို တစ်ချက်မော့ကာ အဆုံးသတ်လိုက်သည်။ ပြီးတော့ သူ့အနီးအနားမှ ဝန်ထမ်းတစ်ယောက်ကိုခေါ်သည်။ ဘာပြောလိုက်သည်မသိ ထိုဝန်ထမ်းမှာ ကောင်တာဘက်သို့ လှည့်ထွက်သွားသည်ကို တွေ့ရ၏။

Billယူနိုင်းခြင်းဖြစ်မည်ဟု ဆောင်း တွေးမိသည်။ သူ့အတွေးမှန်ပါသည်။ မကြာမီမှာပင် ဆိုင်ဝန်ထမ်းပြန်ရောက်လာပြီး ဒေါက်တာစည်သူအား စာရွက်တစ်ရွက်ပေးသည်။ နောက် ဒေါက်တာစည်သူက Billစာရွက်အား တစ်ချက်ကြည့်ရင်း ကျသင့်ငွေကိုရှင်းက စားပွဲ No. 11 မှ ထထွက်သွားလေတော့သည်။

ရှင်းရှင်းလေးမှ တကယ့်ရှင်းရှင်းလေး။ စဉ်းစားစရာမလို။ တွေးစရာမလို။ ဒေါက်တာစည်သူ မဲပုံးကို ကိုင်လည်းမကိုင်၊ ထိလည်းထိမသွား။ သူ့ဘာသာကော်ဖီသောက်ပြီး ရိုးသားစွာပြန်သွားခြင်း ဖြစ်ပေသည်။

ဒါဆိုလျှင် . . .

ဆောင်းနှင့်မိုး တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။ နှစ်ဦးလုံး သဘောပေါက်သလိုလိုတော့ ဖြစ်သွားပါ၏။

ဒါပေမဲ့ ပိုပြီးသေချာစေရန် နှစ်ဦးလုံး အောက်သို့ဆင်းသွားလိုက်ကာ No. 11 စားပွဲမှ မဲပုံးကိုဖွင့်ကြည့်လိုက်တော့ . . .



မမြင်ရသော လက်နက်တစ်ခုက ထင်ထားသည့်အတိုင်း အားလျှော့ပျောက်ကွယ်သွားလေပြီ။ ဟုတ်သည်။ မဲပုံးအတွင်း၌ ဗလာရောင်လေးမှအပ ဘာမျှရှိမနေပါ။

ဒါဆို မဲပုံးတွင်းမှစာရွက်တွေသည် ဒေါက်တာစည်သူ့လက်ရာမဟုတ်ဘူးဆိုသည့် သဘောလား . . .

တရားသေတော့ သူတို့မပြောနိုင်သေး။ ဒါပေမဲ့ သုံးယောက်ရွေးချယ်ထားသည့်အတွင်းမှာမှ ယခု တစ်ယောက်ကတော့ ဖြစ်နိုင်ချေနည်းသွားလေပြီ။

ရာဇာ၊ ဒေါက်တာစည်သူ၊ သွယ်ဖြူ ဖြစ်နိုင်ချေသုံးယောက်အတွင်းမှာမှ ဒေါက်တာစည်သူကို ပယ်လိုက်လျှင်တော့ . . .

ရာဇာနှင့် သွယ်ဖြူဟူသော ခေါင်းစဉ်နှစ်ခုက စိတ်ဝင်စားဖွယ်ပေါ်ထွက်လာပေပြီ။

မဲပုံးထဲမှ စာရွက်ပိုင်ရှင်သည် ရာဇာလား?

သွယ်ဖြူလား?

ဒါမှမဟုတ်

ဘယ်သူဖြစ်မလဲ?



www.burmeseclassic.com

www.burmeseclassic.com

## Second Day

'ခဲနဲ့ပေါက်ခံရသော ခွေးတစ်ကောင်ဟာ လိုဗ္ဗိလို့အော် ပြီး ရှူးသွားတယ်'

Thinkingboard မှ စာသားကိုကြည့်ရင်း ဆောင်း တစ်ယောက် စိတ်မသက်မသာ ခေါင်းယမ်းမိသည်။ ဒီစာသား Thinkingboard ပေါ် ရောက်နေသည်မှာ လတစ်ဝက်ကျိုးပေပြီ။ ဒါပေမဲ့ စာသား၏အဓိပ္ပာယ် နှင့်ဆိုလိုရင်းကို အခုထိ သဘောမပေါက်သေး။

ဆိုင်၏ Customers များကိုလည်း အားနာမိသလို မိမိကိုယ်ကို လည်း ရှက်မိသည်။ ဟုတ်သည်။ Thinking ဆိုင်ဖွင့်ထားသော သူကိုယ် တိုင်ကိုက သူများခေါင်းစားတာခံနေရခြင်းသည် တော်တော်အောင့်သီး အောင့်သက်နိုင်သော ကိစ္စတစ်ခုပင် မဟုတ်ပါလား။



ယခုတော့ ထိုစာသားတစ်ကြောင်းက မထင်မှတ်လောက်အောင် ပင် ရှုပ်ထွေးလာခဲ့ပါပြီ။ ဒီအရှုပ်ထုပ်ကြီးကိုရော သူတို့ဖြည်နိုင်မည်လား။

ပထမဆုံး . . . ဆေတန်။ ပြီးတော့ ရာဇာ၊ ဒေါက်တာစည်သူ နှင့်သွယ်ဖြူ။ နောက် သူ့ဦးနှောက်မှတ်ဉာဏ်ထဲတွင် အမြဲအဖြေရှာမရ သော . . .

ဒါတွေအားလုံးကို သေချာစနစ်တကျ အကွက်ဆင်နိုင်ရွှေ့နိုင် ရင်တော့ ရေရာသောအဖြေတစ်ခုထွက်မည်မှန်း သူသိသည်။

ဒါပေမဲ့ သို့လော . . . သို့လော . . . အခြေအနေတွေကြောင့် အဖြေထုတ်နှေးနေခြင်းလည်းပါသည်။ အဲဒါက ဆေတန် တကယ်သေ မသေ။ ပြီးတော့ ဒေါက်တာစည်သူ့ကို ထည့်စဉ်းစားရမည်လား၊ ထုတ်ပစ် ရမည်လား။ ကျန်နေသည့်နှစ်ယောက်ကိုရော ဘယ်လိုအကွက်ဆင်၍ အဖြေဘယ်လိုထုတ်ရမည်နည်း။

ဒီမေးခွန်းက အရမ်းအရေးကြီးသည်။ အခုလောလောဆယ်တော့ သူ သေသေချာချာ မပြောနိုင်သေး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ ယုံကြည်မှုအပြည့်ရှိပါသည်။

ထိုစဉ်မှာပင် မိုးက သူ့ပခုံးကို တစ်ချက်ပုတ်ရင်း . . .

"ဘာတွေတွေးနေတာလဲ . . . ဆောင်း"

သူ မသက်မသာ ခေါင်းယမ်းလိုက်ရင်း . . .

"ဒီလိုပါပဲကွာ . . . ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ စိတ်ထဲ ပေါ်လာတာကို အကောင်းဆုံးနဲ့ အဖြစ်နိုင်ဆုံးတွေးကြည့်တာ"

"ဘာတွေအဖြေထွက်လဲ"

"No."

သူ့အဖြေစကားကြောင့် မိုးက နားလည်စွာ ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီးတော့ . . .

"ငါတစ်ခုတွေးမိတယ်ကွ။ အခု Thinkingboard ပေါ်ကစာသား ဟာ ဆေတန်တစ်ဦးတည်းသိတဲ့ သူပိုင်စာသားတစ်ခုမဖြစ်နိုင်ဘူး။ ဘာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လို့လဲဆိုတော့ ဆေတန်သေသွားတာတကယ်မှန်ရင် ဆေတန်နဲ့အတူ ဒီစာသားက ပျောက်သွားပြီလေ။ အခုလို မဲပုံးတွေထဲမှာ ထပ်ပေါ်စရာ အကြောင်းမရှိဘူး"

"ပထမ ငါတို့တွေးမိသလို Customers တွေထဲက အဓိပ္ပာယ် သိချင်လို့ အပျော်သဘောထည့်တာရော မဖြစ်နိုင်ဘူးလား။ ဒါဆို ဆေတန် သေလည်း ဒီစာသားက အသက်ဆက်ရှင်လို့ရတယ်လေ"

မိုးက ခေါင်းကို ခပ်သွက်သွက်ယမ်းလိုက်သည်။

"အပျော်ဆိုရင်လည်း တစ်ခါနှစ်ခါဆို တော်ပြီပေါ့ကွာ။ အဓိပ္ပာယ်သိချင်ရအောင်ကလည်း ငါတို့ကိုယ်တိုင်က မဖော်နိုင်လို့ ဒီ အတိုင်းကြီးထားထားတဲ့ကိစ္စ။ ထပ်ခါထပ်ခါလာထည့်တော့ရော ဘာထူး မှာလဲ"

"ဒါဆို မင်းက ဘယ်လိုထင်လို့လဲ"

"အခု ငါတို့ဖြစ်နိုင်ခြေခန့်မှန်းထားတဲ့ လေးယောက်လုံးမှာ ဘယ်သူ့ကိုမှ ထုတ်ပစ်လို့မရဘူး။ အဲဒီလေးယောက်လုံးက အဖြေကိုသိ နေတဲ့လူတွေလို့ ငါထင်တယ်"

"ဒါဆို မင်းဆိုလိုတာက အဖြေကိုသိနေလို့ ငါတို့ကို တမင်အံ့ လာစားနေတာလို့ ဆိုချင်တာလား"

"အေး . . ."

"သူတို့က ငါတို့ဆိုင်အကြောင်းကို ကောင်းကောင်းသိထားတဲ့ လူတွေဖြစ်ရမယ်။ ငါတို့ဆိုင်ရဲ့ Customers တွေအကြောင်းကို ကောင်း ကောင်းနပ်နေမယ်။ နားမလည်တဲ့ Thinkingboard စာသားကြောင့် Customers တွေရဲ့ဖိအား ငါတို့အပေါ်ပိနေမယ်ဆိုတာကိုလည်း ကြိုတွေး ထားတယ်။ အဲဒီဖိအားတွေကြောင့် ငါတို့ခေါင်းရှုပ်နေချိန် မဲပုံးတွေထဲကို စာသားတွေထည့်ပြီး အံ့ထပ်စားမယ်။ အဲဒီအခါမှာ ငါတို့က ထွက်ပေါက် အနေနဲ့ မဲထည့်သူကိုရှာမယ်။ သူတို့ဆင်ထားတဲ့အကွက်က ဒါပဲ။ ရှင်း ရှင်းပြောရရင် Thinking လုလုလေးတွေပါတဲ့ ဇာတ်ကွက်လေးတစ်ကွက်





မိုး၏အတွေးက ဖြစ်နိုင်ချေအများကြီးရှိနေသည်။ ဒီအတိုင်း လည်း ဖြစ်ချင်ဖြစ်သွားမည်။ ဒါဆို သူတို့ ဘာဆက်လုပ်မည်နည်း။

ထိုစဉ်မှာပင် မိုးက . . .

"ငါတို့လွတ်သွားတဲ့ အကွက်တစ်ကွက်ပဲရှိတယ် . . . ဆောင်း။ အဲဒါ ဆေတန် တကယ် သေမသေ မသိလိုက်ရတဲ့အချက်ပဲ"

သူ တစ်ချက်တွေဝေသွားသည်။ ဒါပေမဲ့ ချက်ချင်းပင် . . .

"ဆေတန် သေမသေက ငါတို့နဲ့ သိပ်မဆိုင်တော့ဘူးလို့ ထင် တယ် . . . . မိုး။ ဘာဖြစ်လို့လဲဆိုတော့ မင်းအတွေးအတိုင်းမှန်ခဲ့ရင် ငါတို့လုပ်ရမှာက မဲပုံးထဲထည့်တဲ့တရားခံကို ဖမ်းဖို့ပဲလေ။ အဲဒီလူဆီမှာ ငါတို့လိုချင်တဲ့အဖြေရှိနေတာပဲ။ ငါတို့သိချင်တာက 'ခဲနဲ့ပေါက်ခံရသော ခွေးတစ်ကောင်ဟာ လိုဗ္ဗီလို့အော်ပြီး ရှုးသွားတယ်' ဆိုတဲ့ အဓိပ္ပာယ်ကို ပဲမလား"

"အေး"

"ဒါဆို ငါတို့လုပ်ရမှာ တစ်ခုပဲရှိတယ်။ အဲဒါက တရားခံကို ဖမ်းဖို့။ နောက်ပြီး မင်းကိုငါတစ်ခုထပ်မေးမယ် မိုး။ ဆေတန်နဲ့ ဟိုသုံး ယောက်က တစ်ဖွဲ့တည်းလား"

မိုး အတော်ကြီးကြာအောင် စဉ်းစားသွားပါ၏။ သူ့မေးခွန်းက တော်တော်ထိရောက်သွားသည့်သဘောရှိသည်။ ပြီးတော့မှ သက်ပြင်း ကို မသိမသာချရင်း . . .

"မသိဘူး"

မိုး၏အဖြေစကားအဆုံးမှာပင် သူတို့နှစ်ယောက်၏ဆွေးနွေးပွဲ မှာ ခေတ္တရပ်တန့်ခြင်း ခံလိုက်ရပါတော့သည်။

အကြောင်းကား . . .

• • •

www.burmeseclassic.com

ခေတ်တစ်ခေတ်ကိုဖော်ကြူးသော အ[illegible] ဆန်လူငယ်တစ်ယောက် ဆိုင်ထဲဝင်လာသည်။ သူဝင်လာသည်နှင့် ဆိုင်ထဲမှလူတွေအကုန်လုံး၏ အကြည့်တွေက သူ့ထံသို့ ရောက်သွားကြသည်။

ဆွဲဆောင်မှုရှိသော ဝတ်စားဆင်ယင်မှု၊ သစ်လွင်ဆန်းပြားသော ဆံပင်ပုံစံနှင့် သူ၏ပင်ကိုစတိုင်က လူအများထဲတွင် ထင်ပေါ်နေသည် မဟုတ်ပါလော။

"အင်း . . . လူနဲ့အလုပ်နဲ့ လိုက်ပါတယ်"

ဆောင်း မှတ်ချက်ပြုမိသည်။ ဆောင်းမှတ်ချက်ကို မိုးကလည်း ခေါင်းညိတ်ထောက်ခံပါ၏။

ထိုလူငယ်က အခြားသူမဟုတ်ပါ။ သူတို့ကစားပွဲထဲတွင် ဖြစ်နိုင်ချေ လျာထားခံရသူများစာရင်းမှ 'ရာဇာ'။

ရှင်းရှင်းပြောရလျှင် 'ဘာလာလာဒါပဲ' အမည်ရှိ အမျိုးသားသီးသန့် Beauty Saloon ပိုင်ရှင်။ ဆိုင်ထဲရောက်ရောက်ချင်းပင် သူတို့နှစ်ယောက်၏အာရုံကို ရာဇာက ဆွဲခေါ်သွားပါ၏။

အဲဒါက ရာဇာ၏စားပွဲရွေးချယ်မှုသည် မနေ့က ဒေါက်တာစည်သူထိုင်သွားသော No. 11 စားပွဲပိုင်းဖြစ်နေခြင်း။ ဒါဟာ တိုက်ဆိုင်မှုလား၊ ကြိုတင်ကြံစည်မှုလား၊ No. 11 စားပွဲကို တာဝန်ယူရသည့် ကောင်လေးမှာတော့ ကြီးမားသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု သူ့အပေါ်ပိသလို ခံစားနေရမည်ဖြစ်ကြောင်း ဆောင်းတွက်ဆမိသည်။

မနေ့ကလည်း 11၊ ဒီနေ့လည်း 11 ဆိုတော့ . . .

တစ်ခုပဲကွာသည်။ ရာဇာက ဒေါက်တာစည်သူ့လို ကော်ဖီမှာမသောက် Juice တစ်ခွက်မှာသောက်သည်။

အခုအချိန်ထိတော့ အားလုံးအေးဆေးပင်။ ဒါက မုန်တိုင်းကြီးတစ်ခုဝင်ဖို့ အရှိန်ယူနေတာလား။ ဒါမှမဟုတ် ခပ်လှလှ လှည့်ကွက်တစ်ခုကို ရွှေ့ပြောင်းဖို့ သွေးအေးပြနေတာလား။ ဆိုင်ကလည်း ဒီနေ့မှလူကျသည့်သဘော။ အဝင်အထွက်များနေရာ ဝန်ထမ်းတွေအားလုံးမှာလည်း



[illegible]တစ်ခုတည်းမထားရ။ No.11 စားပွဲအပါအဝင် နောက်ထပ်စားပွဲနှစ်လုံးကိုတာဝန်ယူရသောဝန်ထမ်းပင် ရာဇာတစ်ယောက်ထဲကို အာရုံထား၍မရပဲ အခြားဝိုင်းမှ Customers များကိုပါ တာဝန်ကျေပွန်နေရပါ၏။

ထို့ကြောင့် ရာဇာ့ကိုလစ်ဟာမသွားစေရန် သူတို့နှစ်ယောက်အပါအဝင် အနီးအနားမှဝန်ထမ်းတွေလည်း မသိမသာ စောင့်ကြည့်နေကြသည်။ ဒီလိုနှင့် ရာဇာ့ရှေ့မှ Juice တစ်ခွက် တစ်ဝက်ကျိုးလုကျိုးခင် အချိန်မှာပဲ . . .

"ဟာ . . . "

"ဟော့ကောင် . . . ဟိုမှာ"

သူတို့နှစ်ယောက် အနည်းငယ်စိုးထိတ်သွားလေသည်။ အကြောင်းကား ဆိုင်ထဲသို့ ဒေါက်တာစည်သူဝင်လာခြင်းပင်။ ဒေါက်တာစည်သူက မည်သူ့ကိုမျှမကြည့်ပဲ စားပွဲတစ်လုံးတွင် အေးဆေးစွာ ဝင်ထိုင်လိုက်သည်။

သူထိုင်ရာစားပွဲက နံပါတ် (4)

ပွဲကတော့ လှပေပြီ။

တရားခံဘယ်သူဖြစ်မည်လဲ။ စားပွဲ (11) မှ ရာဇာလား၊ ဒါမှမဟုတ် No.4 စားပွဲမှ ဒေါက်တာစည်သူလား။ ဆောင်း ရင်ခုန်သံတွေ ပင်မြန်လာသည်။ မိုးကိုကြည့်မိတော့လည်း မျက်တောင်မခတ်တမ်း ဆိုင်အောက်ထပ်ကိုကြည့်နေကြောင်း တွေ့ရ၏။

ထိုစဉ်မှာပင် No. (11) စားပွဲမှ ရာဇာ၏အပြုအမူတွေ အနည်းငယ်ဆန်းလာသည်။ စိတ်ဝင်စားဖွယ်ကောင်းလာသည်။ ထိုင်ခုံမှာ ထိုင်နေရင်းမှပင် မျက်လုံးတွေ ဂနာမငြိမ်ဖြစ်လာပါ၏။

ပြီးတော့ . . . သူနှင့်အနီးဆုံး ဝန်ထမ်းကို ခေါ်သည်။ နောက်ကျောခိုင်းသွားသော ဝန်ထမ်း၏နောက်ကျောကို တစ်ချက်ကြည့်လိုက်ရင်းမှ . . .

"သေချာတယ် . . . ဟော့ကောင်၊ တရားခံက ရာဇာ"



www.burmeseclassic.com

www.burmeseclassic.com

မိုး၏စကားအဆုံး ရာဇာက အလျင်အမြန် ရှေ့မှစာရွက်တစ်ရွက်ကို ဆွဲယူလိုက်ကာ ဘောပင်ကိုပါ တစ်ခါတည်းနှိုက်သည်။ ပြီးတော့ . . .

ခဏလေးမှ တကယ့်ခဏလေး။ သေချာဂရုစိုက်ကြည့်မနေလျှင် ထိုအပြုအမူက သာမန်ထက်မပိုသော အပြုအမူ။ သို့သော် . . .

သေချာသလောက်ရှိသွားပေပြီ။ ဟုတ်သည် တရားခံက ရာဇာ။ ဟော . . . စာရွက်တွင်ရေးပြီးသွားလို့ ဘောပင်ကိုပင် ဖန်အိုးထဲပြန်ထည့်နေ၏။ ဒါဆို မဲပုံးထဲ ဘယ်အချိန်ထည့်မည်လဲ။

ဝန်ထမ်းအချို့က သူတို့နှစ်ယောက်ရှိရာ အပေါ်ထပ် လှမ်းကြည့်သည်။ အမိန့်တောင်းခံသည့်သဘော။ ဒါဆို ဝန်ထမ်းတွေမှာလည်း ရာဇာ၏ အပြုအမူကို ရိပ်မိသည်ပေါ့။

သူတို့ကြည့်နေစဉ်မှာပင် ရာဇာက ရှေ့မှရေးထားသောစာရွက်ကို ခေါက်သည်။ ပြီးတော့ . . . ပြီးတော့ . . .

'ဝုန်း'ခနဲဆိုသောအသံနှင့်အတူ မိုးတစ်ယောက် အောက်ထပ်သို့ ပြေးဆင်းသွားလေသည်။ ဖမ်းရမည့်စာရွက် မဲပုံးထဲမထည့်နိုင်ခင် ဖမ်းရမည်။ ယခုလိုအခြေအနေမျိုး၌ အားလုံး၏အာရုံသည် ရာဇာမှလွဲ၍ ဘယ်မှာမျှ ရှိမနေတော့။

ရာဇာက စာရွက်ကို နောက်ဆုံးတစ်ခေါက်ခေါက်ပြီးသွားသည့်အဆုံး 'တိ' ခနဲပင် မိုးလည်း အနားသို့အရောက် . . .

ထွက်သွားသောဝန်ထမ်းလေးလည်း စားပွဲဆီပြန်အလာ၊ ဆောင်းရင်တစ်ချက် ထိတ်ခနဲလန့်ခုန်သွားသည်။ သူမမြင်ရတော့ပေ။ ရာဇာ့လက်ထဲမှစာရွက်နှင့် မဲပုံးမြင်ကွင်းမှာ ဝန်ထမ်းလေး၏ကိုယ်ထည်နှင့် ကွယ်သွားသောကြောင့် ဖြစ်ပါ၏။

နောက် . . . ဘာဆက်ဖြစ်သည်မှန်း သူမမြင်ရတော့။ ဒါပေမဲ့ မကြာခင်အချိန်အတွင်း ရာဇာ စားပွဲမှထထွက်သွားသည်ကိုတော့ တွေ့လိုက်ရသည်။ ဒါဆို ဘာလဲ?



မိုး အချိန်မမီလိုက်ဘူးလား။ ဒါမှမဟုတ် မမိလိုက်ဘူးလား။ ချက်ချင်းပင် ဆောင်း ပြေးဆင်းခဲ့ကာ No. (11) စားပွဲဆီရောက်သွားတော့ . . .

ဟင်းလင်းပွင့်နေသော မဲပုံးတစ်ခုကသာ သူ့ကို ဆီးကြိုနေသည်။ အထဲတွင် ဘာမျှမရှိ။ လေဟာနယ်ရပ်ဝန်းတစ်ခုမှအပ မဲပုံးထဲတွင် စာရွက်နှင့်တူတာမရှိ။ စားပွဲပေါ်တွင်လည်း မသင်္ကာဖွယ်ရာမတွေ့။ ဆောင်းတစ်ယောက် မတွေးတတ်အောင်ပင် ဖြစ်သွားတော့သည်။

သူတို့ ဘယ်လိုယူဆရမည်လဲ။

စာရွက်ယူ၏။ ရေးနေသည်ကိုလည်း မြင်သည်။ ခေါက်နေသည်ကိုလည်း မြင်သည်။ ဒါကို . . .

"ဟာ . . ."

ဆောင်း ဒိုင်းခနဲပင် အတွေးတစ်ချက်ရလိုက်ကာ No. (4) စားပွဲကို ကမန်းကတန်းကြည့်လိုက်တော့ . . .

သွားပြီ။ သူတို့နောက်ကျသွားပြီ။ No. (4) စားပွဲတွင် ခေါက်ဘာစည်သူ ရှိမနေတော့ပါ။

သူတို့ အရှုံးလုပ်ခံလိုက်ရပြီလား၊ အလှည့်စားခံလိုက်ရပြီလား။ ချက်ချင်းပင် No. 4 စားပွဲဆီ ပြေးသွားလိုက်ကာ မဲပုံးဆီသို့ လက်လှမ်းပြီးသည့်နောက် . . .

"ဖျောက် . . ."

မဲပုံးမှ တံခါးပတ္တာသံမြည်သွားသည်။ ပြီးတော့ ပွင့်သွားသည်။ မဲပုံးအတွင်းမှ စာရွက်တစ်ရွက် ထွက်ကျလာပါ၏။

သိလိုစိတ်တွေ၊ ရင်ခုန်မှုတွေဖြင့် ပရမ်းပတာ လှုပ်ခတ်နေသော ရင်ဘတ်တွေကို သာသာလေးဆွဲဖွင့်ကြည့်လိုက်သည့်အခါမှာတော့ . .

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com

## XIV

"ငါတို့ ခံလိုက်ရပြီ မိုး"

လက်ထဲမှစာရွက်ကိုကိုင်ရင်း ပြောလိုက်သော သူ၏အပြောကြောင့် မိုးက စာရွက်ကိုယူကြည့်ကာ . . .

"No. (4) စားပွဲတာဝန်ကျတာ ဘယ်သူလဲ"

မိုး၏စကားသံကျယ်ကျယ်ကြောင့် စိုးထိတ်သောမျက်နှာတစ်ခုနှင့် ဝန်ထမ်းတစ်ယောက် ထွက်လာသည်။ ဝန်ထမ်းကောင်လေး၏ မျက်နှာမှာ ကြီးကျယ်သောအပြစ်တစ်ခုကို လုပ်မိထားသလို ပျက်ယွင်းလျက်ရှိသည်။

"ကျွန်တော်ပါ"



ခပ်ရှုရှုပြောသော စကားသံတို့နောက်မှ . . .

"သူ့နာမည် ကျော်ကျော်လို့ခေါ်ပါတယ် ကိုမိုး။ အလုပ်ဝင်တာ မကြာသေးပါဘူး"

ဝန်ထမ်းသစ်မို့ အပြစ်လုပ်မိလျှင် လျှော့ပေါ့ရန် ဇော်မင်း (လတ်တလော ဆိုင်တာဝန်ခံ)က ဝင်ပြောခြင်းဖြစ်သည်။ မိုးက ဇော်မင်းကို လက်ကာပြရင်း . . .

"ဒီစာရွက် ဘယ်သူထည့်သွားတာလဲ။ မင်း မှတ်မိလား"

မိုး၏မေးခွန်းကြောင့် ကျော်ကျော်ဆိုသူမှာ လျှပ်စစ်နှင့် အတို့ခံလိုက်ရသလို ဆတ်ခနဲတစ်ချက်တုန်သွားသည်။ နောက် ဇော်မင်းဘက်ကို အားကိုးသလိုကြည့်သည်။ ပြီးတော့ သက်ပြင်းတစ်ချက်ချကာ ခေါင်းကို ငုံ့လိုက်ရင်း . . .

"မမှတ်မိပါဘူး"

"ဘာကွ"

မိုး အသံ တော်တော်ကျယ်သွားလေသည်။ မိုး ဒေါသထွက်သွားမှန်း ဆောင်း ရိပ်မိလိုက်သည်။ ထို့ကြောင့် မိုးကို တစ်ချက်လှမ်းကြည့်ကာ ခေါင်းယမ်းပြရင်း . . .

"ဆိုစမ်းပါဦး . . .မင်းက ဘာကိစ္စ ငါတို့မှာထားတဲ့အတိုင်း မလုပ်တာလဲ။ ကိုယ်တာဝန်ယူတဲ့စားပွဲမှာ မဲထည့်သူတွေကို မှတ်ထားရမယ်လို့ မှာထားတယ်လေ"

လေသံအေးအေးနှင့်ပြောလိုက်သော သူ့စကားအဆုံးတွင်မှ ကောင်လေးမှာ စိတ်သက်သာရာရသွားသလို အသက်ကို မရဲတရဲ ရှူရင်း . . .

"ဒီလိုပါ။ စားပွဲ No. (11) ကလူကို တရားခံဆိုပြီး အားလုံးသံသယမကင်းဖြစ်မိသလို ကျွန်တော်လည်း ဖြစ်မိပါတယ်။ ဒါကြောင့် အကုန်လုံးအာရုံရောက်မိသွားသလို ကျွန်တော်လည်း အာရုံရောက်မိသွားတဲ့အတွက်ကြောင့် ကျွန်တော်တာဝန်ယူရတဲ့အပိုင်းမှာ ယူတာလျော့သွား



www.burmeseclassic.com

www.burmeseclassic.com

တာပါ။ နောက်ပြီး ဒေါက်တာစည်သူကို မနေ့ကကိစ္စနဲ့ပတ်သက်ပြီး တရားခံမဟုတ်ဘူးလို့ ထင်မိတာနဲ့ . . .”

ကောင်လေးမှာ စကားဆက်မပြောနိုင်ပဲ ရပ်သွားသည်။ သေချာ ခဲ့စားကြည့်လျှင်တော့ ဟုတ်လောက်ပါသည်။ သူတို့နှစ်ယောက်ပင် စိတ်လွတ်ကိုယ်လွတ် ပါသွားရသည်မဟုတ်ပါလား။

နောက်တော့ ကျော်ကျော်ဆိုသော ဝန်ထမ်းသစ်လေးအား နောက် တစ်ခါ ဒီလိုမဖြစ်ရန်ပြောပြပြီး အလုပ်ဆက်လုပ်စေပါသည်။

ဝန်ထမ်းအားလုံးသည် လုပ်ငန်းခွင်သို့ ပြန်လည်လည်ပတ်သွား ကာမှ သူတို့နှစ်ယောက်မှာ . . .

“ငါတို့ ဘာဆက်လုပ်ကြမလဲ ဆောင်း”

မိုးက ကြံရခက်သွားသလို သူ့အားမေးသည်။

“လောလောဆယ်တော့ အဲဒီမေးခွန်းက အဖြေမရှိဘူး။ မေးခွန်း တစ်ခုကို ငါတို့ဖြေနိုင်ရင်တော့ ဘာဆက်လုပ်ရမယ်ဆိုတာ ဆုံးဖြတ်လို့ ရမယ်”

“ဘာမေးခွန်းလဲ”

“တရားခံက ဒေါက်တာစည်သူဆိုတာ သေချာပြီလား”

ጱ ጱ ጱ



မနက်ဖြန်ဆိုတာ မသေချာပါဘူး။
ဒါပေမဲ့ ကြိုးစားသူတိုင်းအတွက်
မနက်ဖြန်တိုင်းမှာ အောင်မြင်မှုတွေ
ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## Third Day

ကမ္ဘာကျော်ပန်းချီကားတစ်ချပ်၏ တင့်တယ်ပုံမျိုးနှင့် မိန်းကလေးလှလှလေးတစ်ယောက် No. (9) စားပွဲမှာ ထိုင်နေသည်။ ထိုမိန်းကလေးကိုတော့ အထူးတလည်မိတ်ဆက်ပေးရန် လိုမည်မထင်ပါ။

သူမသည် "Kiss" မီနီမားကက်မှ မန်နေဂျာ သွယ်ဖြူဆိုသူပင် ဖြစ်ပါ၏။

သွယ်ဖြူထက် နာရီဝက်စောစွာ Thinking ဆိုင်၏ No. (11) စားပွဲတွင် ထိုင်နေသူတစ်ယောက်ရှိသည်။ ထိုသူက . . .



Thinking တစ်ဆိုင်လုံး 'ခိုစာ' ပိုင်ရှင်လို့ယူဆထားသည့် "Triangle" အထူးကုဆေးခန်းမှ ဒေါက်တာစည်သူ။

ယခုတစ်ချိန်တွင်တော့ ဆောင်း လုံးဝ လျှော့မတွက်တော့ပါ။

အလျှော့ပေးရန်လည်း ဆန္ဒမရှိတော့။ ဝန်ထမ်းအားလုံးကို မှာထားသည်။ ဒေါက်တာစည်သူ စာရွက်နှင့်ဘောပင်ထိလိုက်သည်နှင့် အမိဖမ်းရန်။

သူကိုယ်တိုင်လည်း အပေါ်တွင်မနေပဲ အောက်ထပ်သို့ရောက်နေသည်။ မိုးကရော . . .

မိုးက ဒေါက်တာစည်သူနှင့် ကပ်လျက်စားပွဲမှာ သွားထိုင်နေပါ၏။ ဒီနေ့ဆိုလျှင် သုံးရက်မြောက်ပေပြီ။ ထိုသုံးရက်အတွင်းမှာမှ ဆောင်း ထူးခြားမှုတစ်ခုကို သတိပြုမိသည်။ အဲဒါက . . .

စားပွဲ No. (11)

ထူးခြားသည်ဟုပြော၍ရသည်။ သုံးရက်လုံးတွင်လည်း No. (11) စားပွဲက ထူးဆန်းသည့်နေရာမှ ပါဝင်နေသည်။ ဘာမှန်းတော့မသိ။

ဒါပေမဲ့ သတိထားရမည်မှန်းတော့ သိသည်။

(11) ဆိုသောဂဏန်းသည် ထူးခြားမှုတွေရှိနေသည်လား၊ ဒါမှမဟုတ် လူကြိုက်များသော ဂဏန်းပေလား။ နောက်ပြီး ဒါဟာ ဆရာဝန်တစ်ယောက်၏လှည့်ကွက်လား . . .

တွေးလေရှုပ်လေပင် ဖြစ်နေတော့သည်။

ထိုစဉ်မှာပင် . . .

"ဟာ . . . မင်းတို့ဟာက မဟုတ်သေးဘူးနဲ့တူတယ်။ မင်းတို့ကိုယ်တိုင်ချပေးထားတဲ့ စက္ကူအရွယ်အစားကို မင်းတို့မသိဘူးဆိုတော့ ဘယ်လိုကြီးလဲ"

အနည်းငယ်ကျယ်သွားသော မိန်းကလေးတစ်ယောက်အသံကြောင့် ဆောင်း ဒေါက်တာစည်သူ့ဆီ အာရုံရောက်နေရာမှ အသံလာရာဆီသို့ အကြည့်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

တခြားလူမဟုတ်ပါ။ စားပွဲ No. (9)မှ သွယ်ဖြူ၊ ဆိုင်ဝန်ထမ်း တစ်ယောက်နှင့် အဆင်မပြေဖြစ်နေပုံရပါ၏။ ထိုအခြင်းအရာကြောင့် ဆောင်း သွားရောက်ဖြေရှင်းရန်ပြင်ခိုက် . . .

"နေ့,နေ အစ်ကို . . . ကျွန်တော်သွားလိုက်မယ်"

သူ့ကိုတား၍ ဇော်မင်းက ထသွားသည်။ ခပ်သွက်သွက် လျှောက်လှမ်းသွားသော ဇော်မင်းကျောပြင်ကိုကြည့်၍ ဆောင်း ခေါင်း ညိတ်ဖြစ်ပါ၏။

"သြော် . . . တာဝန်ကျေသားပဲ"

ဘာပဲပြောပြော ဇော်မင်းသည် ဒီတစ်လ၏ဆိုင်တာဝန်ခံမဟုတ် ပါလား။ ဆောင်းလည်း ဘာများဖြစ်ပျက်လာဦးမည်နည်းဟု နားစွင့်နေ လိုက်သည်။ No. (9) စားပွဲမှာ ကောင်တာနှင့် သိပ်မဝေးသည့်အတွက် အကုန်လုံးလိုလိုကို ကြားနေရပါ၏။

"ဘာများ စိတ်တိုင်းမကျဖြစ်လို့လဲ အစ်မ"

ချိုသာသောအပြောနှင့် မျက်နှာချိုချိုကြောင့် သွယ်ဖြူက ဇော် မင်းကို တစ်ချက်မော့ကြည့်ရင်း . . .

"ရှင်က . . ."

"ဘာအကြောင်းပဲရှိရှိ ကျွန်တော့်ကို ပြောလို့ရပါတယ်"

"ဒါဆို ဒီဆိုင်ရဲ့မန်နေဂျာပေါ့"

"အဲလိုပြောလည်း ရပါတယ်"

"ရှင်နဲ့ပြောရင် ဖြစ်တယ်ပေါ့"

"ဖြစ်ပါတယ်"

စကားအသွားအလာတို့ကိုလေ့လာရင်း ဆောင်း နားစွင့်နေမိ သည်။

"ကျွန်မက ဟောဒီစက္ကူရဲ့ size(အရွယ်)ကို သိချင်လို့မေးကြည့် နေတာ မသိဘူးဆိုလို့"

သွယ်ဖြူ့စကားကြောင့် စားပွဲပေါ်လှမ်းကြည့်ဖြစ်သည်။ မဲထည့်



[illegible]စက္ကူအရွယ်ကို မေးနေခြင်းဖြစ်ပါ၏။

"သြော် . . . အဲဒါ A6 အရွယ်ပါ အစ်မ"

ဇော်မင်းက စာရွက်ကိုကြည့်ရင်း ဖြေသည်။

"A6 ဆိုတာ"

"A4 ကို နှစ်ထပ်ခေါက်ထားတဲ့အရွယ်ကို ခေါ်တာပါ။ A4 ကို တစ်ဝက်တိတိခေါက်ရင် A5 . . . ။ A5 ကိုမှ တစ်ဝက်တိတိထပ်ခေါက် ရင် A6"

ဇော်မင်းကို သူမက တစ်ချက်မော့ကြည့်ရင်း . . .

"A4 ကို ဘာလို့မသုံးတာလဲ"

"ဒါလည်း A4 ပဲလေ"

"ဟင် . . . ခုနပြောတော့ A6 ဆို။ အခု ဘယ်လိုလုပ် A4 ဖြစ် သွားတာလဲ"

"ဒီလိုပါ A4 ကနေ A6 လို့သာ နာမည်ပြောင်းသွားပေမဲ့ တကယ့် တကယ်တော့ A4 ရဲ့ အလျားအနံအချိုးနဲ့ A6 ရဲ့ အလျားအနံအချိုးတို့ ဟာ အတူတူပါပဲ"

သွယ်ဖြူ စိတ်ဝင်စားသွားသည်။

"A4 အရွယ် စက္ကူတစ်ရွက်ကို အလယ်တည့်တည့်ကခေါက်ပြီး ထပ်လိုက်ရင် နောက်ထပ်အကြိမ်ဘယ်လောက်ပဲ တစ်ဝက်တိတိခေါက် ပြီး ထပ်ထပ်၊ အလျား၊ အနံ အချိုးတို့က အမြဲတမ်း အတူတူပဲ။ A4 ရဲ့ အလျား၊ အနံအချိုးက ၂ ရဲ့ နှစ်ထပ်ကိန်း ( $\sqrt{2}$ )ပါ။ $\sqrt{2}$ ရဲ့အဖြေက 1.414 နီးပါးရှိတယ်။ အဲဒီတော့ A4 စက္ကူကို အကြိမ်ဘယ်လောက်ပဲ တစ်ဝက်တိတိခေါက်ခေါက် အလျား၊ အနံ၊ အချိုးကတော့ အမြဲတမ်း 1.414 နီးပါးပါပဲ။ ဒါကြောင့်မလို့ A6 ကို A4 ပါပဲလို့ ကျွန်တော်ပြော လိုက်တာပါ"

ဆောင်းပင် အထင်ကြီးချင်သလို ဖြစ်သွားရပါ၏။ ဇော်မင်း၏ အဖြေကြောင့် သွယ်ဖြူတော့ ဘယ်လိုနေမည်မသိ။ သူကတော့ မဆိုးဟု



www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်ချမိသည်။

ထိုစဉ်မှာပင် သွယ်ဖြူက . . .

“အဲဒါဆို . . . ဟောဒီ A6 စာရွက်ကို တစ်ဝက်ခေါက်လိုက်မယ်၊ ပြီးရင် နောက်တစ်ထပ် ထပ်ခေါက်မယ်။ အဲလို အခေါက်ခေါက် အခါခါခေါက်သွားရင် နောက်ဆုံး ဘယ်နှစ်ခေါက်ထိ ခေါက်လို့ရမယ် ထင်သလဲ”

ဒီတစ်ခါတော့ ဇော်မင်း ခေါင်းကုတ်သွားလေသည်။ အခက်တွေ့သွားပုံရသည်။ ဒီလိုမေးခွန်းမျိုးမေးတတ်သော သွယ်ဖြူကိုလည်း စိတ်ဝင်စားသွားမိသည်။

တစ်ဆက်တည်းပင် သူမတို့၏ရည်ရွယ်ချက်ကိုလည်း နားလည်သလိုလိုဖြစ်သွား၏။ ဟုတ်တယ်။ အကြောင်းမရှိပဲနှင့်တော့ ဘာမှမဆိုင်သည့် ဒီလိုမေးခွန်းမျိုးတွေ မေးနေမှာမဟုတ်။ မနေ့တုန်းက ရာဇာဟန်ရေးပြပြီး ဒေါက်တာစည်သူက ထည့်သွားခဲ့သည်။ ယနေ့တော့ သွယ်ဖြူတစ်ယောက် တစ်ဆိုင်လုံး သူမအပေါ် အာရုံစိုက်ရန် ဟန်ရေးပြနေပေပြီ။ ဒါပေမဲ့ ဒေါက်တာစည်သူကတော့ အခုချိန်အထိ အေးဆေးနေပါ၏။

တမင်ပဲ အေးဆေးနေတာလား၊ ဒါမှမဟုတ် အခွင့်မသာသေးလို့လား၊ ဘာပဲဖြစ်ဖြစ် မိုး တစ်ယောက်လုံး ဘေးမှာရှိနေသည့်အတွက် အဲဒီအပိုင်းကို စိတ်ချလိုက်သည်။ ထို့ကြောင့် ဆောင်း သွယ်ဖြူရှိရာဝိုင်းသို့ လျှောက်သွားလိုက်ကာ ဒုက္ခလှလှတွေ့နေသော ဇော်မင်းဘေး၌ ရပ်လိုက်ရင်း . . .

“(၉)ခေါက်ထက် ပိုခေါက်လို့မရပါဘူး”

သူ့ကို မော့ကြည့်ပြီးနောက် . . .

“ဘာဖြစ်လို့လဲ”

“တစ်ခေါက်ခေါက်လိုက်တာနဲ့ စာရွက်ရဲ့အထပ်ရေဟာ နှစ်ဆဆီတက်သွားလို့ပါ။ ဥပမာ စာရွက်တစ်ရွက်ကို အလယ်က ခေါက်လိုက်



ရင် စာရွက် (၂)ထပ်၊ အဲဒီနှစ်ထပ်ကိုထပ်ခေါက်ရင် (၄)ထပ်။ အဲလိုနှစ်ဆစီတက်သွားပြီး (၉)ခေါက်ထိရောက်တဲ့အခါမှာ စာရွက်အထပ်ရေဟာ ၅၁၂ ထပ်ထိဖြစ်သွားတာကို တွေ့ရပါလိမ့်မယ်။ တကယ်တမ်းခေါက်ရင် အဲဒီလောက်ထူတဲ့စာရွက်ခေါက်ကြီးရဖို့ ဘယ်လိုမှုမလွယ်ပါဘူး။ ဒါကြောင့်မို့လို့ ဘယ်လိုစာရွက်မျိုးပဲဖြစ်ဖြစ် (၉)ခေါက်ထက် ပိုမခေါက်နိုင်ဘူးလို့ ပြောတာပါ”

အကြောင်းအရာတစ်ချက်မှာ လှလှပပလေး ပြီးဆုံးသွားလေသည်။ ဆောင်းနှင့်သွယ်ဖြူ မျက်လုံးချင်းဆုံသွားသည်။ အကြည့်နှစ်ခုက အလယ်တည့်တည့်တွင် ဖွာခနဲ ထိသွားပါ၏။ ခဏလေးမှ တကယ့်ခဏလေး။ သို့သော် . . .

ဝုန်းခနဲပြေးထွက်သွားသော မိုး၏လှုပ်ရှားမှုနှင့်အတူ အခြားဝန်ထမ်းတွေလည်း No. (11)စားပွဲကို ပြေးသွားသည်။ ဆောင်း အရေးရှုံးပြုးဖြစ်သွား၏။ 'ခိုစာ' ပိုင်ရှင်ကို မိပေပြီ။

ဆောင်းနှင့်ဇော်မင်းလည်း နေရာမှလှည့်ထွက်ကာ လူဝိုင်းအုံနေသောစားပွဲဆီ မြန်မြန်လျှောက်သွားလိုက်စဉ် . . .

“ဒေါက်တာ့လက်ထဲက စာရွက် ကျွန်တော့်ကို ခဏပြလို့ရမလား”

မိုး၏အသံခပ်တိုးတိုး . . .

“ဘာ . . . ဘာဖြစ်ကြတာလဲကွ။ အလန့်တကြားနဲ့”

ဒေါက်တာစည်သူ၏ ကြောင်အအ အသံ။

ဆောင်း ရောက်သွားစဉ်မှာပင် မိုးက ထပ်၍ . . .

“ဒေါက်တာ့လက်ထဲက စာရွက် ခဏလောက်”

ဒေါက်တာစည်သူမှာ လက်ဝါးတစ်ဖက်ကို ခပ်တင်းတင်းဆုပ်ထားသည့်အတွက် အကုန်လုံးက မသင်္ကာမှုတွေပိုသွားသည်။ ထိုလက်ထဲတွင် စာရွက်ရှိနေသည်ထင်၏။

“ဘာ . . . ဘာဖြစ်လို့လဲ . . . ဘာလုပ်မလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းအုံထားသောလူများကို ကြည့်ကာ [illegible] ကြောင့် . . .

"ဒေါက်တာ ခဏလေးပါ။ ကျွန်တော်တို့ ကိစ္စရှိလို့ပါ"

ဆောင်းဝင် ပြောလိုက်သည်။ ဒါပေမဲ့ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် သူ့ကိုပြန်ကြည့်ကာ . . .

"မင်းတို့က မင်းတို့ဆိုင်ရဲ့ချို့ယွင်းချက်ကို အရမ်းစိတ်ဝင်စား နေကြတယ်ပေါ့"

ဆောင်း ပြုံးသွားသည်။

"ဟုတ်ပါတယ်။ စိတ်ဝင်စားရုံတင် မဟုတ်ပါဘူး . . . အဖြေ ပါသိချင်တာပါ"

ထို့နောက်တော့ ဆောင်း ဖြန့်ပေးသော ဒေါက်တာစည်သူ့လက် တွင်းမှစာရွက်ကို အလျင်စလိုဆွဲယူလိုက်သည်။ ပြီး ချက်ချင်းပင် ဖြန့် ကြည့်လိုက်တော့ . . .

"ဟာ . . . "

"ဟင် . . ."

အကုန်လုံး ကြောင်အ၊ တွေဝေ၊ နှုတ်ဆိတ်သွားကြတော့၏။ အကြောင်းကား . . .

ဒေါက်တာစည်သူက ခပ်တည်တည်ပင် စားပွဲမှ ထထွက်သွား သည်။ သူ၏ပုံစံက ဘာအပြစ်တစ်ခုမျှ မလုပ်မိသလိုမျိုး။

မိုးနှင့်ဆောင်း အပါအဝင် ခုနဝိုင်းအုံထားသော လူအုပ်ကြီးမှာ တော့ ဆောင်းလက်ထဲမှာ ဒေါက်တာစည်သူရေးထားခဲ့သော စာရွက်ရှိ သည်။ အကုန်လုံးလည်း မြင်သည်၊ တွေ့သည်။

အမှန်ဆို ဒေါက်တာစည်သူကို ဖမ်းရပေမည်။ ဒါပေမဲ့ မဖမ်း။ ဒေါက်တာစည်သူသွားဖို့လမ်းကိုပင် တမင်ရှဲထုတ်ပေးလိုက်သလို ဖြစ်နေ ၏။

ဒါဆို ဘာဖြစ်လို့နည်း။



[illegible] ဆောင်းက လက်ထဲမှစာရွက်အား စားပွဲပေါ်တင် လိုက်လေတော့၏။

ဆောင်းစားပွဲပေါ်တင်လိုက်သော စာရွက်မှာကား . . .

Customer ကို ဂရုစိုက်ပါ။

အောက်ခံပန်းကန်ပြား အက်နေသည်။

ရိုးရိုးလေးရေးသွားသော အကြံပေးစာတစ်ခုပင် မဟုတ်ပါ လား။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ဒုတိယမြောက် ခံပြင်းမှုတစ်ခုကိုတော့ ညနေဆိုင်ပိတ်ချိန်တွင် သူတို့ ရင်ဆိုင်လိုက်ရတော့သည်။

အဲဒါက . . .

မဲပုံးတစ်ခုအတွင်းမှ 'နိစာ' ကို တွေ့လိုက်ရခြင်း၊

မဲပုံးနံပါတ်က (9)

မဲပုံးတင်ထားရာစားပွဲက No. (9)

ပိုပြီးစိတ်ဝင်စားဖို့ကောင်းတာက ထိုစားပွဲတွင် 'သွယ်ဖြူ' ထိုင်သွားလေသည်။

ဒါဆို သွယ်ဖြူက တရားခံလား?



# XV

"ဆောင်း . . . တရားခံဘယ်သူဆိုတာ ငါတွေးမိပြီ"

မိုးစကားကြောင့် သူ စိတ်ဝင်စားသွားသည်။

"ဒီနေ့ သွယ်ဖြူ မဲထည့်သွားတာမလား"

"အေးလေ . . ."

"သွယ်ဖြူမဲထည့်သွားလို့ တရားခံဘယ်သူဆိုတာ ငါတွေးမိသွားတာ"

"ပြောပါဦး။ မင်း ဘယ်လိုတွေးမိလို့လဲ"

မိုးက မျက်လုံးကို အနည်းငယ်မှေးကာ စားပွဲကို လက်ဖြင့် တဒေါက်ဒေါက်ခေါက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ပထမ ငါတို့တွေးတာက ဒေါက်တာစည်သူ၊ ရာဇာ၊ သွယ်ဖြူ။ သုံးယောက်ထဲကမှ တစ်ယောက်ယောက် တရားခံဖြစ်မယ်လို့ တွက်ထားတာမလား"

"အေး"

"အခု ငါတွေးမိတယ်။ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်က တရားခံမဟုတ်ဘူးကွ။ သုံးယောက်လုံး တရားခံ"

ဆောင်း မိုးကို သေချာစိုက်ကြည့်မိသည်။

"အခုပဲကြည့်။ ငါတို့ထင်ထားတဲ့ သုံးယောက်ထဲကမှ နှစ်ယောက် မဲထည့်ပြီးသွားပြီ။ ဒေါက်တာစည်သူနဲ့သွယ်ဖြူ။ ပထမနှစ်ကြိမ်ကိုတော့ ငါတို့ အမိမဖမ်းနိုင်ခဲ့ဘူး။ ဒါပေမဲ့ နောက်တစ်ကြိမ်ဆိုရင်တော့ ငါတို့အမိဖမ်းနိုင်ပါပြီ။ ငါ သေချာပြောရဲတယ်။ တရားခံတစ်ယောက်ပဲကျန်တော့တယ်။ အဲဒါက ရာဇာ။ သူတစ်ယောက်ပဲ မဲထည့်ဖို့ကျန်တော့တာ"

ဆောင်း တွေဝေသွားသည်။ ပြီးတော့ နံရံတစ်ခုကို ငေးသွားသည်။ နောက် တွေးတွေးဆဆပုံစံမျိုးဖြစ်သွားကာ ခေါင်းကိုယမ်းပါ၏။

သူ တစ်ခုခုကို ပြောချင်နေသည်။ ဒါပေမဲ့ ပြော၍မထွက်၊ ဘာကြောင့်နည်း။

သေချာရေရာသော အဖြေတစ်ခုရဖို့ အချိန်ယူသော ကာလယန္တရားအနည်းငယ် စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိထားသည်မဟုတ်ပါလား။ နောက်ပြီးတော့ . . .

စောနေသေးသည်။



## Fourth Day

ဆောင်းတစ်ယောက် ပျင်းပျင်းရှိသည်နှင့် ဆိုင်အောက်ဖက်သို့ ဆင်းခဲ့သည်။ မိုးကတော့ အိမ်ကိစ္စတစ်ခုရှိသည်ဟုဆိုကာ ဆိုင်ကို ဒီနေ့ မလာ။ ဒါပေမဲ့ ဖုန်းထဲမှာတော့ သူ့ကို သေချာမှာသွားသည်။

အဲဒါက ဒီနေ့ ရာဇာ ဧကန်မုချ မဲလာထည့်ရမည်ဆိုတာနှင့် မိအောင်ဖမ်းရန်ဖြစ်သည်။

သူ့ကိုမြင်တော့ ကောင်တာမှ ဇော်မင်းက ဖတ်လက်စစာအုပ်ကို ကမန်းကတန်းသိမ်းသည်။ ဒါပေမဲ့ သူမမြင်ချင်ယောင်ဆောင်၍ စားပွဲဝိုင်းတစ်ဝိုင်းတွင် ဝင်ထိုင်နေလိုက်ပါ၏။ ဆိုင်မှဝန်ထမ်းအားလုံးကို ခေါ်နေရာများတွင် သင့်တင့်သလောက် နားလည်မှုပေးထားသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

သူထိုင်ရာ စားပွဲမှာ ဆိုင်ပေါက်ဝနားတွင်ဖြစ်သည့်အတွက် ပြင်ပမြင်ကွင်းတစ်ခုကို ခံစားနေလိုက်သည်။ ထူပူနေသော ဦးနှောက်တို့ကို အနားပေးသည့်သဘောဖြင့် သူဆက်ကာထိုင်နေလိုက်၏။

ထိုစဉ်မှာပင် အနားပေးထားသော ဦးနှောက်ကို အလုပ်ပေးမည့် စကားသံအချို့က ဘေးဝိုင်းမှကပ်ထွက်လာသည်။ သူနှင့်တော့ သိပ်မဆိုင်ပါ။ ဒါပေမဲ့ . . .

"ကျုပ်က ပုံမှန်သုံးရက် တစ်ခါလောက်တော့ ဆိုင်မှာ မျက်နှာသွားသစ်တယ်ဗျ။ ဒါမှလည်း ကျုပ်အလုပ်နဲ့က အဆင်ပြေမှာလေ"

အသံလာရာဝိုင်းဆီ ဆောင်းအကြည့်ရောက်မိသည်။ အသက်ခပ်လတ်လတ် ရုပ်ရည်သန့်ပြန့်သောလူနှစ်ယောက် စကားပြောနေကြခြင်းဖြစ်ပါ၏။ ဘာအလုပ်မို့လို့ သုံးရက်တစ်ခါ မျက်နှာသွားသစ်ရသည်မသိ။ သူနှင့်မဆိုင်သော်လည်း ဆက်နားထောင်မိသည်။

"သုံးရက်တစ်ခါ ပုံမှန်သွားတော့လည်း ဆိုင်ရှင်နဲ့ရင်းနှီးနေတာပေါ့ဗျာ။ ဆိုင်ရှင်က လူငယ်ပဲရှိသေးတယ်ဗျ။ ဒါပေမဲ့ အရည်အချင်းရှိပုံပေါ်တယ်"

"ဘာဖြစ်လို့လဲ"

နားထောင်နေသူက မေးသည်။

"ဒီလိုဗျ။ ကျုပ်က မျက်နှာသစ်ရင် Facial wash တစ်မျိုးတည်းနဲ့သစ်တတ်တာ။ ဒါပေမဲ့ ကျုပ်သုံးတဲ့အမျိုးအစားက အဲဒီဆိုင်မှာမရှိဘူး။ ဒါနဲ့ နောက်တစ်ခါ ကျုပ်လာရင်အဆင်ပြေအောင် ကျုပ်သုံးတဲ့အမျိုးအစားကို ဝယ်ထားပေးပါလို့ပြောတယ်။ ပြီးတော့ အခန်းတွေဘာတွေ ကြိုပြင်ဆင်ထားလို့ရအောင် ကျုပ်လာမယ့်နေ့ကို ပြက္ခဒိန်ပေါ်မှာ အမှတ်အသားလုပ်ထားပါလို့ ပြောလိုက်တယ်။ ကျုပ်ပြောတဲ့အတိုင်းပဲ ဆိုင်ရှင်က ပြက္ခဒိန်ပေါ်မှာ ကျုပ်လာမယ့်နေ့တွေကို ကြက်ခြေခတ်အမှတ်အသားလုပ်ပြီး မှတ်ထားပေးတယ်ဗျ။ ပြီးတော့ ကျုပ်သုံးတဲ့ Facial wash အမျိုးအစားကိုလည်း ဝယ်ထားတယ်"



"ဒါကို Customer အပေါ် လေးစားသမှုရှိတယ်လို့ ပြောရမှာပေါ့"

"ဟုတ်တယ် . . . ဒါပေမဲ့ တစ်လကျော်ကျော်လောက်ဖြစ်လာတော့ ပြက္ခဒိန်ပေါ်မှာ ကြက်ခြေခတ်တစ်ခုတည်းပဲ မှတ်ထားတာကို တွေ့ရတယ်"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ"

"အဲဒါနဲ့ကျုပ်လည်း အံ့သြပြီး ပြက္ခဒိန်မှာ တစ်ရက်တည်းမှတ်ထားတော့ ကျုပ်လာမလာသိချင်ရင် အစကပြန်တွက်နေရမှာ အလုပ်မရှုပ်ဘူးလားလို့မေးလိုက်တယ်"

"အဲဒီတော့ . . . "

"ဆိုင်ရှင်လူငယ်က မရှုပ်ပါဘူးဆရာရယ်တဲ့။ ဆရာလာမယ့်ရက် ဟုတ်မဟုတ်သိချင်ရင် အဲဒီရက်ကို သုံးနဲ့စားလိုက်ရင် ပြီးတာပဲတဲ့"

"ဘယ်လိုကြီးလဲဗျ"

"ပထမတော့ ကျုပ်လည်း အံ့သြသွားတာပေါ့။ ဒါကြောင့် သုံးနဲ့စားရတာ ပိုမရှုပ်ဘူးလားလို့ မေးလိုက်တယ်"

"ဘာပြန်ပြောလဲ"

နားထောင်နေသူက စိတ်ဝင်တစား အလျင်စလို မေးသည်။

"မရှုပ်ပါဘူးတဲ့။ ကျွန်တော်က အကြွင်းဘယ်လောက်ရတယ်ဆိုတာကိုပဲ သိချင်တာတဲ့"

"ဟင်"

"ဟုတ်တော့ဟုတ်တယ်ဗျ။ ပထမတော့ ကျုပ်လည်းနားမလည်ဘူး။ နောက်မှ သေချာပြန်စဉ်းစားမိတော့ ဂဏန်းတစ်လုံးကို (၃)နဲ့စားရင် အကြွင်းသုံးမျိုးရနိုင်တာကို တွေ့ရတယ်။ ဥပမာဗျာ . . . ဂဏန်းတစ်လုံးကို (၃)နဲ့စားလို့ အကြွင်း (၀)ဖြစ်မယ်ဆိုရင် ၃၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၈ . . . အဲလိုဂဏန်းမျိုးပေါ့။ အကြွင်း (၁)ဆိုရင် ၁၊ ၄၊ ၇၊



www.burmeseclassic.com

www.burmeseclassic.com

၁၀ ၊ ၁၃ . . . လိုဂဏန်းမျိုး၊ အကြွင်း (၂) ဆိုရင် ၂ ၊ ၅ ၊ ၈ ၊ ၁၁ ၊ ၁၄ လို ဂဏန်းမျိုး။ ကျုပ်က သုံးရက်တစ်ခါ ဆိုင်ကိုပုံမှန်လာတာဆိုတော့ တကယ်လို့ ကျုပ်လာတဲ့နေ့ဟာ (၁) ရက်နေ့ဖြစ်မယ်ဆိုရင် နောက်လာမယ့်နေ့တွေအားလုံး (၃)နဲ့စားရင် အကြွင်း (၁)ရတဲ့နေ့တွေ ဖြစ်သွားပြီ။ အကယ်၍ ကျုပ်က (၃) ရက်နေ့မှာလာတယ်ဆိုရင် နောက်လာမယ့် နေ့တွေအကုန်လုံး ပြက္ခဒိန်ပေါ်က လ ကို (၃)နဲ့စားရင် အကြွင်း (၀)ရတဲ့နေ့တွေပေါ့။

ကျုပ် အဲဒီနည်းလေးကို တော်တော်ကြိုက်သွားတာဗျ။ ဆိုင်ရှင်သူငယ်ကိုလည်း လေးစားသွားတယ်။ ကျုပ်ကျုရှင်ကတပည့်တွေကိုတောင် အဲဒီနည်းလေးကို ပြောပြထားသေးတယ်"

အခုမှ သုံးရက်တစ်ခါ မျက်နှာသစ်ရသောအလုပ်ကို ဆောင်း သဘောပေါက်သွားသည်။ လက်စသတ်တော့ ကျုရှင်ဆရာကိုး။

ဆောင်းလည်း ထိုနည်းလေးကို သဘောကျသွားကာ ဘာရယ်မဟုတ် (၁) မှ (၃၀) ထိကို (၃)နဲ့စား၍ အကြွင်းသုံးမျိုးခွဲကြည့်မိသည်။

ထိုစဉ်မှာပင် . . .

"ကျုပ်လည်း သဘောကျတယ်ဗျာ။ ဒါနဲ့ ခင်ဗျားပြောတဲ့ဆိုင်က နာမည်ဘာတုံး။ ဘယ်နားမှာတုံး"

ခုန နားထောင်နေသူလူကြီးက မေးသည်။

"ဆိုင်က နီးနီးလေးဗျ။ ဟိုရှေ့ကထွက်ကြည့်ရင် လှမ်းတောင်မြင်ရတယ်။ ဆိုင်နာမည်က 'ဘာလာလာ ဒါပဲ' တဲ့"

"ဟင်"

နားထောင်သူလူကြီးထံမှ ထွက်သွားခြင်းမဟုတ်ပါ။ ဆောင်းထံမှ ထွက်သွားခြင်းဖြစ်သည်။ ဆောင်း ရင်တစ်ချက်ခုန်သွားပါ၏။ အန္တရာယ်အငွေ့အသက်ကို ရှူရှိုက်မိသော မုဆိုးတစ်ယောက်လို အရာရာသတိရှိသွားသည်။

သက်ာမကောင်းဖြစ်သွားမှုနဲ့အတူ ချက်ချင်းပင် ရှေ့မှ အကြွင်းသုံးမျိုးခွဲထားသောစာရွက်ကို ကောက်ကြည့်လိုက်တော့ . . .



"ဟင်"

ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲသွားသည်။ သူသိလိုက်လေပြီ။ ဒါ သူမမြင်မိသော နည်းလမ်းတစ်ခု။

ချက်ချင်းပင် ဆောင်း မဲပုံးထဲသို့ Thinkingboard စာသားရောက်လာသည့်နေ့တွေကို တွက်ကြည့်လိုက်သည်။ မကြာပါ၊ ချက်ချင်း အဖြေထွက်သွားပါ၏။

မဲပုံးထဲသို့ စာရွက်ရောက်လာသောနေ့တွေသည် (၃)နှင့်စားလျှင် အကြွင်း (၂)နှင့် အကြွင်း (၀)ရသောနေ့တွေမှာ ရောက်လာခြင်း။

ဆောင်းတစ်ယောက် 'ဟာ' ခနဲပင်ဖြစ်သွားရကာ ခုနစကားပြောနေသောလူနှစ်ယောက်ဆီ အကြည့်ရောက်မိတော့ . . .

မရှိတော့ပေ။ သူတစ်ကွက်နောက်ကျသွားပေပြီ။ မိုး၏ တွေးထင်မှုတွေမှာ မှန်ကန်နေပြီလား။

ဒါပေမဲ့ အရင်ရောက်နေကျနေ့တွေနှင့် ချိန်ထိုးကြည့်လျှင်တော့ ဒီနေ့သည် အကြွင်း (၁)ဖြစ်သည့်အတွက် စာရွက်ရောက်မလာနိုင်ပေ၊

ဒါဆို မနက်ဖြန်တွင်ရော . . .

သူတွေဝေမနေတော့။

ချက်ချင်း လုပ်စရာရှိသည့်အလုပ်ကို ကောက်လုပ်လိုက်တော့သည်။

အဲဒါက . . .

"ဘာလာလာ ဒါပဲ' အမည်ရှိ အမျိုးသားသီးသန့် Beauty Saloon သို့သွားရန် ခြေလှမ်းပြင်ပြီးသည့်နောက် . . .

တရားခံသည် 'ရာဇာ'များဖြစ်နေပြီလား?



www.burmeseclassic.com

www.burmeseclassic.com

## XVI

ဆိုင်ထဲဝင်ပြီးမှပင် သူဘာလုပ်ရမှန်းမသိ ကြောင်တောင်တောင်ဖြစ်သွားသည်။ အထဲရောက်ပါမှ ဆိုင်မှာ ထင်ထားတာထက် ပိုသားနားသပ်ရပ်နေကြောင်း တွေ့ရပါ၏။ ထိုစဉ်မှာပင် . . .

"အစ်ကို . . . ဆံပင်ညှပ်မလို့လား"

ကောင်လေးတစ်ယောက်က အနားရောက်လာရင်းမေးသည်ကြောင့် သူ အဆင်ပြေသွားကာ ချော်လဲရောထိုင်မိပါ၏။

"အေး . . . ဆံပင်ညှပ်မလို့"

ထိုအခိုက် ဆိုင်တံခါးပွင့်သွားကာ လူတစ်ယောက်ဝင်လာသည်။ ဘာရယ်မဟုတ် သူလှည့်ကြည့်မိတော့ . . .

"ဟင်"



"အော် . . . အစ်ကို"

ဝမ်းသာအားရနှုတ်ဆက်သော စကားသံတစ်သံနှင့်အတူ အနားရောက်လာသော ရာဇာ။ ဘာမှုမဆိုင်ပါပဲ နှလုံးခုန်နှုန်းမြန်သွားသည်ဟု ခံစားမိသည်။

"ဆံပင်လာညှပ်တာလား အစ်ကို"

"အေး . . . အေးကွာ"

ရာဇာ့ပုံစံက လုံးဝငြိမ်နေသည်။ သက်သာမကင်းဖြစ်စရာ ဘာတစ်ကြောင်းမှုမရှိ။ သူကသာ ဘာမဆိုင်ညာမဆိုင် မျက်နှာပူနေခြင်းဖြစ်သည်။

"ဒါဆိုရင်တော့ အစ်ကိုတစ်ခါတည်း လက်ရာကိုခိုက်သွားအောင် ကျွန်တော်ကိုယ်တိုင် ညှပ်ပေးမယ် . . . လာ"

ဖော်ရွေသောအပြောအဆို အပြုအမူတွေဖြင့် ရာဇာက ညှော်တော်ကျေပွန်နေသည်။ နောက် တကယ်ပင် သူကိုယ်တိုင်ညှပ်ပေးပါ၏။ ဆောင်းပင် အားနာသွားရသည်။ ဆံပင်ညှပ်နေရင်းမှလည်း ရာဇာက မပျင်းရအောင် စကားတွေဖောင်ဖွဲ့သည်။ သူကတော့ ထိုအပေါ်သိပ်အာရုံမရောက်မိ။ သူအာရုံရောက်နေသည်က လာရင်းကိစ္စကို ဘယ်လိုအစဖော်ရမလဲ။

အမှန်က သူဒီဆိုင်သို့သာရောက်လာသည် သူ့မှာ ရေရေရာရာကိစ္စအကြောင်းရင်းမရှိ။ ဆက်စပ်တွေးခေါ်စရာ ရလိုရငြားရောက်လာခြင်းဖြစ်သည်။ ဒီတော့ . . .

ဆောင်း စဉ်းစားနေသည်။ သူဘာပြောရမည်လဲ။ ဘာလုပ်ရမည်လဲ။ ရာဇာ့ဆီက ဘယ်လိုအကြောင်းအရာမျိုးတွေ နှိုက်ထုတ်ရမည်လဲ။ သူတွေးရင်းတွေးရင်းနှင့် ဒီဆိုင်သို့ရောက်လာစေသော အဓိကအချက်ကို သတိရလိုက်သည်။

အဲဒါက ပြက္ခဒိန်ပေါ်မှ အမှတ်အသား။

Thinking ထဲတွင်ပြောသွားသော ကျူရှင်ဆရာလိုလူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

၏ စကားမှန်မမှန်။

ဆောင်း ဆံပင်ညှပ်နေရင်းမှပင် ပတ်ဝန်းကျင်ကို မျက်စိကစားမိသည်။ သူပဲ ကံကောင်းသည်လားမသိ။ သူ့နောက်ကျောဘက်တွင် ပြက္ခဒိန်တစ်ခုချိတ်ဆွဲထားကြောင်း မှန်ထဲမှမြင်ရသည်။ ဒီတော့ . . .

"ဒီနေ့ မြန်မာလို ဘယ်နှရက်လဲ . . . သိလား"

အင်္ဂလိပ်လိုဆိုလျှင် မသေချာ၍ သေချာအောင် မြန်မာလိုရက်ကို မေးလိုက်ခြင်းဖြစ်ရာ ထင်သည့်အတိုင်းပင် . . .

"မြန်မာလိုတော့ မသိဘူးဗျ။ ခဏလေး ကျွန်တော်ကြည့်ပေးမယ်"

ရာဇာက ကပျာကရာပင် နောက်မှပြက္ခဒိန်ကို လှန်ကာကြည့်လိုက်တော့ . . .

ဆောင်း ရင်တစ်ချက် သဲ့သဲ့လေးခုန်သွားတော့သည်။

အကြောင်းကား . . .

လတစ်လပေါ်တွင် သုံးရက်တစ်ကြိမ်ထင်ရသော ကြက်ခြေခတ်များနှင့် နောက်လပေါ်တွင်ကား ကြက်ခြေခတ်တစ်ခုတည်း။

ပြီးတော့ နောက်တစ်လ၊ ကြက်ခြေခတ်တစ်ခု။

ဒီလိုဆိုလျှင်တော့ ဟိုလူတွေ ညာပြောခြင်းမဟုတ်ကြောင်း ဆောင်းလက်ခံလိုက်သည်။

"လဆန်း (၈)ရက် အစ်ကို"

ရာဇာက ပြက္ခဒိန်ကို ပြန်ချရင်းပြောသည်ကြောင့် . . .

"ဟုတ်လား၊ အေးကွာ . . . ကျေးဇူးပဲ"

ဆောင်း အလိုက်သင့်ပြန်ပြောလိုက်ရင်းမှ ရာဇာ့ကို ကြည့်မိသည်။

ရာဇာကတော့ အေးဆေးပင် ဘာမှုမသိသလိုပုံစံနှင့်ပဲ သူ့အလုပ်သူ ဆက်လုပ်သည်။ ဒီလိုနှင့် တစ်အောင့်ကြာသွားစဉ် ရာဇာ့ဆီမှ စကားသံထပ်ထွက်လာ၏။



"အစ်ကိုကို Thinking ဆိုတဲ့စကားလုံးကို ဆိုင်နာမည်ယူသုံးထားတော့ အတွေးအခေါ်ကို ဝါသနာပါတယ်နဲ့တူတယ်"

"အေး . . . အဲလိုပဲပြောရမှာပေါ့။ စိတ်ဝင်စားပါတယ်"

"ဟာ . . . ကျွန်တော်လည်း စိတ်ဝင်စားတယ် အစ်ကို။ ကျွန်တော်တင်မဟုတ်ဘူး ကျွန်တော့်သူငယ်ချင်းလေးယောက်လုံးလည်း စိတ်ဝင်စားတယ်။ ကျောင်းတုန်းကဆိုရင် ကျွန်တော်တို့သူငယ်ချင်းငါးယောက်က နာမည်ကြီးပဲ"

ဆောင်း အနည်းငယ်စိတ်ဝင်စားသွားသည်။ ကျောင်းတစ်ကျောင်းတွင် နာမည်ကြီးဖို့ဆိုတာ တော်ရုံအရည်အချင်းမျိုးနှင့် မဖြစ်နိုင်သည် မဟုတ်ပါလော။

"ကျွန်တော် ပြောပြမယ်ဗျာ။ အစ်ကိုက Thinking ဆိုင်ဖွင့်ထားတာဆိုတော့ စိတ်ဝင်စားမှာပါ။ ကျွန်တော်တို့အဖွဲ့ နာမည်ကြီးရတဲ့အကြောင်းလေးပေါ့"

ဘာရယ်ညာရယ်တော့ မဟုတ်ပါ။ တစ်စုံတစ်ရာ အမြတ်ရလို့ရငြား ငြိမ်နားထောင်နေလိုက်သည်။

"ကျွန်တော်တို့သူငယ်ချင်းအုပ်စုက ကျွန်တော်အပါအဝင် ငါးယောက်ရှိတယ်ဗျ။ ငါးယောက်အဖွဲ့ပေါ့။ အဲဒီငါးယောက်လုံးက မေဂျာတစ်ခုတည်းမဟုတ်ဘူး။ ရူပဗေဒနဲ့သင်္ချာကို ခွဲယူထားတာ။ ဒါပေမဲ့ ကျွန်တော်တို့ငါးယောက်မှာ ဘယ်နှယောက်က ရူပဗေဒ၊ ဘယ်နှယောက်က သင်္ချာရယ်လို့ နှစ်စပိုင်းမှာ ဘယ်သူမှုခွဲမသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က သင်္ချာဆိုရင်လည်း အုပ်စုလိုက်ကြီးသွားသင်၊ ရူပဗေဒဆိုရင်လည်း အုပ်စုလိုက်ကြီးသွားသင်ဆိုတော့ ခွဲရခက်တာပေါ့။ ကျောင်းဖွင့်စမို့ မေဂျာအပြောင်းအရွှေ့ အရှုပ်အရှင်းတွေရှိနေတာလည်း ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ငါးယောက်ကိုတော့ အားလုံးက သတိထားမိတယ်ဗျ။ ဒီလိုနဲ့ တစ်နေ့ ကျွန်တော်တို့အကြောင်းကိုသိနေတဲ့ ဆရာမတစ်ယောက်ကမေးတယ်။ 'နင်တို့ငါးယောက်မှာ ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com

သချ်ာ၊ ဘယ်သူက ရူပဗေဒလည်းတဲ့' [illegible] မေးလိုက်တာနော်။ ဒါပေမဲ့ ကျွန်တော်တို့က ဆန်းဆန်းလေးပြန်ဖြေလိုက်တယ်။

ဒီလိုမျိုးမေးလာရင် ပေးရအောင်ဆိုပြီး စုလုပ်ထားတဲ့စာရွက်လေးတစ်ရွက်ပေါ့။ အဲဒီစာရွက်လေး ဆရာမလက်ထဲရောက်သွားတဲ့အချိန်ကစပြီး နောက်ပိုင်း ကျွန်တော်တို့ငါးယောက် ကျောင်းမှာ နာမည်ကြီးသွားတော့တာပဲ။ ကျွန်တော်တို့ပေးလိုက်တဲ့စာရွက်လေးလည်း ဆရာ၊ ဆရာမတွေကြား ကျောင်းသားတွေကြား ရေပန်းစားသွားတယ်"

သူ့ အနည်းငယ်တော့ စိတ်ဝင်စားမှုကြီးစိုးလာသည်။ ဘာစာရွက်ဖြစ်မည်လဲ။ သူ့ဆိုင်သို့ ရောက်ရောက်လာသည့် ခိုစာ စာရွက်ဖြစ်မည်လား။

"အထဲမှာ ဘာတွေများပါလို့လဲကွ"

မနေနိုင်စွာ သူဝင်မေးလိုက်တော့ . . .

"အထဲမှာရေးထားတာကတော့ ရိုးရိုးလေးပါ။ ကျွန်တော်တို့ငါးယောက်မှာ ဘယ်သူက သချ်ာ၊ ဘယ်သူက ရူပဗေဒဖြစ်တယ်ဆိုတာကို အတွေးအခေါ်နည်းနည်းပေါင်းပြီး အဖြေပေးထားတာ။ အဖြေကတစ်ခါတည်းပါပြီးသား။ ဒါပေမဲ့ အဲဒီအဖြေကိုရဖို့ ခေါင်းနည်းနည်းသုံးရတယ်"

သဲလွန်စ တစ်စွန်းတစ်စတော့ရပြီဟု ဆောင်း သဘောပေါက်လိုက်သည်။ ထို့ကြောင့် . . .

"အဲဒီစာရွက် အစ်ကို့ကို ခဏပြလို့ဖြစ်မလားကွ။ အတွေးအခေါ်ဆိုရင် အစ်ကိုလည်း စိတ်ဝင်စားလို့"

ရာဇာ အနည်းငယ်ပြုံးသွားသည်ကို ဆောင်း မှန်ထဲမှမြင်လိုက်သည်။

"ရပါတယ် အစ်ကိုရ။ အစ်ကိုပြန်ရင် ကျွန်တော်ပေးလိုက်မယ်လေ။ အစ်ကိုလည်း အဖြေထုတ်ကြည့်ပေါ့"



[illegible]ရာဇာက ခေါင်းညှပ်ခြင်းကို လက်စသပ်လိုက်သည်။ ပြီးတော့ အတွင်းခန်းထဲသို့ဝင်သွားကာ တစ်အောင့်ကြာတော့ စာရွက်တစ်ရွက်ကိုကိုင်၍ ပြန်ထွက်လာပါ၏။

"ရော့ . . . အစ်ကို။ ကျွန်တော် နည်းနည်းပြင်ရေးထားတယ်။ ဒါပေမဲ့ အစ်ကိုဖြေနိုင်မှာပါ"

ရာဇာ့လက်ထဲမှ စာရွက်ကိုသူယူကာ ကြည့်သည်။ နောက်အနည်းငယ်မျက်မှောင်ကျုံ့မိသွား၏။

တစ်အောင့်ကြာတော့ . . .

'ဘာလာလာ ဒါပဲ' မှ တံခါးတစ်ချပ်ပွင့်လာသည်။ ထိုအထဲမှ စာရွက်တစ်ရွက်ကိုင်၍ လူတစ်ယောက်ထွက်လာ၏။

ထိုသူက 'ဆောင်း'။

သူ့ခေါင်းထဲတွင် အတွေးတွေ ချာလပတ်ရမ်းနေပါ၏။ ရာဇာပေးလိုက်သောစာရွက်ကို သူအဖြေရှာရမည်။ ပြီးတော့ ဖြစ်နိုင်ချေကိုဆက်စပ်ကြည့်ရမည်။ မနက်ဖြန် (၁၀)နာရီတွင် ရာဇာ့ကို ဆိုင်သို့လာခဲ့ရန် ပြောထားခဲ့သည် မဟုတ်ပါလား။

ပုံမှန်အတိုင်းသွားမည်ဆိုလျှင်တော့ မနက်ဖြန်ခိုစာလာမည့်နေ့။ တရားခံက ရာဇာလား။

ဒါဆိုရင်တော့ မနက်ဖြန် သူနှင့်မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ရာဇာဘယ်လိုလှုပ်ရှားမလဲ။

ဆောင်း အရမ်းသိချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

1, 2, 3, 4, 5 ဟူသည့် သူငယ်ချင်းငါးယောက် ရှိတယ်ဆိုပါစို့။

1က '4 ဟာ သချင်္ချာကျောင်းသားဖြစ်တယ်' ဟု ပြောသည်။

2က ' 5 ဟာ ရူပဗေဒယူတယ်' ဟု ပြောသည်။

3က ' 1 ဟာ ရူပဗေဒကျောင်းသား မဟုတ်ဘူး' ဟု ဆိုသည်။

4က '2 ဟာ သချင်္ချာမေဂျာ မဟုတ်ဘူး' ဟု ပြောသည်။

5က ' 3 နဲ့ 1 ဟာ ယူတဲ့ ဘာသာတွဲခြင်း မတူကြဘူး' ဟု ဆို၏။

အကယ်၍ ရူပဗေဒကျောင်းသားတို့ ပြောစကားများသည်မှားပြီး၊ သချင်္ချာမေဂျာယူသူကျောင်းသားတို့ပြောစကားများသည် မှန်သည်ဟု ဆိုလျှင် မည်သူသည် ရူပဗေဒယူသူဖြစ်ပြီး မည်သူသည် သချင်္ချာယူသူ ဖြစ်သနည်း။



## Fifth Day

စာရွက်တစ်ရွက်ကို လက်မှာကိုင်ရင်း ဆောင်း စဉ်းစားနေမိသည်။ လက်ရာက တော်တော်လေးမြောက်ပါ၏။ ရင်ခုန်ဖို့လည်း ကောင်းသည်။

စာရွက်ပါ အကြောင်းအရာတို့မှာ အတွေးအခေါ်ဆိုတာထက် ကြောင်းကျိုးဆက်စပ်မှုတွေ ပါဝင်နေသည်ဟု သူယူဆမိသည်။ ကျောင်းမှာနာမည်ကြီးသွားမည်ဆိုလည်း ကြီးလောက်၏။

ဒီလို idea မျိုးရှိသည့် ငါးယောက်ထဲမှ တစ်ယောက်ယောက်သည် ခိုစာပိုင်ရှင်ဖြစ်မည်ဆိုလျှင်ရော . . .

Thinking မဲပုံးတွေထဲသို့ ရောက်ရောက်လာသော ခိုစာတွေသည် ရိုးရိုးတန်းတန်းရောက်လာခြင်းမဟုတ်။ အတွေးအခေါ်လေးတွေကြားညှပ်ပါဝင်နေကြောင်း သူရိပ်စားမိသည်။ ဒါကြောင့်သာလျှင် အခု အချိန်အထိ သူ့ကို ဖမ်းလို့မမိသေးခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါဆို အဲဒီငါးယောက်က ဘယ်သူ

သူမသိ။ ဒါပေမဲ့ ရာဇာ . . .

ငါးယောက်အုပ်စုထဲတွင် ရာဇာပါဝင်နေတာတော့ သေချာသည်။ တရားခံသာ ရာဇာတကယ်ဖြစ်လျှင်တော့ ယနေ့ Thinking မဲပုံးထဲမဲထည့်မှာ သေချာ၏။

ဒီနေ့သည် သုံးနှင့်စားလျှင် ၀ ကြွင်းသောနေ့ပင် မဟုတ်ပါလား။ ဆောင်း နာရီကိုလှမ်းကြည့်လိုက်တော့ ဆယ်နာရီထိုးခါနီးပေပြီ။ ဘာမှန်းတော့မသိပေမဲ့ တိုက်ဆိုင်မှုများရှိဦးမလားဟုတွေးရင်း ဆောင်း No.(11) စားပွဲမှာ ရာဇာ့ကို ထိုင်စောင့်နေလိုက်သည်။

မကြာပါ။ ဆယ်နာရီအတိတွင် Thinking ဆိုင်ထဲသို့ ဆွဲဆောင်မှုရှိသော ကိုယ်နေဟန်ထားဖြင့် လူတစ်ယောက်ဝင်လာပါ၏။ ဆောင်း လက်လှမ်းပြလိုက်သည်။

ထိုသူက ရာဇာ။

ရာဇာက အေးဆေးသောအမူအရာဖြင့် လက်ပြန်ထောင်ပြရင်း လျှောက်လာသည်။ ပြီးတော့ သူ့ရှေ့တည့်တည့်ခုံမှာ ဝင်ထိုင်၏။ ရာဇာ့ပုံစံက သံသယဖြစ်စရာမရှိအောင် လုံးဝအေးဆေးနေသည်။ နောက် ကော်ဖီတစ်ခွက်ကိုလှမ်းမှာရင်း စကားစလိုက်ပါ၏။

"ဘယ်လိုလဲ အစ်ကို။ မနေ့က ကျွန်တော်ပေးလိုက်တဲ့စာရွက်ကို အဖြေရှာနိုင်ပြီလား"

ဆောင်း ပြုံးမိသွားသည်လား မသိ။ ဒါပေမဲ့ နှုတ်ခမ်းထောင့်စွန်းတော့ အနည်းငယ် တွန့်ကွေးသွားမည်ထင်သည်။

"အေး . . . ရှာနိုင်ပြီပဲ ပြောရမှာပေါ့။ မင်းတို့ idea လေးတွေ လန်းပါတယ်။ အစ်ကို့အထင် သင်္ချာအယူအဆလေးတွေတောင် ပါနေသလိုပဲ"

"ဟုတ်တယ် အစ်ကို။ ဂဏန်းမပါတဲ့ သင်္ချာပုစ္ဆာတစ်ပုဒ်လို့တောင် ပြောလို့ရပါတယ်"



ဆောင်း မနေ့ကစာရွက်ကို စားပွဲပေါ်တင်ရင်း နံပါတ်တစ်ခုကို ဝိုင်းလိုက်သည်။ သူဝိုင်းပြသော နံပါတ်ကိုကြည့်၍ ရာဇာပြုံးပါ၏။ ပြီး လက်ပိုက်ကာ ကုလားထိုင်နောက်ကျောကို မှီလိုက်သည်။ 'ရှင်းပြ' နားထောင်မယ်ဆိုသည့်သဘော။

ဒီတော့မှ ဆောင်းက . . .

"မင်းတို့မေးခွန်းက ကိုယ်ပိုင်ယူဆချက်တစ်ခုကို သတ်မှတ်ပြီး ပေးထားချက်နဲ့ ကိုက်ညီမှုရှိမရှိ ပြန်စစ်ဆေးကြည့်ရမယ့် သဘောကွ . . ဟုတ်လား"

ရာဇာက ခေါင်းညိတ်ပြသည်။ ပြီးတော့ သူကပင်ဆက်၍ . .

"ပထမဆုံးကွာ (1) ကို သင်္ချာမေဂျာယူသူလို့ ယူဆကြည့်လိုက်မယ်။ အဲဒါဆိုရင် (1) ရဲ့အဆိုဟာ မှန်သွားပြီ။ ဘာဖြစ်လို့လဲဆိုတော့ ပုစ္ဆာမှာ သင်္ချာမေဂျာယူသူကျောင်းသားတို့ ပြောစကားများ မှန်သည်လို့ ဆိုထားတာကိုး။ အဲဒါကြောင့် (4) ဟာ သင်္ချာကျောင်းသားဖြစ်တယ်။ အဲလိုဆို (4) ရဲ့အဆိုဟာ ထပ်မှန်သွားပြန်ပြီ။ (4) ရဲ့အဆိုမှာပါတဲ့အတိုင်း (2) ဟာ ရူပဗေဒယူသူဖြစ်သွားပြီ။ ဒီတော့ (2) ရဲ့အဆိုဟာမှားပြီ။ (5) က သင်္ချာမေဂျာ။ သင်္ချာမေဂျာဆိုတဲ့အတွက် (5) ရဲ့အဆိုမှန်တယ်။ (3) နဲ့ (1) ဟာ ဘာသာတွဲချင်းမတူဘူး။ ဒါပေမဲ့ ငါတို့က အထက်မှာ (1) ကို သင်္ချာမေဂျာလို့ယူဆထားတဲ့အတွက် (3) ဟာ ရူပဗဒသမား။ အဲလိုဆိုတော့ (3) ရဲ့အဆိုမှားသွားတယ်။ (3) ရဲ့အဆိုမှားသွားတဲ့အတွက် (1) ဟာ ရူပဗေဒယူသူဖြစ်ရမယ်။ ဒါဆို အထက်မှာ ငါတို့ယူဆချက်နဲ့ မကိုက်ညီတော့ဘူး။ (1) သည် သင်္ချာမေဂျာယူသူဆိုတဲ့ယူဆချက် မှားသွားပြီပေါ့ကွာ"

ဆောင်းစကားကိုရပ်ကာ ခဏနားလိုက်ပြီး ရာဇာ့ကိုကြည့်သည်။ ရာဇာက ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဖြင့် သူ့ယူဆချက်ကို ဆက်လက်ငံ့လင့်နေပါ၏။

"ဒုတိယယူဆချက်အနေနဲ့ (1) ကို ရူပဗေဒမေဂျာယူသူလို့ ယူ



www.burmeseclassic.com

www.burmeseclassic.com

ဆကြည့်မယ်။ (1)ဟာ ရူပဗေဒမေဂျာဆို သူပြောတဲ့အဆိုဟာ မှားသွားပြီ။ ဆိုလိုတာက (4)ဟာ ရူပဗေဒမေဂျာ၊ ဒါဆို (4)အဆိုမှားတယ်။ (2)က သင်္ချာမေဂျာ၊ (2)က သင်္ချာမေဂျာဖြစ်တဲ့အတွက် သူ့အဆိုမှန်တယ်။ (5)က ရူပဗေဒသမား၊ (5)ဟာ ရူပဗေဒသမားဖြစ်တဲ့အတွက် သူ့အဆိုမှားသွားပြီ။ (3)နဲ့ (1)ဟာ ယူတဲ့ဘာသာတွဲခြင်း အတူတူပဲ။ ငါတို့က အထက်မှ (1)ကို ရူပဗေဒမေဂျာလို့ ယူဆထားတယ်။ ဘာသာတွဲခြင်းတူတဲ့အတွက် (3)ဟာလည်း ရူပဗေဒပဲ။ အဲလိုဆိုရင် ဒုတိယယူဆချက်ဟာ အကြောင်းအကျိုး ကိုက်ညီတယ်လို့ပြောလို့ရတယ်။

နောက်ဆုံးအနေနဲ့အနှစ်ချုပ်လိုက်ရင်တော့ မင်းတို့သူငယ်ချင်းငါးယောက်ထဲမှာ ဟောဒီနံပါတ် (၂)ကလွဲပြီး ကျန်တဲ့သူတွေအားလုံး ရူပဗေဒမေဂျာသမားတွေ"

ဝိုင်းပြသော (2)ဂဏန်းကို လက်ထောက်ရင်းပြောလိုက်တော့ ရာဇာက ကျေနပ်စွာ လက်မထောင်ပြပါ၏။ ပြီးတော့ တစ်ခွန်းပြောသည်။

"Thinking ဆိုင်ရှင် ပီသပါတယ်"

နောက်သိပ်မကြာခင်မှာပဲ သူ့ကိုနှုတ်ဆက်ရင်း ရာဇာပြန်သွားလေသည်။

ယနေ့တော့ No. (11)စားပွဲမှာ သူတစ်ယောက်ထဲ။ သူတို့တွေးထင်မှုတွေ လွဲချော်သွားပြန်ပြီလား၊ စဉ်းစားစရာမလိုပါ။ သူ့ရှေ့မှာတင် ရာဇာထိုင်၍ သူ့ရှေ့မှာတင်ပြန်သွားခြင်းဖြစ်သည်။ Thinking မဲပုံးကို တို့လည်းမတို့၊ ထိလည်းမထိ။

ဒီနေ့သည် 'နိစာ' ရောက်လာရမည့်ရက်။ ဒါပေမဲ့ သူနှင့်မိုးတွေးထင်ထားသောတရားခံက ရာဇာမဟုတ်ပြန်ဘူးလား။

တော်တော်တော့ စိတ်ပျက်ခေါင်းရှုပ်စရာကောင်းနေပေပြီ။

⁂



သို့သော် . . .

ညနေဆိုင်သိမ်းချိန်မှာပင် ဘယ်လိုမှမထင်မှတ်ထားသော၊ စဉ်းစားရကြပ်နေသော ကိစ္စတစ်ခုက ရိုးရိုးလေးရောက်လာပါသည်။

အဲဒါက No. (16)စားပွဲမှမဲပုံးတွင် 'နိစာ' ကို တွေ့လိုက်ရခြင်း။

ပိုဆိုးသည်က ဒီနေ့တစ်နေ့လုံး ထို No. (16)စားပွဲတွင် ဘယ်သူမှုထိုင်မသွားခဲ့ပါ။

⁂



www.burmeseclassic.com

www.burmeseclassic.com

ပန်းတိုင်သိပြီး ပြိုင်ဘက်မရှိတာနှင့်
ပြိုင်ဘက်ရှိပြီး ပန်းတိုင်မသိတာ

အဲဒီနှစ်ခုမှာ
သင် . . . ဘာကိုရွေးမလဲ ?



## Sixth Day

ဒီနေ့သည် 'ခိုစာမျှော်ရန်' အစီအစဉ်စခဲ့သည်မှစလို့ ခြောက်ရက်မြောက်သောနေ့ ဖြစ်လေသည်။ ပြီးတော့ . . .

သုံးနှင့်စားလျှင် (2)ကြွင်းသောနေ့။

(0) ကြွင်းသောမနေ့ကတော့ ခိုစာရောက်လာခဲ့သည်။ ဒါ်ဆို ဒီနေ့ရော ရောက်လာဦးမည်ဟုတော့ ဆောင်းစိတ်ထဲက အလိုလိုသိနေသည်။

ဒါပေမဲ့ တရားခံပြောင်းသွားပေပြီ။ အရင်က တွေးထင်ထားသလို ရာဇာ၊ ဒေါက်တာစည်သူနှင့် သွယ်ဖြူမဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းစိတ်ထဲမှာတော့ တစ်စုံတစ်ခုကို မသိုးမသန့်ဖြစ်နေတာ ကြာပေပြီ။ ဒါပေမဲ့ ရေရေရာရာမရှိသေး၊ ရှိအောင်လုပ်ရမည်ဟုလည်း ဆုံးဖြတ်ထား၏။ ဒီနေ့သည် အဆုံးအဖြတ်။

ဒီနေ့မှာရော ဘယ်လိုလှည့်ကွက်မျိုး၊ အာရုံထွေပြားစေမယ့်ပုံမျိုးနဲ့ ရောက်လာဦးမည်လဲ။

ဆောင်း အတွေးကိုရပ်ရင်း ကောင်တာမှာဝင်ထိုင်လိုက်သည်။ သူတစ်ယောက်ထဲ စောစီးစွာရောက်နေခြင်းဖြစ်ပါ၏။ မိုးပင် ဆိုင်သို့ မရောက်သေး။ ဝန်ထမ်းတစ်ယောက်နှစ်ယောက်သာရောက်သေး၍ ယခုလ ဆိုင်တာဝန်ခံဇော်မင်းသည်လည်း လမ်းမှာပင်ရှိနေဦးမည်။

ကောင်တာမှလှမ်းကြည့်လျှင် တစောင်းမြင်နေရသော Thinkingboard ကို အကြောင်းမဲ့ငေးနေရင်း ဆောင်းတွေဝေနေမိသည်။ မိမိကိုယ်ကိုလည်း အပြစ်တင်မိပါ၏။ ယခုအချိန်ထိ Customer လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည် မဟုတ်ပါလား။

ဆေတန်ဆိုသောမိန်းကလေးမှ အစပြုခဲ့သော ပုစ္ဆာတစ်ပုဒ်သည် ယခုအချိန်အထိ သူတို့တွက်ရခက်နေဆဲ။ ဆောင်း အတွေးတို့ကိုရပ်သိမ်း၍ အံဆွဲကိုဖွင့်လိုက်သည်။ နောက် အံဆွဲထဲမှ စာရင်းစာအုပ်ကို ထုတ်ယူရန်ပြင်တော့ . . .

"ဟင်"

စာရင်းစာအုပ်အောက်မှ စာအုပ်လေးတစ်အုပ်ကြောင့် သူ အံ့ဩသွားသည်။ ဘာရယ်မဟုတ် သူထုတ်ယူကြည့်လိုက်တော့ သင်္ချာအတွေးအခေါ်စာအုပ်လေးတစ်အုပ် ဖြစ်ပါ၏။

အတွေးအခေါ်ဆိုလျှင် မနေနိုင်သောစိတ်ကြောင့် တစ်ရွက်ချင်း လှန်ကြည့်မိတော့ . . .

စိတ်ဝင်စားဖို့ကောင်းပါ၏။ ဆောင်း မသိသေးတာအချို့ကိုပင် သိလိုက်ရသည်။ ပြီးတော့ . . .

ပြီးတော့ . . .



ဆွဲခေါ်သွားပြီဖြစ်သော အစီအစဉ်ကို မထိန်းကွပ်နိုင်ခင်မှာပင် . . .

"ဟင်"

စာမျက်နှာတစ်ခု။ ထိုစာမျက်နှာထဲတွင်ကား . . .

ဆောင်း ရန်ခုန်နှုန်းတို့မြန်သွားကာ အသက်ရှူပင်ကြပ်သလိုဖြစ်သွားသည်။ ပြီးတော့ . . .

အချိန်သွားနှုန်းသည် မနှေးကွေး၊ မမြန်ဆန်ပါ။ စာမျက်နှာတစ်ခုနှင့် ၎င်းနှင့်ဆက်စပ်သော စာမျက်နှာတစ်ခုက ခဏလေးသာကြာသည်။ ဒါပေမဲ့ ထူပူရှုပ်ထွေးနေသော ဦးနှောက်ပတ်လမ်းကြောင်းတွေ အားလုံး အေးစက်ရှင်းလင်းသွားပါတော့သည်။ ဟုတ်သည်။

သူ အတွေးရှင်းသွားလေပြီ။

ထိုအချိန်မှာပင် ဆိုင်တံခါးပွင့်လာ၏။ ဇော်မင်းဖြစ်သည်။ ဆောင်း စာအုပ်ကိုပိတ်ကာ အံဆွဲထဲသို့ပြန်ထည့်လိုက်သည်။ နောက် ဖုန်းကို ကောက်ကိုင်လိုက်ကာ . . .

"ဟော့ကောင် . . . မိုး၊ မင်းဘယ်မှာလဲ"

" . . . . . "

"ဟုတ်လား . . . ငါက ဆိုင်မှာ"

ထိုအချိန်မှာပင် ဇော်မင်းက သူ့အနားသို့ရောက်လာပေပြီ။

"အေး . . . ပြောပြော . . . နေရာပြော . . . ငါ အခုချက်ချင်းလာခဲ့မယ်"

ဆောင်း ဇော်မင်းဘက်သို့ အလျင်စလိုလှည့်ကာ နေရာလိုက်မှတ်ရန် လက်ဟန်ပြလိုက်သည်။ အလျင်စလို အရေးကြီးဟန်ဖြစ်သွားသော သူ့ပုံစံကြောင့် ဇော်မင်းလည်း ကပျာကယာပင် ဘောပင်ထုတ်ကာ စာရွက်လွတ်တစ်ရွက်တွင် လိုက်မှတ်ပါ၏။

ဆောင်းက နေရာတစ်ခုကို အလျင်အမြန်ပင် အော်ပေးသည်။ လိုက်မှတ်သော ဇော်မင်းကလည်း ခပ်သွက်သွက်။



www.burmeseclassic.com

www.burmeseclassic.com

နောက် . . .

"အေး . . . အေး . . . ငါအခုထွက်လာပြီ"

ပြောပြီး ဇော်မင်းလက်ထဲမှစာရွက်ကိုယူကာ အလျင်အမြန်ပင် နေရာမှ ထွက်လာခဲ့ပါတော့၏။

တစ်ခုတော့ရှိသည်။

အဲဒါက ဆောင်းမျက်နှာ ပြုံးနေသည်။



# XVII

အချိန်ကား နေပူမိုးတွေရှာချနေသော နေ့ခင်းအခါသမယ Thinking ဆိုင်ထဲတွင် နေ့ခင်းနေ့လယ်မို့ လူအနည်းငယ် ကျဲပါးနေပါ၏။

လူအနည်းငယ်နှင့်ပင် ဆိုင်ထဲ၌ စိတ်လှုပ်ရှားဖွယ်အငွေ့အသက် တစ်ခုက ထောက်လှမ်းစုံစမ်းနေရသည်။ ဆောင်း ကောင်တာတွင်ထိုင်၍ တစ်စုံတစ်ရာကိုအလွတ်မပေးပဲ ချောင်းမြောင်းနေပါ၏။ ထိုတစ်စုံတစ်ယောက်ကလည်း မြွေမြွေချင်းခြေမြင်သည့်အလား သူ့လွတ်ကွက်ကို တိတ်တဆိတ် စောင့်ဆိုင်းနေသည်ဟု သူထင်၏။



www.burmeseclassic.com

www.burmeseclassic.com

ယခုအချိန်ထိတော့ မဲပုံးတွေထဲသို့ ခိုတာမရောက်သေးကြောင်း သူသိသည်။ မကြာခင်ကပင် စားပွဲတိုင်းမှမဲပုံးတွေကို ဖွင့်စစ်ထားသည် မဟုတ်ပါလား။ တရားခံမလာသေးတာလား၊ မထည့်သေးတာလား။

ဒါပေမဲ့ မကြာသောတစ်ခဏမှာပင် ရောက်လာတော့မည်မှန်း သူ့စိတ်က အလိုလိုသိနေသည်။ ထို့ကြောင့်လည်း အလွတ်မပေးပဲ စောင့်ဆိုင်းနေခြင်းဖြစ်ပါ၏။

ဒီလိုနှင့် နာရီလက်တံတွေ တစ်ကွက်ပြီးတစ်ကွက်၊ ကမ္ဘာကြီးကလည်း နေလုံးကြီးကို တရွေ့ရွေ့ ဝိုင်းကြီးပတ်ပတ်ကစားလျက်။

အချိန်တွေ တရွေ့ရွေ့သွားနေသလို ရင်ခုန်နှုန်းတွေလည်း တဒိတ်ဒိတ်နှင့် တိတ်တဆိတ်ဆန်လာနေသည်။ ပြီးတော့ . . .

ပြီးတော့ . . .

ထိုအချိန်မှာပင် ဆောင်းအကြည့်တွေက ဆိုင်ရှေ့တည့်တည့်ကို ရောက်ကာသွားခိုက် . . .

"ဟင်"

ဆောင်း မျက်လုံးပြူးသွားလေသည်။ သူမှင်တက်သွားပါ၏။ အကြောင်းကား . . .

Thinking ဆိုင်ရှေ့တည့်တည့် Triangle ဆေးခန်းမှ တံခါးတစ်ချပ်ပွင့်ကာလာသည်။ ပွင့်ဟသွားသောတံခါးနှစ်ချပ်အလယ်မှ တစ်လှမ်းချင်းဆင်းလာသော မိန်းမကြီးတစ်ယောက်။

ဆောင်း အမြင်မှားနေသလားဆိုပြီး မျက်လုံးကိုပွတ်ကာ ထပ်ကြည့်သည်။

သေချာပါသည်။

ထိုအန်တီမှ ထိုအန်တီအစစ်။

ဆောင်း ဦးနှောက်ထဲတွင် တစ်ချိန်တုန်းက ငိုရှိုက်သံတွေပြန်ကြားယောင်လာကာ အတွေးတစ်စလင်းသွားသည်။ သူကြည့်နေစဉ်မှာပင် ထိုအန်တီက ကားတံခါးကိုဆွဲဖွင့်၍ ဝင်ထိုင်လိုက်ပါ၏။ ဆောင်း



[illegible]ချင်းပင် ထပဟန်ပြင်လိုက်သည်။ ဒါပေမဲ့ . . .

သူ၏စိတ်ကို တစ်စုံတစ်ရာသောဆန္ဒတစ်ခုက ဆောင့်ဆွဲလိုက်သလိုဖြစ်သွားကာ တုံ့ခနဲရပ်သွား၏။

သူ ဘယ်လိုလုပ်ရမည်လဲ။ အလွတ်ပေးလို့တော့မဖြစ်။ လိုက်မှရပေမည်။ သူလိုက်သွားလျှင် ဒီမှာကျန်ခဲ့မည့်ကိစ္စတွေက . . .

ထိုစဉ်မှာပင် ဆိုင်ရှေ့သို့ ကားတစ်စီးထိုးဆိုက်လာပါ၏။ ဆောင်း ဝမ်းသာသွားသည်။ နောက် အလျင်အမြန်ပင် ကားဆီပြေးသွားလိုက်ကာ . . .

"မိုး . . . ဆိုင်မှာခဏစောင့်နေ၊ တရားခံကို မိတော့မယ်။ မင်းဆက်ဖမ်းလိုက်တော့ . . . ငါအရေးကြီးလို့"

ရေးကြီးသုတ်ပျာဖြင့် ကားပေါ်တက်ထိုင်လိုက်သော သူ့ကိုကြည့်၍ မိုး ကြောင်သွားသည်။ ဆောင်း အချိန်မပေးနိုင်စွာ မိုး၏နားနားတိုးကပ်၍ တစ်စုံတစ်ရာကို ပြောလိုက်ပါသည်။ သူ့အပြောကြောင့် မိုး မျက်လုံးပြူးသွားသည်။ နောက် မယုံသင်္ကာဟန်ဖြင့် သူ့ကိုကြည့်သည်။

ဆောင်း ယတိပြတ်ခေါင်းညိတ်ပြလိုက်ပြီးနောက် . . .

"မင်းက အခုဘယ်သွားမလို့လဲ"

"ဆေတန့်အမေနောက် လိုက်မလို့"

မကြာပါ။ ကားတစ်စီးမှာ Thinking ဆိုင်ရှေ့မှ ဝူးခနဲမောင်းထွက်သွားပါ၏။ ခုနကားရပ်ထားရာနေရာတွင်တော့ တစ်ယောက်ရပ်ကျန်ခဲ့သည်။ ထိုသူက မိုး . . .

ဆေတန့်အမေနောက် ရေးကြီးသုတ်ပျာ လိုက်သွားသူက ဆောင်း . . .

ဆောင်း၏ဆုံးဖြတ်ချက်စကားကို အာရုံ၌ထည့်ရင်း မိုးတစ်ယောက် ဆိုင်ထဲသို့ဝင်ခဲ့ပါတော့သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

ကားနှစ်စီးက တရိပ်ရိပ်ပြေးနေသည်။

ဆောင်း ကားကို လီဗာတစ်ချက်ဆောင့်နင်းလိုက်ပါ၏။ ကားလေးက သခင့်အလိုကျမြားတစ်စင်းလို ပြေးထွက်သွားသည်။ ရှေ့မှကားကလည်း သူလိုက်တာသိ၍ထင်သည် အရှိန်ကိုပိုမြှင့်လိုက်ကြောင်း တွေ့ရ၏။ ထိုအခါမှ အသေးစားကားပြိုင်ပွဲတစ်ခုဆီသို့ ဦးတည်သွားသည်။ ဆောင်း ကားမောင်းနေရင်းမှ စဉ်းစားနေသည်။ ရှေ့မှကားမောင်းသူသည် မည်သူဖြစ်မည်နည်း။

ဆေတန့်အမေ မောင်းနေတာတော့မဖြစ်နိုင်။ ဒါဆို ဆေတန်များမောင်းနေတာလား။ ကားမှန်တွေမှာလည်း အတွင်းကိုမမြင်ရသည့်အတွက် အခက်တွေ့နေသည်။

လမ်းမှာ အရှင်းကြီးမဟုတ်သည့်အတွက် မောင်းရတာမလွတ်လပ်။ ဒါပေမဲ့ . . .

သူမောင်းနေသည်။

ရှေ့မှကားကိုမီအောင် မောင်းနေသည်။

ထိုစဉ်မှာပင် သူလိုက်နေသော အမည်းရောင်ကားမှာ လမ်းချိုးတစ်ခုထဲသို့ ကွေ့ဝင်သွားသည်။ ဆောင်းလည်း ကမန်းကတန်းပင် သူ့ကားကို ထိုလမ်းထဲသို့ ကွေ့ဝင်လိုက်ပါ၏။

ဒါပေမဲ့ သူသိပ်မမောင်းလိုက်ရ။ ရှေ့ကသွားနေသောကားမှာ တစ်နေရာတွင် အရှိန်လျော့၍ရပ်သွားသည်။ ဆောင်းလည်း သူ့ကားကို ထိုကားနောက်တည့်တည့်မှာပင် ရပ်လိုက်၏။ ပြီးနောက် သူကားပေါ်မှ ဆင်းလိုက်သည်။

ရှေ့မှကားကလည်း မောင်းသူဘက်မှ ဘေးတံခါးတစ်ချပ်ပွင့်လာသည်။ ဒါပေမဲ့ . . .

"ဟင်"

ကားပေါ်မှဆင်းလာသူသည် ဆေတန်မဟုတ်ပါ။ သန့်ပြန့်သားနားသည့် သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်။



"မောင်ရော ကျုပ်ကားနောက်ကို ဘာကိစ္စအတင်းလိုက်နေတာတုံး"

ထိုလူ့ပုံစံက စိတ်ပျက်ဒေါသထွက်ဟန်ပေါက်နေ၏။ ဆောင်း ထိုသူ့ကို တစ်ခါမျှမမြင်ဘူး။ ဒါပေမဲ့ . . .

"အစ်ကို့ဘေးမှာပါလာတဲ့ အန်တီ့နောက်ကို လိုက်တာပါ။ အစ်ကို့နောက်ကိုလိုက်တာ မဟုတ်ပါဘူး"

"ဘာ . . . ငါ့ဘေးမှာပါလာတဲ့ အန်တီ။ ဘယ်က အန်တီလဲ"

"Triangle ဆေးခန်းထဲကထွက်လာတဲ့ အန်တီလေ"

သူ့စကားကြောင့် ထိုတစ်ယောက်မှာ အူလည်လည်ဖြစ်သွားပုံရသည်။ နောက် ကားကိုတစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ သူ့ကို တစ်ခါပြန်ကြည့်သည်။ ပြီး စိတ်ပျက်လက်ပျက်ပုံစံဖြင့် . . .

"မင်း ဘာတွေလာပြောနေတာလဲကွ။ ဘယ်က Triangle လဲ။ ဘယ်က အန်တီလဲ။ ငါ့ကားပေါ်မှာ ငါတစ်ယောက်ထဲပဲပါတယ်။ ဘယ်သူမှပါမလာဘူး"

"ဗျာ"

ဆောင်း ကြောင်သွားပါသည်။ နောက် မယုံသင်္ကာဖြင့် ထိုသူ့ကိုကြည့်လိုက်တော့ . . .

"မင်းမယုံရင် သွားကြည့်ချေ"

ထိုသူက ကားကိုမေးငေါ့ပြရင်း ဆိုသည်။ ဆောင်း သင်္ကာမကင်းပုံစံဖြင့်ပင် ထိုသူ့ကိုထပ်ကြည့်ရင်း ကားဆီလျှောက်သွားလိုက်ပါ၏။

ပြီးတော့ . . .

"ဟင်"

ဆောင်း ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်အောင်ဖြစ်သွားသည်။ ထိုလူပြောသလိုပင် ကားပေါ်တွင် ဘယ်သူမျှရှိမနေပါ။ ဘယ်ဆိုဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com

သနည်း။ သူ့မျက်စိနှင့်ပင် တပ်အပ်မြင်ခဲ့သည့် . . .

ထိုစဉ်မှာပင် ကားမောင်းသူက သူ့ဆီလျှောက်လာကာ . . .

'ဘယ်လိုလဲ' ဟူသည့်သဘောဖြင့် မေးငေါ့ပြ၏။ ဆောင်း ဘာ တတ်နိုင်မည်နည်း။ မျက်နှာကို တမင် ငယ်သထက်ငယ်အောင် ငယ် လိုက်ရင်းဖြင့် . . .

"တောင်း . . . တောင်းပန်ပါတယ်ဗျာ။ ကျွန်တော် ကားမှား သွားတာနဲ့တူတယ်"

ထိုသူက ဘာမျှထပ်မပြောတော့ပါ။ သူ့ကို ခပ်စိမ်းစိမ်းကြည့် ရင်း ကားပေါ်တက်ကာ မောင်းထွက်သွားတော့သည်။

"ဟူး"

ဆောင်း သက်ပြင်းတစ်ခုကို ခပ်လေးလေးကြီး ချမိလေတော့ ၏။

သူအမြင်မမှားပါ။ ဆေတန့်အမေမှ ဆေတန့်အမေအစစ်။

နောက်က တောက်လျှောက်လိုက်လာသည့်အတွက် ကားပေါ် မှဆင်းသည်ကိုလည်း သူမမြင်။

ဒါဆို . . .

ကားမှားသွားတာပဲလား?

* * *



## XVIII

ဆိုင်ပြန်ရောက်တော့ အရာအားလုံးမှာ ပြောင်းလဲသွားပေပြီ။ ဝင်ဝင်ချင်းမှာပင် ဝန်ထမ်းလေးတစ်ယောက်က . . .

"အစ်ကို့ကို ကိုမိုး အပေါ်မှာစောင့်နေတယ်"

သူ ခေါင်းညိတ်ပြရင်း အပေါ်ထပ်သို့တက်ခဲ့ပါ၏။ အပေါ် ရောက်တော့ မိုးတစ်ယောက် သက်သောင့်သက်သာအမူအရာဖြင့် ကုလား ထိုင်တစ်လုံးတွင်ထိုင်နေသည်ကို တွေ့ရသည်။

မိုးနှင့်မျက်နှာချင်းဆိုင်မှာက သူ့ကိုကျောပေးလျက် လူတစ် ယောက်။ ထိုလူကို တွေ့လျှင်တွေ့ချင်းမှာပင် ဆောင်း ကျေနပ်စွာပြုံးဖြစ် လိုက်ပါ၏။ ပြီး သူ့ကိုလှမ်းကြည့်နေသော မိုးကို ခေါင်းညိတ်ပြလိုက် သည်။ ပြီးတော့ ဆောင်း မိုးဘေးမှ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင် လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲကွ . . . ဇော်မင်း၊ ငါတို့ [illegible] တယ်ဆိုတော့ မင်းတော်ပါတယ်"

သူ့ကိုမြင်တော့ ဇော်မင်း၏ ငယ်နေသောမျက်နှာမှာ ပျက်ချင်ချင်ဖြစ်နေသည်။

"ကျွန် . . . ကျွန်တော် . . . "

ဆောင်း လက်ကာပြရင်း ဆက်ပြောသည်။

"မင်းရဲ့အရည်အချင်းကို လက်ခံတဲ့အနေနဲ့ မင်းကိုငါတို့ လုံး၀ အပြစ်မပေးဘူး။ ဒါပေမဲ့ ဘာကြောင့် Thinking မဲပုံးတွေထဲ မဲစာရွက် လာလာထည့်ရတယ်ဆိုတာ အမှန်အတိုင်းပြော"

အပြစ်မပေးဘူးဆိုသည့်စကားကြောင့် ဇော်မင်းမျက်နှာ အနည်းငယ်ငြိမ်သွားသည်။ နောက်မှ စိတ်အေးသွားသလို သက်ပြင်းတစ်ခုကို ချရင်း . . .

"ကျွန်တော် မဲပုံးတွေထဲကိုစာရွက်ထည့်ရတာ အမှန်တော့ ကျွန်တော့်ဆန္ဒလုံး၀ မပါပါဘူး။ စာရွက်ထဲမှာပါတဲ့ စာသားရဲ့အဓိပ္ပာယ်ကိုလည်း ကျွန်တော်မသိဘူး။ ကျွန်တော့်ကို အစ်မကြီးတစ်ယောက်ကခိုင်းလို့ ထည့်ပေးရတာပါ"

"ဘယ်က အစ်မကြီးလဲ"

"ကျွန်တော် မသိဘူး"

"ဘာ"

မိုး၏အသံ ကျယ်သွားသည်။ ဇော်မင်းထိတ်လန့်ကာ မျက်လုံးပြူးသွားပါ၏။ ပြီး ကမန်းကတန်းလက်ကာပြရင်း . . .

"ဟို . . . မ . . . မသိဘူးဆိုတာ အဲဒီအစ်မရဲ့နာမည်ကို မသိတာပါ။ လူချင်းတော့သိတယ်။ အစ်ကိုတို့လည်း မြင်ရင် သိလိမ့်မယ်နဲ့တူတယ်"

"ဟေ"

"ဟုတ်တယ် . . . ကျွန်တော်တို့ဆိုင်ရဲ့ Customer တစ်ယောက်



[illegible] တစ်ပတ်သုံးခါလောက်လာတယ်။ အခုနောက်ပိုင်းမှ မလာတော့တာ"

"သူက ဘယ်မှာနေတာလဲ"

"အဲဒါလည်း ကျွန်တော်မသိဘူး"

ဆောင်း စိတ်ပျက်သွားသည်။ ဒါပေမဲ့ စိတ်ထဲတွင်တော့ မျှော်လင့်ချက်တစ်စုံတစ်ရာ ရလိုက်ပါ၏။ ထိုစဉ်မှာပင် မိုးက . . .

"မင်းနဲ့သူနဲ့က . . . "

"မိတ်ဆွေပါ"

"အရင်ထဲက သိတာလား"

"မဟုတ်ပါဘူး . . . သူ ဒီဆိုင်လာရင်းနဲ့ ကျွန်တော်နဲ့ခင်သွားတာ"

မိုးက မျက်မှောင်ကျုံ့သွားသည်။

"သာမန်မျက်မှန်းတန်းမိပြီး ခင်ရုံလောက်နဲ့ မင်းက သူခိုင်းတာကို အခုလိုလုပ်ပေးစရာလား"

"မဟုတ်ပါဘူး . . . တော်တော်ခင်ပါတယ်။ မောင်နှမတွေနီးနီးကို ခင်တာပါ။ ဒီလိုပါ အစ်ကိုတို့သင်ပေးထားလို့ ကျွန်တော်တို့က သင်္ချာနဲ့ပတ်သက်ရင် အတွက်အချက်တွေပိုင်းမှာ ပိုင်တယ်လေ။ သူကလည်း သင်္ချာစိတ်ဝင်စားတယ်။ အဲဒါ ကျွန်တော်က ဆိုင်မှာ ပိုက်ဆံရှင်းရင် အမြန်တွက်နည်းတွေနဲ့တွက်တတ်တော့ အဲဒီနည်းလေးတွေကို သူကလည်းစိတ်ဝင်စားပြီး ကျွန်တော့်ကိုမေးရင်းနဲ့ ခင်သွားကြတာပါ။ နောက်ပြီး အဲဒီနည်းတွေက အစ်ကိုတို့သင်ပေးတာလို့သိတဲ့အတွက် အစ်ကိုတို့ကိုလည်း အထင်ကြီးတယ်။ အခုနောက်ပိုင်း သူ့ရဲ့အိမ်တွင်းရေးကိစ္စတွေနဲ့ပတ်သက်ပြီး စဉ်းစားရကြပ်တဲ့အခါမျိုးမှာတောင် ကျွန်တော့်ကိုဖုန်းဆက်ပြီး တိုင်ပင်တတ်တယ်"

ထိုစကားကြောင့် ဆောင်း ပြုံးလိုက်သည်။

"ဘာလဲကွ . . . ကုဏ္ဍိုပြင်ကြီးခုတ်ရင် အိမ်နဲ့လ[illegible]မလွတ်



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပင်တဲ့ကိစ္စမျိုးလား"

"ဗျာ . . . "

ဇော်မင်း အံ့သြသွားသည်။

"အဲ . . . အဲဒါကို အစ်ကိုသိတယ်ပေါ့"

"သိတာပေါ့ကွ။ မင်းဖုန်းပြောနေတဲ့အချိန် ငါ မင်းနောက်မှာ ရှိနေတဲ့ဥစ္စာ"

"ဩော်"

ဇော်မင်းက သူ့လုပ်ရပ်တွေမပိရိမှန်း အခုမှ သဘောပေါက်သလို 'ဩော်' လိုက်သည်။

"ဒါနဲ့နေပါဦး၊ သူမင်းကို မဲထည့်ခိုင်းရတဲ့ရည်ရွယ်ချက်က ဘာလဲ"

ဇော်မင်း ခေါင်းယမ်းသည်။

"ကျွန်တော်မသိဘူး။ ခင်မင်မှုအတိုင်းအတာရယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် စမ်းသပ်ချင်တာရယ်ကြောင့် သူခိုင်းတဲ့အတိုင်းလုပ်လိုက်တာ"

"မင်းကိုယ်မင်း စမ်းသပ်ချင်လို့"

မိုးက နားမလည်စွာ ဝင်မေးသည်။

"ဩော် . . . ဒီလိုပါ။ ကျွန်တော်က အစ်ကိုတို့ကို အထင်ကြီးတယ်လေ။ အဲဒီတော့ ကျွန်တော့်လုပ်ရပ်အပေါ် အစ်ကိုတို့ရိပ်မိလား . . . မရိပ်မိဘူးလား၊ ဖမ်းမိလား . . . မဖမ်းမိဘူးလား သိချင်လို့"

"ဩော်"

ဒီတစ်ခါ သူတို့နှစ်ယောက် 'ဩော်' လိုက်သည်။

"ကျွန်တော် ပိပိရိရိဖြစ်အောင် တော်တော်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်လွတ်ကွက်လေးတွေကိုထောက်ပြီး မိအောင်ဖမ်းနိုင်ခဲ့တယ်။ အဲဒါ ကိုဆောင်း ဘယ်လိုစဉ်းစားသုံးသပ်ပြီး အမိဖမ်းလိုက်တာလဲ . . . သိလို့ရမလား"



"အေး . . . ဟုတ်တယ် ဟော့ကောင်။ ငါသိချင်နေတာလဲ အဲဒါပဲ"

မိုးကလည်း ဝင်ထောက်ခံသည်။ ပြီး မိုးကပင် ဆက်၍ . . .

"ငါတွေးထားတာက ဟို လေးယောက်ထဲက တစ်ယောက်ယောက်ဖြစ်မှာပဲလို့ တွေးထားတာကွ။ ခုနမင်းပြောလိုက်တော့ ငါတောင် ပထမ တော်တော်အံ့သြသွားတယ်။ နောက်မှ တကယ်ဟုတ်မှန်း သိရတာ"

ဆောင်း ပြုံးလိုက်သည်။ ပြီး သက်သောင့်သက်သာဖြစ်အောင် ကျောမှီပေါ် ကိုယ်ကိုလှန်ချလိုက်ရင်းဖြင့် . . .

"ပထမဆုံးအချက်ကတော့ မင်းဖုန်းပြောနေတာက စတာပဲ။ ဒါပေမဲ့ အဲဒီအချိန်မှာ မင်းကို သံသယမဖြစ်မိသေးဘူး။ ဒါပေမဲ့ စိတ်တော့ နည်းနည်းဝင်စားသွားတယ်ကွ။ မင်းဖုန်းပြောတာက အတွေးအခေါ်ပိုင်းတွေပါနေတာကိုး"

"အဲဒါလည်း အစ်ကိုတို့သုံးခဲ့တဲ့နည်းကို ပြန်ပြောပြတာပါ"

ဆောင်း ခေါင်းညိတ်ပြလိုက်သည်။ နောက် . . .

"ဒုတိယအချက်ကတော့ စားပွဲနံပါတ် (16)ပေါ့။ မင်းတို့သတိထားမိလား။ အဲဒီနေ့က ရာဇာ မဲထည့်မသွားဘူး။ ငါနဲ့စကားပြောနေစဉ် တစ်လျှောက်လုံး မဲပုံးကို ထိလည်းမထိဘူး၊ ကိုင်လည်းမကိုင်ဘူး။ ဒါပေမဲ့ ညနေဆိုင်သိမ်းတော့ ခိုစာကို No.(16)စားပွဲမှာ တွေ့လိုက်ရတယ်။ ထူးခြားတာက အဲဒီနေ့တစ်နေ့လုံး No.(16)စားပွဲမှာ ဘယ်သူမှမထိုင်ဘူး။ အဲဒီမှာတင် ငါသံသယဝင်သွားတယ်။ တရားခံက အပြင်လူမဟုတ်တော့ဘူး . . . အတွင်းလူလို့ပေါ့။

အတွင်းလူဆိုရင် စဉ်းစားစရာနှစ်ချက်ပဲရှိတယ်။ ငါတို့နှစ်ယောက်နဲ့ မင်းတို့ဝန်ထမ်းတွေ။ ငါတို့နှစ်ယောက်ကတော့ မဟုတ်တာ သေချာတယ်။ ဒါဆို ဝန်ထမ်းတွေထဲက တစ်ယောက်ယောက်။ အဲဒီမှာ ငါတို့က ဝန်ထမ်းတစ်ယောက်ကို စားပွဲသုံးဝိုင်းတာဝန်ယူခိုင်းပြီး ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ယူတဲ့စားပွဲကနေ ဘယ်မှမသွားရဘူးလို့ အမိန့်ထုတ်ထားတယ်။ ဒါပေမဲ့ မင်းကိုတော့ တစ်လတာ ဆိုင်တာဝန်ခံတစ်ယောက်အနေနဲ့ လွတ်လွတ်လပ်လပ် သွားလာပိုင်ခွင့်ပေးထားတယ်။ ခိုစာရောက်လာတဲ့ စားပွဲတွေကိုကြည့်လိုက်တော့ တစ်ခုနဲ့တစ်ခု တောင်နဲ့မြောက် အဝေးကြီး ဖြစ်နေတယ်။ အဲဒီမှာတင် ပထမနေ့က ဖုန်းပြောတာနဲ့ပေါင်းပြီး မင်းကို သံသယဝင်သွားတာ"

ဆောင်း စကားကိုခဏရပ်၍ ဇော်မင်းကိုကြည့်သည်။ ဇော်မင်း ပုံစံက ခုနနှင့်ခြားနားစွာ ဆောင်း၏ ဆက်စပ်တွေးခေါ်မှုတွေကို သဘောကျဟန်များစွာ ပေါ်လွင်နေ၏။ ဆောင်းက ခံတွင်းတစ်ချက်ရှင်းကာ စကားကိုဆက်သည်။

"တတိယအချက်ကတော့ . . . မင်း မေ့ကျန်သွားတဲ့ အံဆွဲထဲက သင်္ချာအတွေးအခေါ် စာအုပ်ပဲကွ။ ဒီနေ့မနက် မင်းမလာခင် ငါ ဘာရင်းစာအုပ်ထုတ်ရင်းနဲ့တွေ့လို့ ယူဖတ်ကြည့်လိုက်တယ်။ ပထမတော့ ရိုးရိုးတန်းတန်းပေါ့ကွာ။ ဒါပေမဲ့ စာမျက်နှာတစ်ခုရောက်တော့ နည်းနည်းဆန်းသွားတယ်။ အဲဒါက သိပ္ပံပညာရှင် ဂယ်လီလီယို (Galileo) တွေ့ရှိခဲ့တဲ့ စတုရန်းကိန်းတွေနဲ့ပတ်သက်ပြီး အကြောင်းအရာတစ်ခုပေါ့။ ငါဖတ်ခဲ့ရတဲ့အတိုင်း ပြောပြမယ်နော်"

ဟုဆို၍ ဆောင်းက စတင်ပြောပြသည်။ မပြောခင် . . .

"မိုး . . . ငါ့ကို စာရွက်နဲ့ဘောပင် ခဏပေးစမ်းပါ"

မိုးက ဘေးရှိစင်ပေါ်မှ စာရွက်လွတ်တစ်ရွက်နှင့် ဘောပင်ကို ယူ၍ ပေးသည်။

"သူပြောတာက ရေတွက်ကိန်းများကို အစဉ်အတိုင်းရေးလိုက်ပါတဲ့"

ပြောပြီး စာရွက်လွတ်၌ ဆောင်းက ရေးပြသည်။

1, 2, 3, 4, 5, 6, 7 . . . . . .



"အဲဒီကိန်းစဉ်ဟာ အဆုံးမရှိဘူး။ အဲဒီကိန်းတွေကို နှစ်ထပ်ပြုရင် ဒီလိုရတယ်"

1 x 1 = 1

2 x 2 = 4

3 x 3 = 9

4 x 4 = 16

5 x 5 = 25

"နှစ်ထပ်ကိန်းပြုလို့ရတဲ့ ကိန်းစဉ်တွေဟာလည်း အဆုံးမရှိဘူးတဲ့။ အဲဒီတော့ စတုရန်းကိန်းတွေဖြစ်တဲ့ 1, 4, 9, 16, 25, 36 တို့ဟာ အရေအတွက်အားဖြင့် ရေတွက်ကိန်း 1, 2, 3, 4, 5, 6, 7 တို့ရှိသလောက် ရှိလိမ့်မယ်လို့ ဂယ်လီလီယိုကဆိုထားတယ်"

ဆောင်းက စကားကိုခဏရပ်ပြီး လက်ထဲမှဘောပင်ကို ချလိုက်သည်။ ပြီးတော့ . . .

"အဲဒီမှာ ငါစိတ်ဝင်စားသွားတာက နှစ်ထပ်ကိန်းမြောက်လဒ်တွေဖြစ်တဲ့ 1, 4, 9, 16, 25 ပဲ။ ခိုစာအထည့်ခံရတဲ့ Thinking မဲပုံးတွေကို ကြည့်လိုက်တော့ စားပွဲနံပါတ် 1, 4, 9, 16 က မဲပုံးတွေကို တွေ့ရတယ်။ မနေ့ကစားပွဲ No. (16) မှာထည့်ပြီးသွားပြီ။ ဒါကြောင့် ဒီနေ့စားပွဲ No. 25 မှာထည့်ရမယ်လို့တွက်ပြီး မိုးကိုပြောလိုက်တာ။ ငါပြောတာ ဟုတ်လား"

မိုးက ခေါင်းညိတ်သည်။

"ဟုတ်တယ် . . . No. 25 မှာ ဇော်မင်းမဲထည့်နေတုန်း ငါဝင်ဖမ်းလိုက်တာ။ ဒါဆို မင်းက တရားခံဟာ ဇော်မင်းလို့အထင်နဲ့ ဖမ်းခိုင်းလိုက်တာပေါ့"

"မဟုတ်ဘူး . . . အတိအကျ ငါသိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ . . ."



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုရင်း ဆောင်းက အင်္ကျီအိတ်ကပ်ထဲမှ စာရွက်ပိုင်းလေး တစ်ရွက်ကို ထုတ်ပြသည်။ ထိုစာရွက်ကိုကြည့်၍ မိုးမှာ အံ့သြသွား သလောက် ဇော်မင်းမှာတော့ ဦးကျိုးသွားလေတော့သည်။

"ဟော့ကောင် . . . ဒါ ဘယ်သူ့လိပ်စာလဲ"

မိုး၏အမေးကို သူလက်ကာပြရင်း . . .

"နေဦး . . . ငါပြောပြမယ်။ ဒီလို . . . ။

Thinking မဲပုံးတွေထဲ ရောက်ရောက်လာတဲ့ စာရွက်တွေကို တိုက်ကြည့်လိုက်တော့ လက်ရေးတွေကတူနေတယ်။ နောက်ပြီး အလျင်စလို မြန်မြန်ပြီးအောင် သော့ရေးထားတာတွေ့ရတယ်။ ဒါနဲ့ငါလည်း ဒီနေ့မနက် အဖြေတစ်ခုရှင်းသွားအောင် ရုပ်ရှင်နည်းနည်းရိုက်လိုက်တယ် ကွာ"

"ဟင် . . . ဘယ်လိုရုပ်ရှင်ရိုက်တာလဲ"

"ဒီနေ့မနက် ဇော်မင်းဆိုင်ရောက်လာတော့ မင်းနဲ့ဖုန်းပြောချင် ယောင်ဆောင်ပြီး သူ့ကို လိပ်စာအမြန်လိုက်မှတ်ခိုင်းလိုက်တယ်ကွာ။ ဟောဒီလိပ်စာပဲ။ မယုံရင် ခိုစာ စာရွက်တွေကိုယူပြီး တိုက်ကြည့်လိုက်။ လက်ရေးချင်းတူနေတာ တွေ့ရလိမ့်မယ်။ အဲဒါကြောင့် တရားခံဟာ ဇော်မင်းပဲလို့ ငါအတိအကျပြောနိုင်တာ"

အဖြေတစ်ခုမှာ လုံးဝကို ရှင်းလင်းသွားလေသည်။ ဇော်မင်းမှာ တော့ ခေါင်းကို ငုံ့သထက်ငုံ့ကျသွားပါတော့၏။

ထိုစဉ်မှာပင် မိုးက . . .

"ဇော်မင်း . . . မင်း အဲဒီမိန်းကလေးနာမည်ကိုတောင် မသိဘူး ဆိုတာ သေချာတယ်နော်"

"သေချာပါတယ် အစ်ကို။ ကျွန်တော်မလိမ်ပါဘူး။ တကယ် မသိတာပါ"

"ဒါဆို မင်းတာဝန်က အခု ဘာဆက်လုပ်ရမှာလဲ"

"ဘာမျှလုပ်စရာမလိုတော့ဘူး အစ်ကို၊ ကျွန်တော့်တာဝန် ပြီး



သွားပြီ"

"ဟေ . . ."

"ဘာ . . ."

သူနှင့်မိုး နှစ်ယောက်လုံး အံ့သြသွားပါ၏။ သူ့တို့ပုံစံကိုကြည့် ၍ ဇော်မင်းက . . .

"ကျွန်တော်ပြောပြမယ် အစ်ကိုရာ။ သူက ကျွန်တော့်ကို တစ် ရက်ခြားနှစ်ခါ မဲထည့်ခိုင်းတယ်။ ထည့်ရမယ့် စားပွဲနံပါတ်ကိုတော့ သတ် မှတ်မပေးဘူး။ ကျွန်တော့်အတွေးနဲ့ကျွန်တော် သတ်မှတ်ပြီးထည့်တာ။ ကျွန်တော့်တာဝန်က အစ်ကိုတို့ ကျွန်တော့်လုပ်ရပ်ကို မိသွားတဲ့နေ့ရပ် လိုက်ရုံပဲ။ မဲဆက်ထည့်စရာ မလိုတော့ဘူး။ နောက်တစ်နေ့မှာ သူ ကျွန် တော့်ကို ဆက်သွယ်လိမ့်မယ်။ ဆိုလိုတာက ကျွန်တော်မဲထည့်တာကို အစ်ကိုတို့မိသွားပြီး နောက်တစ်နေ့မှာပေါ့"

ဇော်မင်းစကားဆုံးသွားတော့ . . .

"မင်း ငါတို့ကို ဇာတ်လမ်းစဉ်ပြောနေတာတော့ မဟုတ်လောက် ပါဘူးနော်"

"မဟုတ်ပါဘူး . . . တကယ်ပါ"

ထို့နောက်မှာတော့ သုံးယောက်စလုံး တိတ်ဆိတ်သွားတော့ သည်။ မကြာပါ ဇော်မင်းမှာ အောက်ထပ်သို့ ပြန်ဆင်းသွားပါ၏။ တစ်အောင့်ကြာတော့ . . .

"ငါမရှင်းတာတစ်ခုရှိတယ်ကွ။ အဲဒါက ငါတို့ဇော်မင်းလုပ်ရပ် ကို မိမမိ၊ သူက ရက်စွဲအတိအကျနဲ့ သိနိုင်ပါ့မလား။ ငါတို့မိသွားပြီတဲ့ နောက်နေ့ဆက်သွယ်မယ်ဆိုတာကြီးက သိပ်သေချာလွန်းနေလားလို့"

မိုးစကားက စဉ်းစားသင့်ပေသည်။ တရားခံကို ယနေ့မိသွား ပြီဆိုတာကိုတော့ တစ်ဆိုင်လုံးသိထားသည်။ သူမ ဘယ်သူ့ဆီက သတင်းရယူနိုင်မည်လဲ။

ဒါမှမဟုတ် . . .



www.burmeseclassic.com

www.burmeseclassic.com

"ပြောလို့တော့မရဘူးကွ။ ငါတို့တစ်ဆိုင်လုံးကို internet ထဲက ကြည့်နေရင်လည်း ကြည့်နေမှာပေါ့"

သူ ခပ်နောက်နောက်ဆိုတော့ မိုးက ပြုံးသည်။ ပြီး တစ်ဆက်တည်းပင် . . .

"ဒါနဲ့စကားမစပ် ငါမေးဖို့မေ့နေတယ်။ မင်း ဆေတန့်အမေ နောက်လိုက်သွားတာ အဆင်ပြေလား"

"ကံကောင်းလို့ ဆွဲထိုးမခံရတာ . . . ဟေ့ကောင်ရေ။ ငါ ကားမှားပြီး နောက်ကတောက်လျှောက်လိုက်သွားတာ တော်သေးတာပေါ့ သဘောကောင်းတဲ့သူနဲ့ တွေ့လို့"

ပြောပြီး ဆောင်းက အကြောင်းစုံကိုရှင်းပြလိုက်သည်။

သူ၏အဖြစ်အပျက်ကြောင်း မိုးက ရယ်သွမ်းသွေးရင်း . . .

"ဒါဆို ဆေတန့်အမေနဲ့ မတွေ့ခဲ့ဘူးပေါ့"

"အေး . . . "

သူ စိတ်ပျက်လက်ပျက် ခေါင်းယမ်းမိပါတော့သည်။



## Seventh Day

ဖုန်းတစ်လုံးဘေးတွင် လူသုံးယောက်ဝိုင်းထိုင်နေပါ၏။ ဖုန်းက ဆိုင်တွင်အသုံးပြုသည့် ဆိုင်ဖုန်း။ လူသုံးယောက်က မိုး၊ ဆောင်းနှင့် ဇော်မင်း။

အောက်တိုဘာလေငွေ့က လူပ်လီလူပ်လဲ့ ကပိုကရို ပြေးလွှားနေသည်။ မနက်ခင်းတစ်ခုဖြစ်သဖြင့် ထုံးစံအတိုင်း ဆိုင်တွင်လူကျနေပါ၏။ ဒါပေမဲ့ ဆိုင်မှာ အထူးစစ်ဆင်ရေးကာလတစ်ခု ပြီးဆုံးသွားပြီဖြစ်သဖြင့် အရင်လိုလည်ပတ်ခွင့် ရသွားလေပြီ။

စားပွဲထိုးတွေအားလုံးလည်း အရင်ကပုံစံအတိုင်း တစ်ဆိုင်လုံးကို သွားလာခွင့်ရသွားပြီး စားပွဲသုံးဝိုင်းတစ်ယောက်နှုန်းလည်း တာဝန်မယူရတော့။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ မပြတ်သေးသော ဇာတ်လမ်းတစ်ခုကိုတော့ အားလုံး စိတ်ဝင်စားနေကြသည်။ ထိုစဉ်မှာပင် . . .

“ကလင် . . . ကလင် . . . ကလင်”

ဖုန်းမြည်သံတစ်ခုက တစ်ဆိုင်လုံးကို စတင်လှုပ်နှိုးလိုက်သည့် အခိုက် . . . မိုး၊ ဆောင်းနှင့် ဇော်မင်းတို့၏အကြည့်တွေ အလယ်တည့်တည့်မှဖုန်းဆီ ရောက်သွားသည်။ ပြီးတော့ . . .

“ကလင် . . . ကလင် . . . ကလင်”

ဆောင်း ဖုန်းကိုကောက်ကိုင်လိုက်ပါ၏။ သူ့လက်တွေ အနည်းငယ်တုန်ရီနေသလို ရင်ခုန်သံတွေလည်း ဝုန်းဒိုင်းကြဲနေပါ၏။ မိုးနှင့် ဇော်မင်းကရော . . .

“ဟယ်လို . . . အမိန့်ရှိပါ ခင်ဗျာ”

တစ်ဖက်မှ ငြိမ်နေသည်။

“ဟယ်လို . . . ”

ဆောင်း ခပ်ကျယ်ကျယ် ထပ်ထူးလိုက်သည်။ သို့သော် . . .

ဆောင်း အနည်းငယ် အံ့သြသွားပါ၏။ ဖုန်းခေါ်တုန်းကခေါ်ပြီး ဘာကိစ္စ . . .

“အိမ်ဝယ်ဖို့ စိတ်ဝင်စားတဲ့လူလား မသိဘူးရှင့်”

“ဗျာ . . . ”

ဆောင်း နားမလည်စွာ ‘ဗျာ’ သွားသည်။

“အိမ်ဝယ်ဖို့ စိတ်ဝင်စားတဲ့လူလားလို့”

ဆောင်း ဘာမှန်းနားမလည်စွာ ကြောင်တောင်တောင်ဖြင့် မိုးတို့ကို လှမ်းကြည့်ရင်း Speaker ဖွင့်လိုက်သည်။ ပြီးတော့ . . .

“ဟယ်လို . . . ဘယ်သူလဲ မသိဘူး ခင်ဗျာ”

“ကျွန်မ အိမ်ရှင်ပါ”

ထပ်ရှုပ်သွားပြန်သည်။

“အိမ်ရှင် . . . ဘယ်က အိမ်ရှင်လည်း မသိဘူး။ စိတ်မရှိပါနဲ့



[illegible]ပြောတာတွေ ကျွန်တော် ဘာတစ်ခုမှနားမလည်ဘူး”

တစ်ဖက်မှစကားသံ ခဏရပ်သွားသည်။ တစ်အောင့်ကြာတော့–

“ကျွန်မ × × × လမ်း၊ အိမ်နံပါတ် (၁၀) က အိမ်ရှင်ပါ။ ‘အိမ်ရောင်းမည်’ ဆိုတဲ့ဆိုင်းဘုတ်မှာ အိမ်ဝယ်ဖို့စိတ်ဝင်စားသူ ဖုန်းနံပါတ်တစ်ခုတွေ့လို့ ဆက်ကြည့်တာပါရှင်”

“ . . . × × × လမ်း၊ အိမ်နံပါတ် (၁၀) . . . ”

ဆောင်း တိုးတိုးလေးရေရွတ်မိသည်။ တစ်ခုခုများ မှားနေပြီလား။ ထိုအခိုက် . . .

“ဟာ . . . ဒါ . . . ဒါ . . . ဆေတန့်အိမ်နံပါတ်”

မိုး၏ အလောတကြီး စကားသံအဆုံးမှာပင် ဆောင်း သတိတစ်ချက်ပွင့်သွားသည်။

ဟုတ်တာပဲ။ သူ ဆေတန့်အိမ်ရှေ့ကဆိုင်းဘုတ်မှာ ဖုန်းနံပါတ်ရေးခဲ့သည်ပဲ။ ဒါပေမဲ့ . . .

ဆောင်း ဖုန်းကိုကြည့်နေရင်းမှ တွေဝေသွားသည်။ အကြောင်းအရာတစ်ခုကို သံသယဖြစ်သွားပါ၏။ နောက် စဉ်းစားသွားသည်။

ပြီးတော့ . . .

လင်းခနဲဖြစ်သွားသော ဦးနှောက်စာမျက်နှာတစ်ရွက်မှာပင် . .

“သြော် . . . ဆောရီးဗျာ။ ကျွန်တော်မေ့သွားတယ်။ ဟုတ်တယ် ကျွန်တော့်ဖုန်းနံပါတ် ရေးထားပါတယ်”

“ရှင်ဆိုတာ သေချာတယ်ပေါ့”

“ဟုတ်ပါတယ်”

“အဲဒါဆို အိမ်အရောင်းအဝယ်ကိစ္စနဲ့ပတ်သက်ပြီး စကားနည်းနည်းပြောချင်လို့”

“ဟုတ်ကဲ့ . . . ပြောပါဗျာ”

တစ်ဖက်မှ ဖုန်းခွက်လှုပ်ရှားသွားလားမသိ တရှဲရှဲမြည်သွားသည်။ နောက် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါ . . . ရှင် ဖုန်းနံပါတ်ရေးခဲ့တဲ့ [illegible] ရေးထားတဲ့လူတစ်ယောက်ရှိတယ်ဆိုတာ သတိထားမိမှာပေါ့"

"ဟုတ်ကဲ့ . . . သတိထားမိပါတယ်"

"အခု ကျွန်မတို့အိမ်ရောင်းဖို့ သတ်မှတ်ထားတဲ့ သတ်မှတ်ရက် ပြည့်သွားပါပြီ။ သတ်မှတ်ရက်အတွင်း 'အိမ်ရောင်းမည်'ဆိုင်းဘုတ်မှာ ဖုန်းနံပါတ်နှစ်ခုကို တွေ့ရပါတယ်။ သတ်မှတ်ရက်လည်း ပြည့်သွားပြီ ဆိုတော့ ရှင်တို့နှစ်ဦးထဲက တစ်ဦးဦးကိုပဲ ရောင်းမှာပါ"

"ဟုတ်ကဲ့ . . . ဆက်ပြောပါ"

"ကျွန်မတို့ကတော့ ဘယ်သူအရင်ရောက်လို့ရောင်းမယ်၊ ဘယ်သူကနောက်ကျလို့ မရောင်းဘူးဆိုတာတော့ မရှိဘူး။ ကျွန်မတို့ဖြစ်ချင်တာက မျှမျှတတပဲဖြစ်ချင်တယ်။ ဒီတော့ ရှင်တို့နှစ်ယောက် အရင်ညှိပါ။ ရှင်တို့နှစ်ဦးသဘောတူတဲ့ ရှင်တို့နှစ်ယောက်ထဲကတစ်ယောက်ကို ကျွန်မတို့ ရောင်းပေးပါ့မယ်"

ဆောင်း ဆိုလိုရင်းကို သဘောပေါက်သွားချေပြီ။ ဒီတော့ . .

"ကျွန်တော်က ပထမဦးဆုံး ဖုန်းနံပါတ်ကလူကို သွားတွေ့ရမယ် ဆိုတဲ့သဘောလား"

"ဟုတ်ပါတယ် . . . နောက်တစ်ရက်ခြားပြီး ဒီလိုအချိန်မျိုး ကျွန်မဖုန်းထပ်ဆက်ပါ့မယ်။ ဒါပါပဲ"

ဖုန်းမှာ ကျသွားလေပြီ။

ဆောင်း ကျေနပ်စွာ ပြုံးဖြစ်သွားပါ၏။ ပြီးတော့ ဘောင်းဘီအိတ်ထဲမှဖုန်းကိုထုတ်ကာ နံပါတ်တစ်ခုကို ရှာလိုက်သည်။ နောက် . .

အပြန်အလှန်စကားပြောသံအချို့ကို ကြားရသည်။ သိပ်မကြာပါ . . . ။

"ဟုတ်ကဲ့ . . . ကျွန်တော် အခုပဲလာခဲ့ပါ့မယ်"

ဆောင်း ဖုန်းကိုပြန်ပိတ်ရင်း . . .

"ဟေ့ကောင် . . . မိုး၊ ငါတို့သွားရအောင်"



မိုး [illegible] ကြောင်အစွာ သူ့ကိုပြန်ကြည့်ရင်း . . .

"ဘယ်သွားမှာလဲ။ ငါတို့ ခိုစာဖုန်းကို စောင့်ရဦးမယ်လေ"

ဆောင်း ပြုံးလိုက်ရင်း . . .

"မစောင့်နဲ့တော့ . . . မလာတော့ဘူး။ အခုပဲ လာပြီးသွားပြီ"

"ဟင် . . . အခုလာတာ အိမ်ရောင်းမယ့်အိမ်ရှင် မဟုတ်ဘူးလား"

ဆောင်း ဖုန်းကို ဘောင်းဘီအိတ်ထဲပြန်ထည့်လိုက်ကာ . . .

"မင်း မေ့နေပြီနဲ့တူတယ်။ အဲဒီနေ့က ဆိုင်းဘုတ်မှာရေးခဲ့တာ ငါ့ဟန်းဖုန်းနံပါတ်လေ။ အခုဆက်လိုက်တဲ့ ဆိုင်က ဖုန်းနံပါတ်မှမဟုတ်တာ"

"ဟင် . . . ဒါဆို . . . "

"ဟုတ်တယ် . . . အခုဆက်တာ ခိုစာပဲ"

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# XXI

သာမန်လောက်ပင်မပြည့်စုံသော စားသောက်ဆိုင်တစ်ဆိုင်ဖြစ်လေသည်။ ဆိုင်လေးက ယိုင်နဲ့နဲ့၊ အပြင်မှကြည့်လျှင် အိုမင်းချုတ်ခြုံကျနေကြောင်း သိသာသည်။ ဒါပေမဲ့ အထဲမှာတော့ သန့်သန့်ရှင်းရှင်းနှင့် သပ်သပ်ရပ်ရပ်ရှိသည်။

ထိုဆိုင်လေး၏ ထောင့်ကျကျစားပွဲတစ်လုံးတွင် လူတစ်ယောက်ထိုင်နေပါ၏။ ရှင်းရှင်းပြောရလျှင် ဆိုင်ထဲမှာ သူတစ်ယောက်မှလွဲ၍ ဘယ်သူမှမရှိ။ သူ့မျက်လုံးတွေက ဆိုင်ပေါက်ဝသို့ မသိမသာရောက်နေသည်။

လူတစ်ယောက်ကို မျှော်နေခြင်းဖြစ်ပါ၏။

စားပွဲပေါ်တွင်ဖြန့်ခင်းထားသော သူ့လက်ချောင်းတွေကို သူပြန်ကြည့်မိသည်။ လက်သည်းတို့က ယောကျ်ားလေးတစ်ယောက်နှင့် မလိုက်ဖက်စွာ ရှည်မြန်းနေသည်။ ဒါပေမဲ့ သူ့မှာ ညှပ်ချင်စိတ်မရှိ။



ပြီးတော့ မျက်ခမ်းမွေးနှင့် မုတ်ဆိတ်မွေး၊ အရင်ကနည်းနည်းလေးမျှ အရှည်မခံသော ထိုအချင်းအရာတွေက ယခုအခါမှာတော့ ရှည်လားကြမ်းရှနေပါပြီ။ နောက် မဖီးမသင်တာကြာနေပြီဖြစ်သော နီကျင်ကျင်၊ ညှင်းသိုးသိုး ဆံပင်မွေးများ။

ဒါတွေကို သူသဘောတကျ ဖြစ်သလိုပစ်ထားခြင်း ဖြစ်ပေသည်။ သူ့မှာ ဆွေးမြည့်လွမ်းဆွတ်၊ သတိရမှုတွေ မကုန်ခင်အချိန်အထိပေါ့။

သို့ပေမဲ့ ရှင်းသန့်သောသူ့ရုပ်ရည်က ထိုအရာများကြားမှပင်ပေါ်လွင်နေပါ၏။ ပြီးတော့ သူ့ကိုယ်ပေါ်မှ အဝတ်အစားနှင့် စားပွဲပေါ်မှဟန်းဖုန်းက တန်းတစ်ခုဝင်သော လူရည်သန့်တစ်ယောက်ဖြစ်ကြောင်းဖော်ပြနေသည်။

ထိုစဉ်မှာပင် စားပွဲထိုးလေးတစ်ယောက်က မှာထားသောစားစရာများကို လာချပေးပါ၏။ တစ်ဆိုင်လုံးနှင့် ရင်းနှီးနေပြီဖြစ်သည့်အတွက် အားလုံးက သူ့အကြောင်းကိုသိသည်။ ဘာစကားမှမပြောပဲ စားပွဲထိုးလေးပြန်ထွက်သွားပါ၏။ သူကား အေးဆေးတိတ်ဆိတ်မှုကို နှစ်ခြိုက်သည်မဟုတ်ပါလား။

တူတစ်စုံကိုဖောက်ရင်း ပန်းကန်ထဲမှ အသားတစ်ဖတ်ကို ကောက်မြည်းလိုက်သည်။ အရသာတစ်ခုက ခံမင်စွာ လျှာဖျားထဲစိမ့်ဝင်သွား၏။ သူဒီဆိုင်ကို ကြိုက်နှစ်သက်ရခြင်းသည် ထိုအချက်ပါသည်။ ဆိုင်ကသာ ချည့်နဲ့ယိုင်ယွင်းနေပေမဲ့ လက်ရာက တော်တော်တန်းမီပါ၏။

ထိုစဉ်မှာပင် . . .

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဖိနပ်ခွာသံတစ်ခု။

သူ့ဆီသို့ ဦးတည်လာသံဖြစ်ပေသည်။

ဒါဆို သူတို့ရောက်လာကြပြီပေါ့။

သူ ဖြည်းညင်းစွာ ဦးခေါင်းကိုမော့လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . မင်း . . . "

စကားသံမှာ တစ်ဝက်တစ်ပျက်နှင့်ရပ်သွားပြီး အံ့ဩမှုတွေကို သူတွေ့လိုက်သည်။ ဒါပေမဲ့ သူကတော့ အေးဆေးသက်သာပင်။

"ဖုန်းဆက်တာ အစ်ကိုတို့လား မသိဘူး"

"ဟုတ် . . . ဟုတ်ပါတယ်"

ထစ်ငေါ့သွားသလားမသိ။ ဒါပေမဲ့ ဆောင်းနှင့်မိုး တအံ့တဩနှင့် ဝင်ထိုင်လိုက်ပါ၏။

"အစ်ကိုတို့နှစ်ယောက်ကို ကျွန်တော်သိသလို ကျွန်တော့်ကိုလည်း အစ်ကိုတို့သိလိမ့်မယ်လို့ ထင်တယ်"

"သိတယ် . . . မင်း ခက်ဆစ်"

မထင်မရှားအပြုံးတစ်ခုကို ဆောင်း တွေ့လိုက်ရသည်။ ခက်ဆစ် ပုံစံက အရင်ကနှင့် လားလားမျှမဆိုင်တော့ပါ။ ခံစားချက်တစ်ခု၏ရိုက်ပုတ်ထုထောင်းမှုဒဏ်ကို အတော်ခံထားရဟန်ရှိသည်။

"ကျွန်တော်တို့ လိုရင်းပဲပြောရအောင် အစ်ကိုရာ။ အစ်ကိုတို့အခု ကျွန်တော့်ဆီလာတာ အိမ်ဝယ်ဖို့ကိစ္စ စကားပြောဖို့အတွက်လာတာ မဟုတ်ဘူးဆိုတာ ကျွန်တော်သိတယ်"

"ဟုတ်တယ် . . . အိမ်ဝယ်ဖို့ကိစ္စအတွက် မဟုတ်ဘူး။ ဘာအတွက်ကြောင့်လာတယ်ဆိုတာ မင်းသိထားမှာပါ"

"ဟုတ်ကဲ့ . . . ကျွန်တော် အားလုံးသိထားပြီးပါပြီ"

စကားမှာ ခဏရပ်သွားပါ၏။ နောက် ခက်ဆစ်ကစတင်၍-

"အစ်ကိုဖြစ်ပျက်ခံစားရတဲ့ အကြောင်းကိစ္စအားလုံး ကျွန်တော့်ကိုပြောပြနိုင်မလား။ ဒါဆိုရင် အစ်ကို့အတွက် ကျွန်တော်လုပ်ပေးနိုင်တာတွေ လုပ်ပေးလို့ရတယ်"

ဆောင်း ခေါင်းညိတ်လိုက်ပါ၏။ ယခုအချိန်ရောက်မှတော့ အားလုံးပြောပြရပေတော့မည်။ မပြောလို့လည်း မဖြစ်တော့။

အဖြေတစ်ခုကို အရမ်းသိချင်နေပြီ မဟုတ်ပါလား။



မို[illegible]ယ်အချိန်ကပင် မှာလိုက်မှန်းမသိသော ဘီယာတစ်ခွက်ကို ခိုမ်ခံသောက်ရင်း သူပြောမည့်စကားကို ငံ့လင့်နေသည်။ မိုး ပုံစံက သိထားပြီးသားပုံပြင်တစ်ပုဒ်ကို အပြင်းပြေနားထောင်မည့်ဟန်။

သို့သော် . . .

သူစတင်ပြောလိုက်သည့် အကြောင်းတစ်ခုမှာပင် မိုး မျက်လုံးပြူးကျယ်လာလေတော့သည်။ ပြီးတော့ အံ့ဩဟန်။

နောက် . . .

နောက် . . .

နောက် . . .

စကားဆုံးသွားတော့ ဆောင်း ရေ့မှရေသန့်ဗူးကို အဖုံးဖွင့်သောက်လိုက်သည်။ ရင်တစ်ခုလုံးမှာ အဖြေပျောက်နေသော အကြောင်းတစ်ခုနှင့်အတူ အေးမြလန်းဆန်းလာပါ၏။ ထိုစဉ်မှာပင် . . .

"ဒါဆို လွန်ခဲ့တဲ့ခြောက်လကတည်းက ဒီစာသားက အစ်ကို့မွေးရက်အင်္ဂါနေ့တိုင်း စာတိုက်ကတစ်ဆင့် အစ်ကို့အိမ်ကိုရောက်လာနေ့ကျပေါ့"

"ဟုတ်တယ်"

"ဒါဆို အစ်ကိုစဉ်းစားရမယ့် နောက်တစ်ချက် တိုးသွားတာပေါ့"

ခက်ဆစ်စကားကို သူခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး . . . အဓိကကတော့ ဆေတန် တကယ်သေမသေဆိုတဲ့အချက်ပါပဲ"

"ဘယ်လို . . . "

မိုးနှင့်ခက်ဆစ် စိတ်ဝင်စားသွားသည်။ ထိုအခါမှ ဆောင်းက သူ့အကြိမ်ကြိမ်အခါခါ တွေးထားဖူးသော အတွေးတစ်ခုကို ပြောပြလိုက်ပါ၏။

"ဒီလို . . . ဆေတန်မသေဘူးဆိုရင် ပြဿနာသုံးခုရှိုးက သူ့



www.burmeseclassic.com

တစ်ယောက်တည်းနှင့် သက်ဆိုင်တယ်လို့ [illegible]
www.burmeseclassic.com
စာတိုက်က တစ်ဆင့်ပေးတာလည်း ဆေတန်၊ Thinkingboard လည်း ဆေတန်၊ နောက်ဆုံး မဲပုံးတွေထဲထည့်တာလည်း ဆေတန်ပေါ့။ ဘာဖြစ်လို့လဲဆို တော့ သူ့ကိုနိုင်းတဲ့လူကို နာမည်မသိဘူး၊ ရုပ်ပဲမှတ်မိတယ်လို့ ဖော်မင်းကပြောတာကိုး။ ဒီတော့ ဆေတန်မသေရင် ဖြစ်နိုင်တယ်။

အဲ . . . ဆေတန် တကယ်သေသွားတယ်ဆိုရင်တော့ ပထမနဲ့ဒုတိယပဲ သူမနဲ့သက်ဆိုင်တော့မယ်။ တတိယက ဆေတန်နဲ့ မဆိုင်တော့ဘူး။ တကယ်သာ သေသွားပြီဆိုရင် တတိယတစ်ခုက သူဘယ်လိုမျှလုပ်လို့မရတော့ဘူးလေ။

အဲလိုဆိုရင် တတိယတစ်ခုကို ဘယ်သူလုပ်တာလဲဆိုတဲ့မေးခွန်းတစ်ခုထွက်လာမယ်။ အနီးစပ်ဆုံးပြောလို့ရတာက ဆေတန်မဟုတ်တဲ့ နောက်တစ်ယောက်ပေါ့။ ဒါဆို စဉ်းစားရမယ့်လူက နှစ်ယောက်ဖြစ်သွားပြီ။ နောက်တစ်ယောက်တိုးလာတာနဲ့တစ်ပြိုင်နက် အတွေးတစ်ခုပါထပ်တိုးလာတယ်။ အဲဒါက ဘာလဲဆိုတော့ ပထမနဲ့တတိယဟာ တိုးလာတဲ့တစ်ယောက်နဲ့များ သက်ဆိုင်နေမလား။ ဆိုလိုတာက စာတိုက်ကပို့တာနဲ့ Thinking မဲပုံးထဲထည့်တာတို့ဟာ တိုးလာတဲ့တစ်ယောက်လုပ်ပြီး ဆေတန်က ဒုတိယကိစ္စ Thinkingboard မှာပဲ မဲထည့်တာဆိုရင် ဆိုတဲ့ သဘောပေါ့။

အနှစ်ချုပ်လိုက်ရင်တော့ စဉ်းစားစရာ နောက်တစ်ချက်ပဲရှိတယ်။ အဲဒါက ဆေတန် တကယ် သေ၊ မသေ"

အားလုံး ငြိမ်ကျသွားသည်။ ထိုစဉ်မှာပင် မိုးက . . .

"ငါ တစ်ခုစဉ်းစားမိတယ်ကွ။ လူက မင်းပြောသလို နှစ်ယောက်မဟုတ်ပဲ ကိစ္စတစ်ခုမှာ တစ်ယောက်စီနဲ့ လူသုံးယောက်ဖြစ်မယ်ဆိုရင်ရော . . ."

"အာ . . . အဲဒါတော့ မဖြစ်နိုင်ဘူး။ မင်းပြောသလို သုံးယောက်သာဖြစ်ခဲ့မယ်ဆိုရင် မွေးနေ့တိုင်း စာတိုက်ကလာတဲ့စာက ဆက်



ရောက်လာရမှာပေါ့။ ဘာလို့ Thinkingboard မဲပေါက်ပြီးသွားမှ ရပ်သွားသလဲ . . . မဟုတ်ဘူးလား။ သူ့အလုပ်သူ ဆက်လုပ်နေမှာပေါ့"

မိုး စဉ်းစားသွားပါသည်။ ပြီးတော့ ခေါင်းကိုညိတ်သည်။

"အဲဒါဆို မင်းကိုငါ အပွင့်လင်းဆုံးတစ်ခုမေးမယ်။ မင်း အမှန်အတိုင်းဖြေ။ မင်း ဘာကိုသိချင်တာလဲ"

"ခဲနဲ့ပေါက်ခံရသော ခွေးတစ်ကောင်ဟာ လိုဗ္ဗိလို့အော်ပြီး ရှုံးသွားတယ်' ဆိုတဲ့အဓိပ္ပာယ်နဲ့ . . . (1)နဲ့ (3)"

"ဘယ်လို (1)နဲ့ (3)လဲ"

"စာတိုက်က စာပို့တဲ့လူနဲ့ မဲပုံးထဲ မဲထည့်တဲ့သူ"

"နှစ်ယောက်ပေါ့"

"မဟုတ်ဘူး . . . တစ်ယောက်တည်း"

"ဟင် . . . "

"ဟုတ်တယ် . . .သူတို့နှစ်ယောက်က တစ်ယောက်တည်း . . ဘာဖြစ်လို့လဲလို့မမေးနဲ့ ငါ့စိတ်ကကို အလိုလိုသိနေတာ။ သူတို့နှစ်ယောက်က တစ်ယောက်တည်း။ ပြီးတော့ မိန်းကလေး"

"သိချင်ရတဲ့ အကြောင်းကရော . . . "

"စိတ်ဝင်စားလို့"

ဆောင်း၏အဖြေကြောင့် ခက်ဆစ် ခေါင်းမတ်သွားလေသည်။ ပြီးတော့ . . .

ဆောင်းကို သေချာကြည့်သည်။ ဆောင်းကတော့ အနိုင်မာဆုံး ရဲရင့်နေပါ၏။

"ဆေတန့်ကိုရော စိတ်မဝင်စားဘူးလား"

ခက်ဆစ်၏အမေး . . .

"ဟင့်အင်း . . . ခံစားချက်ချင်းမတူဘူး။ စာတိုက်ကစာတွေ ရတုန်းက ခံစားချက်နဲ့ Thinking မဲပုံးထဲ မဲတွေရချိန် ခံစားချက်ကတူတယ်။ ရင်ခုန်တယ်၊ နက်ရှိုင်းတယ်။ ဆေတန်ဆိုတဲ့နာမည်နဲ့ Think-



www.burmeseclassic.com

www.burmeseclassic.com

ingboard မဲပေါက်တုန်းက ရင်မခုန်ဘူး ပေါ့ပျက်တယ်။ ပြီးတော့ အဲဒီအချိန်မှာ ငါလည်းမရှိဘူး။ နောက်တစ်ခု ပိုပြီးသေချာတာက ဆေတန်တကယ်သေသွားတယ်"

"ဟင် . . . "

မိုးဆီမှထွက်လာခြင်းဖြစ်လေသည်။

"ဘယ်လိုသိတာလဲဆိုတော့ မင်းရဲ့ပြောင်းလဲသွားတဲ့ပုံစံတွေကိုကြည့်ပြီး သိတာ"

ခက်ဆစ်၏သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။ ပြီးတော့ လွမ်းဆွတ်သတိရမှုတွေဖြင့် ခက်ဆစ်မျက်နှာ ဆွေးမြေ့သွားသည်။ အတော်ကြီးကြာတော့မှ . . .

"ဟုတ်တယ် . . . ဆေတန် တကယ်သေသွားတာပါ"

ထူထဲရှည်လျားနေသော မေးစေ့တစ်ဝိုက်မှ အမွေးအမျှင်များကို ပွတ်ထိရင်း ခက်ဆစ် တစ်လုံးချင်းပြောသည်။ အယ်လ်ကိုဟော၏ဖျက်စီးမှုကြောင့် နီးမြန်းနေသော မျက်နှာအသားအရေ၊ ဖီးသင်မှုမရှိသောဆံပင်နှင့် မွဲခြောက်ညိုပြာနေသော ကိုယ်ရည်တို့ကိုကြည့်ရင်း ဆောင်း ကိုယ်ချင်းစာ သနားမိသည်။ သူ့ခမျာ တော်တော်ခံစားရမှာပဲ။

"အမှန်အတိုင်းပြောရရင် Thinkingboard ကစာသားဟာ ကျွန်တော် ဆေတန့်ကိုပြောခဲ့တဲ့စကားလေးပါ။ ကျွန်တော်သူ့ကို အသက်လောက်ချစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အချစ်ကို လက်မခံခဲ့ဘူး။ အဲလောက်ထိ လက်ခံလို့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့သူနဲ့ မြေတစ်ခုထဲပေါ်မှာ ရပ်ခွင့်ရတယ်ဆိုတဲ့ခံစားမှုနဲ့ ကျွန်တော် ဖြေသိမ့်နိုင်ပါတယ်။ ဒါပေမဲ့ . . . အခုတော့ . . . "

ခက်ဆစ်စကားက အဆုံးပိုင်းတွင် ဆို့နင့်ဖွယ်တုန်ခါသွားသည်။

"ဆေတန် သေသွားပြီးတဲ့နောက်ပိုင်း ကျွန်တော် လေလွင့်ခဲ့တယ် အစ်ကို။ နှလုံးသားဒဏ်ရာကို အရက်နဲ့ကုစားခဲ့တယ်။ ကျွန်တော်



ဆေတန့်ကို တစ်ရက်မျှမေ့လို့မရဘူး။ ဒါကြောင့်မို့လို့လည်း ဆေတန့်ရဲ့အရိပ်အငွေ့၊ အငွေ့အသက်တွေ တင်ကျန်နေလိမ့်ဦးမယ့် သူ့အိမ်ကိုဝယ်ဖို့ ဆုံးဖြတ်ခဲ့တာပါ"

ဆောင်း သက်ပြင်းရှည်ကြီး ချမိပါတော့သည်။ ခက်ဆစ်ကို တော်တော်ဂရုဏာသက်သွားရပါ၏။ မိုးကလည်း စိတ်မကောင်းစွာခေါင်းကိုယမ်းသည်။ ထိုစဉ်မှာပင် ခက်ဆစ်က နာရီကို တစ်ချက်ပင့်ကြည့်သည်။

ချက်ချင်းပင် သူ့မျက်နှာမှာ အရေးတကြီး အလျင်စလိုဟန်တွေပေါ်သွားကာ . . .

"ကဲ . . . အချိန်သိပ်မရှိတော့ဘူး။ အစ်ကို့ကို နောက်ဆုံးအနေနဲ့ အရေးကြီးဆုံးမေးခွန်းတစ်ခုကို မေးမယ်။ အမှန်အတိုင်းဖြေပါ။ အစ်ကိုတကယ်ချစ်တာ သေချာလား"

ဆောင်း တည်ငြိမ်စွာ ခေါင်းညိတ်ပြလိုက်၏။ နောက် . . .

"ကမ္ဘာကြီးထဲမှာ ငါတို့နေကြတယ်ဆိုတဲ့စကားထက်တောင် သေချာပါတယ်"

ခက်ဆစ်မျက်နှာ တည်ငြိမ်စွာပြုံးသွားပါ၏။

"ဒါဆိုရင်တော့ ပေးလို့ရပါပြီ"

ခက်ဆစ်ဘာမှန်းမသိသော စကားတစ်ခွန်းကိုဆိုရင်း သူတို့သတိမထားမိသော တစ်ရှူးဘူးအောက်မှ စာရွက်ခေါက်တစ်ခုကိုထုတ်လိုက်သည်။ ပြီးတော့ သူ့ကိုပေးပါ၏။

ဆောင်း ဝေခွဲရခက်စွာ ဖြန့်ကြည့်မည်ပြုစဉ်မှာပင် . . .

"နေဦး . . . အစ်ကို။ ကျွန်တော်ပြောစရာ ကျန်သေးတယ်"

နောက် ခက်ဆစ်စကားတို့က တစ်ခွန်းချင်း။

"ကျွန်တော့်မှာ ကျွန်တော်အပါအဝင် သူငယ်ချင်းငါးယောက်ရှိတယ်။ အဲဒီထဲက ကျွန်တော့်ကိုဖယ်လိုက်။ ကျန်တဲ့လေးယောက်မှာ အစ်ကိုစိတ်ဝင်စားတဲ့ ကောင်မလေးရှိတယ်။ သူ့ကိုတွေ့ဖို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

Thinking နည်းနည်းလုပ်ရမယ်အစ်ကို။ လေးယောက်ထဲက သူဘယ်သူလဲဆိုတာ ရွေးထုတ်နိုင်မယ်ဆိုရင်တော့ အစ်ကိုအရမ်းသိချင်နေတဲ့ Thinkingboard စာသားရဲ့အဓိပ္ပာယ်ကို ကျွန်တော်ပြောပြခွင့်ရှိပါတယ်။ အစ်ကိုတွေးကြည့်ပါ"

အလျင်စလိုပင် ဆောင်း စာရွက်ကိုဖြန့်ကြည့်လိုက်သည်။

ထိုအခါ အထဲမှာကား . . .

P, T, Y, Z ဟူသော သူငယ်ချင်းလေးယောက်ရှိလေသည်။ သင့်အိမ်သို့ စာတိုက်မှပို့လိုက်သောစာများနှင့် Thinking မဲပုံးများထဲသို့ မဲထည့်ရန်စေခိုင်းသောသူမှာ အထက်ပါလေးယောက်ထဲတွင် ရှိပါ၏။ သူတို့လေးယောက်ပြောစကားများကို နားထောင်၍ တရားခံဘယ်သူဖြစ်မလဲ ရှာကြည့်ပါ။

'P' က ပြောသည် "ငါ လုပ်တာ မဟုတ်ဘူး"

'T' က "Y လုပ်တာပါ"

'Z' က "မဟုတ်ဘူး P လုပ်တာ"

ထိုအခါ . . .

'P' က "Z ညာပြောတာ" ဟုပြောသည်။

အထက်ပါပြောစကားများအနက် အဆိုတစ်ခုသာမှားသည်ဆိုပါက . . .

"သူ . . . ဘယ်သူဖြစ်မည်လဲ"



# XXII

စာရွက်ကိုကြည့်၍ ဆောင်း မျက်မှောင်ကျုံ့သွားသည်။ သူမြင်ဘူးလေသည်။ ဒီလိုပုစ္ဆာမျိုး ပုံစံတူတစ်ခုကို သူမြင်ဘူးသည်။ ရှင်းရှင်းပြောရလျှင် ရာဇာသူ့ကိုမေးဖူးသည်။ ဒါဆိုလျှင် အခုဟာကရော . . .

ခက်ဆစ်ကတော့ အေးဆေးစွာပင် ဆေးလိပ်တစ်လိပ်ဖွာနေပါ၏။

မကြာသောအချိန်အတွင်းမှာပင် စာရွက်ကိုကြည့်၍ မိုးနှင့်ဆောင်း ခေါင်းချင်းဆိုင်သွားသည်။ ပြီးတော့ . . .

တီးတိုးတိုင်ပင်သံများ . . .

" P ကို နိစာပိုင်ရှင်လို့ လွယ်လွယ်ယူဆကြည့်ရအောင်"

မိုး၏အသံ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ပထမအဆိုမှားသွားပြီ။ ဒုတိယအဆိုလည်း မှားတယ်။ ပေးထားချက်ထဲမှာက အဆိုတစ်ခုသာ မှားတယ်လို့ပြောထားတာ။ ဒါဆို နိုစာပို့တာ P မဖြစ်နိုင်တော့ဘူး"

" T ဆိုရင်ရော . . . "

" T ဆိုရင်တော့ ပထမအဆိုမှန်တယ်။ ဒါပေမဲ့ ဒုတိယနဲ့တတိယ အဆိုက မှားနေတယ်။ အဆိုနှစ်ခုမှားတဲ့အတွက် T လည်းမဖြစ်နိုင်ဘူး"

"ဒါဆို Z"

" Z လုပ်တာလို့ ယူဆမယ်ဆိုရင် ပထမအဆိုမှန်တယ်။ ဒုတိယနဲ့တတိယကတော့ မှားတုန်းပဲ။ Z လည်းမ ဖြစ်နိုင်ဘူး"

"သုံးယောက်လုံး မဟုတ်ဘူးဆိုရင်တော့ Y တစ်ယောက်ပဲ ကျန်တော့တယ်။ ဒါပေမဲ့ Y က ဘာမျှပြောမထားဘူး"

"ပြောမထားလည်းဖြစ်ပါတယ်။ ဟိုသုံးယောက်စကားနဲ့ပဲ ချိန်ထိုးကြည့်တာပေါ့"

"Y လုပ်တာလို့ ယူဆလိုက်မယ်ဆိုရင် ပထမအဆိုမှန်သွားပြီ။ ဒုတိယအဆိုလည်း မှန်တယ်။ ဒါပေမဲ့ တတိယအဆို မမှန်ဘူး။ စတုတ္ထအဆိုမှာ ပြန်မှန်သွားပြန်တယ်။ အဲဒီတော့ အဆိုလေးခုမှာ တစ်ခုပဲမှားတယ်။ ဒါဆိုရင် နိုစာပိုင်ရှင်ဟာ Y ပေါ့"

ဆောင်း ခေါင်းညိတ်ပြလိုက်ပါသည်။ ဆောင်း၏အဖြေကြောင့် မိုး တက်ကြွသွားသလို ခက်ဆစ်လည်း ပြုံးသွားသည်။

"သေချာပြီလား"

ခက်ဆစ်၏အမေး . . .

ဆောင်း ကျေနပ်သောအပြုံးဖြင့် တိကျစွာခေါင်းညိတ်ပြလိုက်၏။ သည်အခါမှာတော့ . . .

"မှန်ပါတယ် . . . အစ်ကို့ကို Thinking လှလှလေးတွေနဲ့ ဖမ်းစားနေတာ Y ပါ"

"အဲဒီ Thinking လှလှလေးတွေကြောင့်လည်း ငါစိတ်ဝင်စား



သွားတာ"

ဆောင်း၏စကားကြောင့် မိုးက 'ပိုတယ်' ဟူသောပုံစံမျိုး နှုတ်ခမ်းမဲ့ပြပါ၏။ ထိုစဉ်မှာပင် ခက်ဆစ်က . . .

"Y အခုလောလောဆယ် ရှိနေဦးမယ့်နေရာကို နောက်ကျောမှာ ရေးထားတယ်။ အစ်ကို အမြန်လိုက်သွားလိုက်ပါ။ အစ်ကို့ကိုစောင့်နေတယ်"

ရင်တစ်ချက် ဆတ်ခနဲခုန်သွားကာ ကပျာကယာပင် စာရွက်နောက်ကျောကိုလှန်ကြည့်လိုက်တော့ . . .

ရှင်းရှင်းလေး . . .

ရေးထားတာက ရှင်းရှင်းလေးဆိုမှ တကယ့်ရှင်းရှင်းလေး။ ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

60 + 60 = 180



“[illegible]”

မိုး၏အသံ။

“ငါသိတယ်”

ဆောင်း၏စကား . . .

“ရော့ . . . လွန်ခဲ့တဲ့ခြောက်လလောက်ကတည်းက အစ်ကို အပြေမရှာနိုင်သေးတဲ့ စာတစ်ကြောင်းရဲ့အဓိပ္ပာယ်။ လိုအပ်ရင်သုံးလို့ရအောင် စာရွက်အောက်မှာ ကျွန်တော် လက်မှတ်ထိုးပေးထားတယ်”

လှိုက်ခုန်လှုပ်ရှားလွန်းသောစိတ်တစ်ခုကို ထိန်းကွပ်မဲ့စွာ ထိန်းနိုင်စွမ်းလျော့ကျသွားသည့် အချိန်မှာတော့ . . .

သူ့လက်က အလိုလိုကမ်းပြီးသား ဖြစ်သွားလေသည်။

ပြီးတော့ . . .

ရင်ခွင်တစ်ခုလုံးမှာ သိမ့်ခနဲ၊ ငြိမ့်ခနဲ . . .

နှလုံးသားရပ်ဝန်းတစ်ခုလုံးမှာလည်း . . .

တုန်ရီမောဟိုက်ကာ . . .

ဖျတ်ခနဲ . . .

လက်ခနဲ . . .

ပွင့်လင်းဖျိုးဖျတ် သွက်လက်သွားပါတော့သည်။

သူ့နှလုံးသားတည့်တည့်သို့ Venus ကြယ်တစ်စင်းက ပြုံးကျစုတေ ပွင့်အာလာပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို အချိန်မရှိတော့ဘူးနော်"

ခက်ဆစ်၏ နှုတ်ဆွသံတိုးတိုး။

"အေး . . . သိတယ်"

ဝုန်းခနဲပင် ထရပ်လိုက်ကာ မိုးကိုကြည့်၍ . . .

"ငါတို့သွားရအောင်"

"ဘယ်ကိုလဲ"

"ဆိုင်ကို"



# XXIII

အလျင်စလို ဆိုင်ထဲပြေးဝင်လာသော သူတို့နှစ်ယောက်ပုံစံကြောင့် ဝန်ထမ်းတွေအားလုံး ကြောင်တောင်တောင်ဖြစ်ကုန်သည်။

ဆောင်း မျက်လုံးကို ဆိုင်အနှံ့ဝေ့ဝဲကြည့်လိုက်ရင်း . . .

"ဇော်မင်း . . . ဇော်မင်းရော . . . "

အလောတကြီးပုံစံတွေကြောင့် ဝန်ထမ်းတွေလည်း ပျာယာခတ်သွားကာ . . .

"ဇော်မင်း . . . ဇော်မင်းရေ . . . "

ဝိုင်းအော်ကြသည်။ ထိုအခါမှ . . .

"ဗျာ . . . လာပြီ"



www.burmeseclassic.com

www.burmeseclassic.com

နောက်ဖက်ဆီမှ ဇော်မင်း သူတို့ဆီပြေး[illegible] သူ့ရှေ့ရောက်တော့ . . .

“မင်း . . . ဟိုမိန်းကလေးကိုမြင်ရင် မှတ်မိလား”

“ဘယ်မိန်းကလေးလဲ . . . အစ်ကို”

“Thinking မဲပုံးတွေထဲ မဲထည့်ခိုင်းတဲ့မိန်းကလေး”

“ဟာ . . . မှတ်မိတယ် အစ်ကို။ ကျွန်တော်က နာမည်သာ မသိတာ . . . ရုပ်ကိုတော့ . . .”

“ရပြီ”

စကားကိုဆုံးအောင် နားမထောင်တော့ပဲ ဇော်မင်းကိုဆွဲခေါ်ကာ အပြေးထွက်လာခဲ့တော့သည်။ သူတို့ဦးတည်ရာက ဆိုင်ရှေ့တည့်တည့်ဆီသို့ . . .

သေချာအောင်ပြောရလျှင် Triangle အထူးကုဆေးခန်းသို့ . . .

• • •

“အင့် . . .”

“ဟဲ့ . . . ပလုပ်တုတ်”

ဝင်လျင်ဝင်ချင်းမှာပင် ဆောင်းခန္ဓာကိုယ်က တစ်စုံတစ်ရာနှင့် တိုက်မိသွားသည်။ ကမန်းကတန်းပင် ကိုယ်ရှိန်သပ်ကာ ကြည့်လိုက်တော့ . . .

“ဟင် . . . အန် . . . အန်တီ”

“ဟင် . . . မင်း . . .”

ဆောင်း လုံးဝကို အံ့သြသွားပါ၏။ သူဘယ်လိုမျှ ထင်မှတ်မထားသော . . .

“ဆေ . . . ဆေတန့်အမေ မဟုတ်လား”

မိုးကလည်း အံ့သြစွာမေးသည်။



“ဇော် . . . မင်းတို့က ဒီကိုဘာလုပ် . . .”

“အန်တီကရော ဘာလာလုပ်တာလဲ”

ဆောင်းတစ်စုံတစ်ရာကို အတွေးပေါက်သလိုရှိသွားကာ ဖြတ်မေးလိုက်ပါ၏။ ထိုအခါ . . .

“သမီးသူငယ်ချင်းတစ်ယောက် ဆေးရုံကဆင်းမှာမို့ လာကြိုတာလေ။ မင်းတို့ဆိုင်ကိုလာရင်းနဲ့ သမီးနဲ့အတူတူ ကားအက်စီးဒင့်ဖြစ်သွားတဲ့တစ်ယောက်။ သမီးက သေနေ့စေ့လို့သေသွားပေမယ့် သူကတော့ ခြေထောက်တစ်ဖက်ပဲ ဒဏ်ရာရခဲ့တယ်။ အခုကောင်းသွားလို့ ဆင်းတော့မှာ”

ချက်ချင်းပင် ဆောင်းခေါင်းထဲ အတွေးတွေပလုံစီသွားပါ၏။ ဟိုတစ်ခေါက်ဆေးခန်းထဲမှ ဒီအန်တီထွက်လာသောအကြောင်းရင်းကိုပါ ဆောင်း တွေးမိသွားသည်။ ပြီးတော့ . . .

သူငယ်ချင်း ငါးယောက်၊

သမီးနဲ့အတူတူ . . .

‘Y’

အခု ဆေးရုံကဆင်းတော့မှာ . . .

“အစ်ကို . . . အချိန်မရှိတော့ဘူး”

ထိုစဉ်မှာပင် . . .

“သူ့ . . . သူ့နာမည်က ဘယ်သူတဲ့လဲ”

“ရွှေရုပ် . . .”

‘ရွှေရုပ်’ ဆောင်းနှုတ်မှ တိုးတိုးလေးညည်းဖြစ်သည်။ ‘ရွှေ’ ဆိုတော့ ‘S’ မဟုတ်ဘူး . . . ‘ရုပ်’

‘ရုပ်’ ဆိုတော့ ‘Y’

အဲ . . . နည်းနည်းဟုတ်သလိုရှိသွားသည်။ ဒီတော့ . . .

“သူက ဘယ်အခန်းမှာလဲ အန်တီ”

“No.36 မှာ။ ဒါနဲ့ မင်းတို့က သမီးရွှေရုပ်ကို သိလို့လား”



www.burmeseclassic.com

သူ့တိုပြန်မဖြေမိတော့ပါ။ ချက်ချင်းပဲ ပြေးထွက်ခဲ့တော့သည်။
www.burmeseclassic.com

ခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်း။

အခန်းတွေ တစ်ခန်းပြီးတစ်ခန်း။

ပြီးတော့ . . .

နောက်ပြီးတော့ . . .



# XXIV

အခန်းတစ်ခန်းရှေ့တွင် ခြေထောက်ခြောက်ချောင်းမှာ တိခနဲ ရပ်သွားပါ၏။

"ဟင်"

အခန်းထဲတွင် ဘယ်သူမှမရှိ။ အဆင်သင့်ထုတ်ပိုးပြင်ဆင်ထားသော ပစ္စည်းပစ္စယတို့မှအပ တစ်ယောက်မျှရှိမနေ။

စိုးထိတ်လှုပ်ရှားစွာ ဆောင်း အခန်းထဲသို့ ခြေချခဲ့သည်။ သို့သော် . . .

သက်ရှိဟူ၍ မတွေ့။

မရှိ။

ထိုစဉ် . . .

"ဟာ . . . ဟိုမှာ . . . ဟိုမှာ . . . ကျွန်တော့်ကို မဲထည့်နိုင်းတာ ဟိုအစ်မ။ ဟုတ်တယ် . . . သူပဲ"

"ဟင်"

'ဖျတ်' ခနဲပင် ဖော်မင်းညွှန်ပြရာဆီ အကြည့်ရောက်မိတော့ . . .

'ဒုန်း' ခနဲမြည်အောင်ပင် ရင်ခုန်သံမှာ ကျယ်လောင်သွားပါတော့သည်။



www.burmeseclassic.com

အခန်းနှင့်ကပ်လျက် လေသာတန်းလျှ[illegible] . . .

www.burmeseclassic.com

နေရောင်ခြည်က ရိပ်ရိပ်လေးထိုးကျနေသည်။

လေပြေက ဆံနွယ်လွင့်ရုံလောက်လေး။ သွဲ့သွဲ့ဖွဲ့ဖွဲ့ တိုက်ခတ်နေပါ၏။

ဆောင်း သိလိုက်ပြီ။

ခက်ဆစ်၏ပုစ္ဆာမှအဖြေ 'Y' ကြောင့်လား?

မဟုတ်။

ဒါဆို ဇော်မင်းညွှန်ပြရာ ခိုစာပိုင်ရှင်ကြောင့်လား?

မဟုတ်။

နှလုံးသားချင်း၊ ရင်ခုန်သံချင်း ရင်းနှီးနေသော . . .

Thinking လှလှလေးတွေဖြင့် သူ့ကိုဖမ်းစားနိုင်သော . . .

သူကိုယ်တိုင်က အမှန်တကယ်ချစ်မြတ်နိုးသွားသော . . .

ကောင်မလေးဖြစ်မှန်း တပ်အပ်သေချာသိလိုက်ရသည့်အတွက်ကြောင့်သာ . . .

အချစ်ဟူသည်

မတွေ့၊ မမြင်၊ မကြားပေမဲ့
သိစိတ်တစ်ခုက "သူ" ဟု သိလျှင်
နှလုံးသားချင်း နီးလို့ရနေသည် မဟုတ်ပါလား . . .

• • •

'ဖျောက်'

တံခါးပွင့်သွားသည်။



# XXV

"ရွှေရုပ်"

တိုးရှုရှသူ့ခေါ်သံကြောင့် ကျောပေးနေသော ကောင်မလေး၏ဆံပင်တွေ ခါခနဲဝဲသွားသည့်အခိုက် . . .

အလှစစ်တစ်ခုကို သူမြင်တွေ့လိုက်ရသည်။

ကြည့်စမ်း . . . အရမ်းချစ်စရာကောင်းသည့် ကောင်မလေး၏နာမည်နှင့်လိုက်အောင်ပင် ရွှေရုပ်လေးတမျှ လှပသူ။

သူ အကြိမ်ကြိမ် အခါခါ မျှော်မှန်းရူးသွပ်နေရသော ရင်ထဲမှချစ်သူသည် ဒီကောင်မလေးပါလား၊

"ကိုယ် မင်းအချစ်ကို လက်ခံပါတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တစ်ခါတည်း အဖြေပေးလိုက်မယ်။ ကိုယ်လည်း မင်းကိုချစ်တယ်"

သူ့စကားကြောင့် ရွှေရုပ်မျက်လုံးလေးပြူးကာ အံ့သြသွားသည်။ ပြီးမှ တစ်ခုခုကိုတွေးမိသွားသလို ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့သွားပါ၏။ ပြီးတော့ မျက်လွှာလေးကို ချစ်စရာချရင်း . . .

"သူ့ကို ဘယ်သူက ချစ်တယ်ပြောလို့လဲ"

"လွန်ခဲ့တဲ့ခြောက်လလောက်ကတည်းက ကိုယ့်မွေးနေ့တိုင်း စာတိုက်ကနေ မင်းထည့်ထည့်ပေးနေတဲ့ စာတစ်ကြောင်းရဲ့အဓိပ္ပာယ်ကို ကိုယ်ဖော်တတ်သွားပြီ။ ခနဲ့ပေါက်ခံရသောခွေးတစ်ကောင်ဟာ လိုဗ္ဗီလို့ အော်ပြီးရူးသွားတယ်ဆိုတဲ့ စာသားလေ"

ထိုအခါမှ အရှက်သည်းလွန်းစွာ ခေါင်းကို အသည်းအသန်ငုံ့လိုက်သောကောင်မလေးကိုကြည့်၍ . . .

"ကိုယ်လည်း အဲဒီအချိန်ကတည်းက မင်းကို စချစ်မိနေတာပဲ ရွှေရုပ်ရယ်"

"ယုံရမှာလား"

မပွင့်တပွင့်ပြောသည်။ ထိုအသံလေးက အနည်းငယ်တုန်ရီနေပါ၏။ သူမရင်တွေ ခုန်နေပေပြီ။ ထို့အတူ သူလည်း အဆမတန် ရင်တွေခုန်နေပါ၏။ ဆောင်း အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်လိုက်သည်။ ပြီးတော့ . . .

"ကိုယ် မင်းကို တကယ်ချစ်ခဲ့တယ်ဆိုတာကို ကိုယ်တင်မဟုတ်ဘူး လူတစ်ယောက်ကပါ ကိုယ့်ဘက်က လက်မှတ်ထိုးထောက်ခံပေးထားတယ်။ ရော့ . . ."

ထိုစာရွက်က မကြာခင်ကတင် ခက်ဆစ်ရေး၍ လက်မှတ်ထိုးပေးလိုက်သောစာရွက် . . .

သူကမ်းပေးသောစာရွက်ကို ရွှေရုပ်က တုန်ရီနေသောလက်အစုံဖြင့် လှမ်းယူသည်။



ပြီးတော့ ကြည့်သည်။ ရွှေရုပ်မျက်နှာလေးမှာ တဖြည်းဖြည်း ပန်းရောင်သွေးတို့ ယှက်ထွေးလွှင့်ဖြာ ကျလာပြီးသည့်နောက် . . .

နှုတ်ခမ်းတစ်ဖက်ကို အချိုးကျနစွာကိုက်လိုက်ရင်း . . .

"လူလည်ကြီး . . . သွား . . . "

(ကျွန်တော်လားဗျာ . . . သွားမှာ။ ဒီတော့ ပေါ်တင်ပဲ မျက်နှာပြောင်တိုက်ပစ်လိုက်တယ်)

"ဟီး . . . ဟီး . . . သွားဘူး"



www.burmeseclassic.com

www.burmeseclassic.com

# XXVI

Thinking ဆိုင်ထဲတွင် ဖြစ်သည်။

ဒီနေ့သည် လကုန်ရက်။ ရှင်းရှင်းပြောရလျှင် Thinking ဆိုင်၏ ထုံးစံ Thinkingboard လွှဲပွဲနေ့။

ဒါပေမဲ့ အရင်အကြိမ်များစွာထက် ယခုတစ်ကြိမ်က လူပိုစည်နေသည်။ အကြောင်းကား . . .

တစ်လတိတိ အဖြေရှာမရသော Thinkingboard မှစာသားကို ယနေ့ရှင်းပြထားသည်။

အရင်လများဆိုလျှင် မဲဖောက်ပြီးတိုင်း ပိုင်ရှင်ကရှင်းပြသော်လည်း ယခုလမှာတော့ အကြောင်းကြောင်းကြောင့် ယခုမှ ရှင်းပြခွင့်ရခြင်းဖြစ်ပါသည်။



ဒါပေမဲ့ အားလုံးသောပရိသတ်များမှာ အတွေးအခေါ် အသစ်အဆန်းတစ်ခုကို သိလိုက်ရသဖြင့် ပျော်ရွှင်ဟန်တွေပြနေကြသည်။

ပြီးတော့ Thinkingboard ကိုလည်း ခဏခဏကြည့်သည်။

အကယ်၍ သင်သာ Thinking ဆိုင်ထဲတွင်ရှိနေလျှင် သင်လည်းပဲ Thinkingboard ကို ကြည့်နေမှာသေချာသည်။

အဘယ်ကြောင့်နည်း ?



www.burmeseclassic.com

www.burmeseclassic.com

ခဲနဲ့ပေါက်ခံရသော ခွေးတစ်ကောင်ဟာ လိုဗွီလို့အော်ပြီး ရှုးသွားတယ်။

ခဲနဲ့ပေါက်ခံရသောခွေးဟာ ဘယ်လိုအော်မလဲ?

"အိုင်" → I

(မှတ်ချက် – ကိုယ်တိုင်ပေါက်ကြည့်နိုင်သည်)

လိုဗွီဆိုတာ ဒီလို LO = လို VE = ဗွီ → Love

ရှုးသွားတယ် → You

အဲဒီတော့ . . .

**I Love You.**



# XXVII

စားပွဲဝိုင်းတစ်ဝိုင်းတွင် လူလေးယောက်ထိုင်နေသည်။ သူတို့က ငယ်ငယ်ကတည်းက ပေါင်းလာသော အရမ်းချစ်ကြသည့် သူငယ်ချင်းတွေဖြစ်သည့်အပြင် Thinkingboard မှစာသားကို စွန်ဦးတီထွင်သူများလည်းဖြစ်ပါ၏။

အရင်တုန်းက ငါးယောက်။ ဒါပေမဲ့ ဆေတန်ဆိုသော မိန်းကလေးတစ်ယောက်မှာ လောကကြီးကို လက်ပြနှုတ်ဆက်သွားပြီဖြစ်သဖြင့် လေးယောက်သာကျန်တော့ခြင်း ဖြစ်ပါ၏။

ထိုကျန်သောလေးယောက်က . . .

ခက်ဆစ်၊ 'ဘာလာလာ ဒါပဲ' မှ ရာဇာ၊ 'Kiss' မိနီမားကက်မှ သွယ်ဖြူ နှင့် ရွှေရုပ်။

ဒါပေမဲ့ ဆေတန့်နေရာတွင် လူတစ်ယောက် အစားထိုးဝင်ရောက်လာသည်။ အဲဒါက ဆောင်း ဆိုသော ကျွန်တော်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ကျွန်တော်က သူငယ်ချင်းအဖြစ် [illegible] ပါ။

ရွှေရုပ်၏ချစ်သူတစ်ယောက်အနေနှင့်။

ထိုစဉ်မှာပင် . . .

"ဒီတစ်လအတွက် Thinkingboard ပိုင်ရှင်အဖြစ် မဲပေါက်သူကတော့ Triangle အထူးကုဆေးခန်းမှ ဒေါက်တာစည်သူဖြစ်ပါတယ် ခင်ဗျာ"


လက်ခုပ်သံတွေဆူညံသွားသည်။ မိုးက ဆက်ကြေညာပါ၏။

"ဒေါက်တာစည်သူ မဲထည့်တဲ့အတွေးအခေါ်က ခြောက်ဆယ်နဲ့ခြောက်ဆယ်ပေါင်း . . . တစ်ရာ့ရှစ်ဆယ်ဆိုတဲ့ သင်္ချာအတွေးအခေါ်လေးပဲဖြစ်ပါတယ်။ ရှင်းလင်းပြပေးဖို့ ဒေါက်တာစည်သူ့ကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ"


မကြာခင်မှာပင် ဒေါက်တာစည်သူတစ်ယောက် အားလုံးရှေ့ရောက်သွားသည်။ ပြီးတော့ . . .

အသစ်ဖြစ်သွားသော Thinkingboard ပေါ်တွင် ဒေါက်တာစည်သူရေးလိုက်သည်ကား . . .

60 + 60 = 180




အတွင်းထောင့်
သုံးထောင့်ပေါင်းခြင်း



= Triangle



[illegible] ဒေါက်တာစည်သူသည် သူ့အလုပ်လုပ်ရာ ဆေးခန်း၏နာမည်အား သင်္ချာအတွေးအခေါ်ပေါင်း၍ မဲထည့်လိုက်ခြင်းဖြစ်ပေတော့သည်။

သို့းဆောင်း

မြန်မာစံတော်ချိန် ည ဆယ့်တစ်နာရီနှင့် ဆယ့်နှစ်မိနစ် ရှိပါပြီခင်ဗျာ။



www.burmeseclassic.com